www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ပျော်ရွှင်

ကောင်းသူထိပ်

ကောင်းသူထိပ်



DESIGN T...IN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၈၁၄၉၈၁၂၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၁၄၀၁၁၂

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဇွန်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ချစ်မျှားရှင်
မကောင်းသူထိပ် ကောင်းသူထိပ်/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) မကောင်းသူထိပ် ကောင်းသူထိပ်

BURMESE CLASSIC

လူတစ်ယောက်ဟာ လက်ထဲမှာ ခဲတစ်လုံးကိုကိုင်ပြီး မြိန်မြိန်ကြီး ပြုံးနေတယ်။ ထိုအတွက် ပစ်မှတ်ကတော့ . . .

"ကဲ . . . လာကြကွ၊ မကောင်းသူထိပ် ကောင်းသူထိပ်"

"ဖိုး . . ."

ခဲလုံးကို ပစ်ထည့်လိုက်တယ်၊ အမှောင်ထဲကိုလေ . . .။

"ဒေါင်"

အမှောင်ထဲက တစ်ခုခုကို ထိသံကြားရတော့ . . .။

"အဟား . . . အဲဒါ ငါကွ"

လက်သီးလက်မောင်းတန်းပြီး အားရဝမ်းသာ ထအော်လိုက်လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တစ်ထပ်တိုက်အိမ်လေးတစ်လုံးက တိတ်တိတ်ဆိတ်ဆိတ်ပဲ ရှိနေပါတယ်။ သူ့ကို ပတ်ကာထားတဲ့ခြံဝင်းဟာလည်း သူ့အတိုင်း တိတ်နေတာပဲ။ အဲဒီလိုပဲ ခြံရှေ့လမ်းကလည်း တိတ်ဆိတ်နေတာပါပဲ။

ပြောရမယ်ဆို ငြိမ်းချမ်းနေတဲ့သဘော။ ဒါပေမဲ့ ခဏပါပဲ။ အတော်ကြာတော့ စက်သံတဝီဝီ၊ ဘော်ဒီသံဂတ်ဂတ်နဲ့ အငှားကားတစ်စီး ခြံလေးရှေ့ ထိုးရပ်သွားတယ်။

ကားက အတော်အိုနေသလို ကားမောင်းသမားကလည်း ပြောင်နေပြီ။ နဖူးပြောပါတယ်။ နောက်ခန်းထဲကနေ ကောင်မလေးတစ်ယောက် ဆင်းလာတယ်။ တံခါးကိုဟပြီး အထဲက အထုပ်နှစ်ထုပ်ကိုယူတယ်။ ပြီး ကားတံခါးကို ဆောင့်ပိတ်လိုက်ပြန်တယ်။

အထုပ်တွေကို လမ်းဘေးချလို့ အခုမှ စိတ်သက်သာသွားတဲ့ဟန်နဲ့ သက်ပြင်းချတယ်။ ကားရှေ့နားသွားပြီး…

'ဦးလေး… ရော့ ကားခ'

'အေးကွယ်'

ကားခပေးရင်း တစ်လက်စတည်း မိန်းကလေးပီပီ စပ်စုတယ်။

'ဦးလေး ဒီကားကို မောင်းတာ ကြာပြီလား'

'ဟာ… ကြာပြီပေါ့ကွယ်၊ ဦးလေး အသက်(၂၀)လောက်ကတည်းက ဘာဖြစ်လို့လဲကွဲ့'

ကောင်မလေးက ကားကို မဲ့လို့ ကြည့်တယ်။ ကားက အင်ကျင်နဲ့ ဘီးပါလို့သာ ကားလို့ခေါ်ရတာ။ ကားရုပ်ပင်မပေါ်တော့။

www.burmeseclassic.com



'ဩော်… ဒီကားက ဘာအမျိုးအစားလဲဟင်'
'ဆီဒင်ကွဲ့… အဟဲ… ဦးတို့ ငယ်ငယ်ကတည်းက ရှိနေတာ'
'ဦးလေး အသက် အခု ဘယ်လောက်ရှိပြီလဲ'
'အင်း… (၅၂)ကွဲ့'
'ဒါဆို ဒီကားရဲ့သက်တမ်းက နည်းမှာ မဟုတ်ဘူးနော်'
ပြောတော့ ဦးလေးကြီးက ဂုဏ်ယူသွားပုံရတယ်။
'ဒါပေါ့ တူမရဲ့၊ ကြာပြီပေါ့'
'ဩော်… ကျွန်မရဲ့ အဘေးလောက်ရှိပြီးပေါ့နော်'
'ဟာ… ဒါပေါ့ကွဲ့၊ ဘာလဲ… ဒီကားကို သဘောကျလို့ လား'
'မဟုတ်ပါဘူး ကျွန်မ တစ်ခုမေ့သွားလို့'
'ဟင်… ဘာလဲ'
စိတ်ဝင်တစားမေးတော့ ကောင်မလေးက…
'ဒီကားပေါ်မတက်ခင်ကတည်းက ကားကို ကန်တော့ဖို့လေ'
'ဟေ…'
မျက်ပြူးကြီးနဲ့ အံ့ဩသွားတဲ့ ဦးလေးကြီးကို ကြည့်လို့ ပြုံးတယ်။

'ဟုတ်တယ်လေ၊ ဒါလောက် အသက်ကြီးနေမှတော့ ကန်တော့ စီးရမှာပေါ့၊ ဒီမှာ ဦးလေး ကားအမြန်လဲရင်လဲ၊ မလဲရင် ဘယ်သူမှ စီးမှာ မဟုတ်ဘူး၊ ဒါလောက် စုတ်ပြတ်နေတာ၊ အသံကလည်း ကျယ်…၊ မီးခိုးကလည်း အူ၊ စီးတဲ့လူတွေ ကြာရင် နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကို ရောက်ကုန်မယ်'

'ဩော်… အဲ… ဒီကလေးမတော့ ငါက အကောင်းပြောတယ် မှတ်တာ၊ နင်ဘာသိလဲ… ကားအကောင်းမောင်းချင်ရင် ဘွဲ့ကရဦးမှ၊ အဲဒီကား မတော်တဆ ထိမိရင် လျော်နိုင်တဲ့ အင်အားရှိဦးမှ၊ ဟဲ့… လွယ်တာမဟုတ်ဘူး'
'ဩော်…'
ပြန်တော့ မျက်လုံးပြူးလေးနဲ့ ကြောင်နေတယ်။
'မရှိလို့ တက္ကစီမောင်းစားပါတယ်ဆိုမှ နင်ကတစ်မျိုး၊ တော်ပြီ… နောက်တစ်ခါ နင့်ကို မတင်တော့ဘူး၊ ဟွန်း… ငါ့ကားကို ကဲ့ရဲ့ထားတာ'





ပြောရင်း မျက်စောင်းထိုးလို့ ကားစက်ကို နှိုးတယ်။ စိတ်ဆိုးပြီး လှည့်ကို မကြည့်တော့ဘူး။
'ဝူး… ဟူး… ဟူး… ဖွတ်…'
နောက်က မီးခိုးအလုံးလိုက်ထွက်ပြီးသကာလ ချောင်းတစ်ချက် ဆိုးလို့ စက်သေသွားတယ်။ တက်တစ်ခေါက်ခေါက်နဲ့ပဲ။ တော်ကြာမှ အသံဆိုးကြီးနဲ့ စက်နှိုးပြီး မောင်းထွက်သွားတယ်။ ပတ်ဝန်းကျင်မှာ မီးခိုးလုံးကြီးနဲ့အတူ လေယာဉ်သုံးစင်းလောက် တစ်ပြိုင်တည်း မောင်းသွားသလို အသံကြီး ကျန်ခဲ့တော့တာ၊ သေချာတာကတော့ တစ်ရပ်ကွက်လုံးမှာရှိတဲ့ ခြင်တွေ အကုန်ပြေးရပြီမှတ်။

ကောင်မလေး မျက်နှာလေးမဲ့ နှာခေါင်းလေးပိတ်ရင်း ကျန်ခဲ့ တယ်။

'ဟွန်း… ငါက အရှိကို အရှိတိုင်းလည်း ပြောရသေးတယ်၊ သူ့ကားကြီးစီးပြီး နားပါ အူနေပြီ၊ ဟွန်း… အသံပေါင်းကို စုံနေတာပဲ'
'ဟော… သက်သက်ဇင်၊ တူမလေး ရောက်လာပြီကိုး၊ ရော့… ခြံနဲ့အိမ်သော့'
'ဩော်… အန်တီထား… အခုပဲ လာတော့မလို့'
ဘေးခြံက အန်တီကြီး သော့ယူပြီး လာပေးတယ်။ သက်သက် ဇင်က သော့ကိုယူပြီး ပြုံးလိုက်တယ်။ အန်တီထားက ဒီတိုက်လေးရဲ့ ပိုင်ရှင်။ သက်သက်ဇင်အမေရဲ့ သူငယ်ချင်း။

သက်သက်ဇင်က မော်လမြိုင်ဇာတိ။ ရန်ကုန်မှာ ကျောင်းနေနေ တော့ အဆောင်တွေမှာလည်း မနေချင်တာနဲ့ အမေဖြစ်သူအဆက်နဲ့ ဒီအိမ်လေးကို ငှားနေတာ။ တကယ်တော့ ဒီအိမ်က ငှားတဲ့အိမ် မဟုတ်ပါ။ ဒါပေမဲ့ အန်တီထားက ခင်မင်မှုနဲ့ ပေးငှားထားတာ။

'သမီး မေမေ ဖုန်းကြိုဆက်ထားလို့ သမီးလာမယ်ဆိုတာ ကြိုသိ တယ်၊ ဒါနဲ့ ဟိုကောင်မလေး သုံးယောက်ရော'

'သိပါဘူး၊ သူတို့က တစ်နေရာစီဆိုတော့ လာရင်လည်း တစ်ွေ စီပဲပေါ့၊ ဩော်… နောက်ပြီးမှပဲ အမေပေးလိုက်တဲ့ လက်ဆောင်တွေ ယူတော့'
'ရပါတယ်ကွယ်၊ အန်တီလည်း ကူသယ်ပေးမယ်… လာ'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်··· အားနာစရာကြီး'

ပါးစပ်ကသာပြောတာ လူကတော့ ဘာမှမသယ်ဘဲ ခြံသော့ကို သွားဖွင့်တယ်။ အန့်တီထားက အထုပ်နှစ်ထုပ်ကို အံ့ကြိတ်ပြီး မ,လာရတာယ်။ အေးလေ၊ လက်ဆောင်လိုချင်တော့လည်း မ,ပေါ့။ သက်သက်ဇင် သော့ကိုဖွင့်လို့ အထဲဝင်လိုက်တယ်။ အထုပ်တစ်ခုကိုဆွဲပြီး အိမ်ဘက်ကို လာခဲ့တယ်။

'ရပြီ အန့်တီ၊ ကျေးဇူးပဲ'

'အေး··· အေး ဟိုမယ်မင်းကြီးမတွေ့ကတော့ ညည်း အိမ်ကို သန့်ရှင်းရေးလုပ်ပြီးမှ လာမယ့်ပုံပဲ'

'သူတို့က ဒီလိုပဲ၊ အင်းလေ··· လူလေးတွေကလည်း လုတာဆိုတော့ ဘယ်လုပ်ချင်ပါ့မလဲ'

'အမယ်··· ညည်းလေးလည်း လုတာပဲ'

အန့်တီထားက အသေအချာကြည့်လို့ပြောတော့ ရှက်နေတယ်။

'ဒါပေမဲ့ သူတို့ကိုတော့ မမီဘူး၊ ထားပါ··· သမီးက ဒါလောက်လေး လုပ်ရတာ မပင်ပန်းပါဘူး၊ ဖုန်လေးဘာလေးပဲ ရှိမှာပါ'

'အေးကွယ်··· သမီးလေးက စိတ်ကောင်းရှိတယ်၊ ဒီတော့ လင်ကောင်းသားကောင်း ရမှာပေါ့၊ ကဲ··· ပြန်ပြီ'

'ဟုတ်'

အန့်တီထားက ပြုံးလို့ ပြန်သွားတယ်။ သက်သက်ဇင် ပြုံးသွားတယ်။ ဘယ်မိန်းကလေးပဲဖြစ်ဖြစ် လင်ကောင်းသားကောင်းတော့ ရချင်တာပဲမို့လား။ ဒီအိမ်ကိုငှားတုန်းက တစ်ယောက်တည်းပဲ။ နောက် ကျောင်းတက်တော့မှ အပေါင်းအသင်းသုံးယောက်ရတယ်။ သူတို့ကလည်း ကိုယ့်လိုနယ်ကပဲဆိုတော့ ကိုယ်ချင်းစာပြီး အတူခေါ်ထားတာ။ အန့်တီထားကလည်း ထားရှာပါတယ်။

အိမ်လခတော့ လေးယောက် မျှခံတယ်။ အစားအသောက်ကိုတော့ မိန်းကလေးတွေပီပီ တစ်ယောက်တစ်လှည့်ချက်တဲ့အခါ ချက်။ အားလုံးစုချက်တဲ့အခါချက်ပေါ့။ ဒါပေမဲ့ ဆိုင်မှာ စားတာ အများဆုံးပဲလေ။ ပျော်စရာတော့ အကောင်းသား။ တကယ့် ညီအစ်မတွေလိုပဲ။ ဒါပေမယ့် ဟိုသုံးယောက်က ပိုလှသလို ပိုပြီးမာနကြီးကြတယ်။ ပြီးတော့ နေရာတကာ





ပြိုင်ကြတာ။ သက်သက်ဇင် အတွေးနဲ့အတူ အိမ်ထဲဝင်လိုက်တယ်။ အထဲမှာ ထွေထွေထူးထူးရှင်းစရာမရှိပါ။ ဒါနဲ့ အထုပ်တွေကိုချပြီး ထိုင်လိုက်တယ်။ အိမ်က အိပ်ခန်းတစ်ခန်း မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ ဒါပဲ။ ကျန်တာ ဟောခန်းတစ်ခန်းနဲ့ ဧည့်ခန်း။

အိပ်ခန်းထဲ ဘယ်သူမှမအိပ်ပါ။ ပျော်ပျော်ပါးပါး လေးယောက်ပေါင်းပြီး ဟောခန်းထဲမှာ စုအိပ်ကြတယ်။ အိပ်ခန်းထဲမှာ အဝတ်အစားနဲ့ တွေလီကာလီတွေထားကြတယ်။ အိမ်ထဲကို ဝေ့ကြည့်ရင်း ရှင်းစရာရှိတာ ရှင်းမှတွေးလို့ ထရပ်လိုက်တယ်လေ။

❖ ❖ ❖

နောက်တစ်နေ့မှာလည်း ဒီလိုပဲ အိမ်လေးဟာ တိတ်နေဆဲ။ ခြံလေးကလည်း တိတ်ဆိတ်နေမြဲ။ အိမ်ရဲ့ တံခါးတွေဖွင့်ထားလို့သာ လူရှိနေမှန်းသိရတာ။

သက်သက်ဇင် လုပ်စရာရှိတာလုပ်ပြီးလို့ ဆိုဖာရှည်ပေါ် လှဲလိုက်တာ မျက်နှာကြက်ကိုကြည့်ရင်း ပြုံးလိုက်တယ်။

မနှစ်က တစ်နှစ်လုံး ဒီအိမ်လေးမှာပဲ နေခဲ့ရတော့ ဒီအိမ်လေးကို လွမ်းနေခဲ့တာ။

'ကဲ··· အိမ်လေးရေ··· မင်းတစ်ယောက်တည်းဆို အေးချမ်းပြီး ဖျင်းစရာကောင်းမှာပေါ့နော်၊ ခစ်··· ခစ်၊ ငါလာတာကလည်း သိပ်မဆူဘူးမို့လား၊ အင်း··· မင်းပျင်းလှ တစ်ရက်ပေါ့၊ နောက်နေ့ ဟိုကောင်တွေ ရောက်လာရင် မင်းနားငြီးဖို့သာပြင်၊ အဟင်း···'

မိန်းကလေးပီပီ တစ်ယောက်တည်းနေတာတောင် စကားက များသေးတာ။ အေးလေ··· စကားများမှပဲ မိန်းမပီသပေမှာပေါ့။

တစ်ယောက်တည်း ပြုံးနေတယ်။ အိမ်မှာဆို အငယ်ဆုံး။ ဒီတော့ ဟိုလူက ခေါင်းခေါက်လိုက်၊ ဒီလူက ဟောက်လိုက်နဲ့ နေရတော့မှာလေ။

အတွေးနဲ့ ပြုံးနေတုန်း အသံတစ်သံကြားမိပြီး မဲ့သွားတယ်။ ဒါနဲ့ တပျာကယာထပြီး ပြတင်းပေါက်က ချောင်းကြည့်လိုက်တော့ ထင်တဲ့အတိုင်း အငှားကားတစ်စီး ရပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲကနေ ခပ်ဟော့ဟော့ ဝတ်ထားတဲ့ ကောင်မလေးတစ်ယောက် ဆင်းလာတယ်။ လက်ထဲမှာလည်း Hand Phone က ကိုင်ထားသေးတာ။

သူက မန္တလေးသူ သီရိတဲ့။ လှသလို မာနကလည်း ကြီးတယ်။ အဲ… ဟိုဘက်တံခါးဖွင့်ပြီး နောက်တစ်ယောက် ဆင်းလာတယ်။

သူက တောင်ငူသူ သဇင်နွယ်။ အသားလတ်လတ်နဲ့ အတော်ချောတဲ့ ငနဲမ။ သူလည်း Hand Phone လက်ထဲ ကိုင်ထားတာပဲ။ ကျန်လက်တစ်ဘက်စီနဲ့ အထုပ်အပိုးတွေကို ဆွဲချကြတယ်။

ကားမောင်းသူကပါ အောက်ဆင်းပြီး နောက်ဖုံးဖွင့် အထဲက အထုပ်တွေ ဆွဲခြင်းတွေကို ယူပေးတယ်။ အထုပ်တွေများ တစ်သီကြီးရယ်လေ။ အဲဒီနောက် တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်ဟာ ချက်ချင်း ဆူညံသွားတော့တယ်။ သီရိက အိမ်ဘက်လှည့်အော်တယ်။

'ဟဲ့… အထဲက ကောင်မတွေ လာကူသယ်ပါဦးဟဲ့၊ ဒီမှာ နင်တို့ဖို့ လက်ဆောင်တွေ ပါတယ်'

တောင်ငူသူ သဇင်နွယ်က မျက်စောင်းထိုးတယ်။

'သီရိရယ်… နင်ဟယ်… ကျောင်းလာတက်တာလား၊ အိမ်ပြောင်းလာတာလား ကြည့်စမ်း ပစ္စည်းတွေ များမှများ၊ အတော်သယ်နိုင်တာပဲ'

'အံမယ်… ညည်းဟာတွေရောလေ ကောင်မရဲ့'

'ငါဟာက နှစ်ထုပ်တည်းပါ'

'အို… ဘာဖြစ်ဖြစ် ပါတာပဲပေါ့၊ ငါက နင်တို့အတွက် ပိုယူခဲ့ရလို့ များတာ'

နှစ်ယောက်သား စလာကတည်းက ပြိုင်နေကြပြီ၊ ခေါင်းကုတ်ရင်းကြည့်နေတဲ့ ကားသမားကို ပိုက်ဆံပေးပြီး အထုပ်တွေကို ကြည့်နေတယ်။

'ဟယ်… အိမ်ထဲက ကောင်မတွေ၊ သေကုန်ကြပြီထင်တယ်၊ ဟဲ့… မိသက်… သဲသဲ ကောင်မတွေ ခေါ်မကြားကြဘူး၊ ကြည့်စမ်း'

'ဟုတ်ပါ့'

ဒါနဲ့ပဲ ခါးထောက်ပြီး အိမ်ထဲကို ကြည့်ကြတယ်။ အိမ်ထဲက



အသံသဲ့သဲ့ပင် ပေါ်မလာပါ။ အန်တီထားလည်း ဒီတစ်ခါတော့ ပါးသွားပြီထင်တယ်၊ အရိပ်အယောင် မတွေ့ရ။

အထုပ်တွေကလည်း များတာလေ။ ဒါနဲ့ သီရိက ဆွဲခြင်းကြီးရဲ့ တစ်ဖက်ကိုင်းကိုဆွဲကာ…

'သဇင်… နင်တစ်ဖက်ဆွဲဟာ… လာ'

'ဟဲ့… တစ်ယောက်တစ်ခြင်းသယ်လည်း ရတာပဲ'

'ငါ့လက်တစ်ဘက်က Hand Phone နဲ့ မအားဘူးလေဟယ်'

'ဘာ…'

ကြွားစရာမရှိ မိန်းကလေးပီပီ ကပ်ကြွားတော့ ဟိုက တင်းသွားတယ်။

'အဲဒါ နင့်ဘောင်းဘီအိတ်ထဲ ခဏထည့်ပေါ့'

'နင်မသိပါဘူး…၊ ဖုန်းလာရင် အလွယ်ပြောလို့ရအောင် ကိုင်ထားတာ၊ ကဲ… လာပါဟယ် သက်တောင့်သက်သာပေါ့'

'ဟွန်း…'

သဇင်နွယ် မျက်စောင်းကို ဗုန်းပေါလအောထိုးလို့ တစ်ဖက်ကိုင်းကို ဝင်ဆွဲတယ်။ ပါးစပ်ကလည်း ပလစ်ပလစ်နဲ့ ပြောနေသေးတာ။

နှစ်ယောက်သား ခြင်းကြီးကို ဆွဲပြီး ရှုံ့မဲ့ဝင်လာကြတာ ဆိုဖာပေါ်မှာ ပက်လက်လေး အိပ်နေတဲ့ သက်သက်ဇင်ကို တွေ့တော့မှ တင်းသွားကြတယ်။

'ဟယ်… ကောင်မကြည့်စမ်း၊ ဒါလောက် အော်ခေါ်တာတောင် မနိုးဘူး'

သဇင်နွယ်က ခါးထောက်ရင်းပြောတော့ သီရိက…

'အေးလေ… အိပ်နေတာကိုက အလှူကြီးပေးနေသလိုပဲ… တွေ့မယ်'

ပြောပြီး သက်သက်ဇင်ကို သေသေချာချာ ငုံ့ကြည့်တယ်။ အိပ်ပျော်နေတယ်ဆိုတဲ့ မျက်နှာက ရယ်ချင်နေတဲ့ပုံ။ ဒါနဲ့ ဗိုက်ကြေးကို ညှိမ်ဆွဲလိုက်တယ်။

'ဟယ်… အားလား… နာတယ်ဟဲ့၊ ခစ်… ခစ် လွှတ်နော်'

အိပ်ချင်ယောင် ဆောင်နေရာကနေ တွန့်လိမ်လို့ရယ်ရင်း ထထိုင်

www.burmeseclassic.com



တယ်။ မျက်စောင်းထိုးနေကြတာကိုကြည့်ပြီး သက်သက်ဇင်က သွားဖြီးလေးနဲ့ ပြုံးပြတယ်။

'အဟီး'

'ဘာအဟီးလဲ၊ နင် တမင် မသိချင်ယောင်ဆောင်နေတာမို့လား'

'အေး... အထုပ်ကူသယ်ရမှာစိုးလို့'

'မရဘူး၊ သယ်ရမယ်... လာပါဟယ်... တော်ကြာ ငါတို့ဟာလေး သူများ မသွားမယ်'

'ကုန်သွားတော့လည်း အသယ်ရ သက်သာတာပေါ့'

'အံမာ... လာ... နင်တို့ဖို့ ထိုးမုန့်နဲ့ ပိတ်စတွေ ပါတယ်၊ လာပါဟာ'

ဒါနဲ့ပဲ သုံးယောက်သား ဆူညံသွားကြတယ်။ ပစ္စည်းတွေကို ခေါက်တုံ့ခေါက်ပြန် သယ်ရင်း ပါးစပ်ကိုလည်း အအား မထားကြဘူး။ သီရိက...

'သဲသဲ မလာသေးဘူးပေါ့'

'အေးလေ... ဒီအောက်သူက နီးနီးလေးဟာကို'

သဇင်ကလည်း ထောက်ခံတယ်။ ပုသိမ်သူ သဲသဲစုက ဒီလိုပဲ။ နောက်ဆုံးမှ ရောက်ရောက်လာတတ်တာ။ သက်သက်ဇင်ကတော့ ဘာမှ မပြောဘူး။

သယ်ပြီးတဲ့အခါ ဆိုဖာတွေပေါ် ခြေပစ်လက်ပစ် ထိုင်ကျသွားကြတယ်။ သက်သက်က မေးတယ်။

'နေပါဦး... မန္တလေးသူနဲ့ တောင်ငူသူ ဒီတစ်ခါ အတူလာကြပါလား'

'အေး... ငါက သဇင့်ဆီ ဖုန်းဆက်ပြီး တောင်ငူဂိတ်ကနေ စောင့်ခိုင်းတယ်၊ ငါက လက်မှတ်ကြိုဖြတ်ခဲ့ရတာပေါ့၊ ခရီးသွားရတာ နှစ်ယောက်ဆိုတော့ စကားပြောဖော်ရတာပေါ့'

'သြော်... နင်ပြောပုံက တခြားခရီးသည်တွေကပဲ စကားမပြောတတ်တာလို'

'ဟဲ့... ငါပြောတာက အချင်းချင်းကို ပြောတာ၊ အမယ်လေး... မောပါ့တော် ကောင်မ၊ ညည်းဘာချက်ထားလဲ၊ ဗိုက်ဆာလာပြီ'





'အေး... ငါလည်း ဆာတယ်တော့'

သက်သက်ဇင်က အထက်သူနှစ်ယောက်ကို မျက်စောင်းထိုးတယ်။ ဒီငတိမနှစ်ယောက်က အစားတအားမက်တာ။ လူကြည့်တော့ လှလှလေးတွေ။ အံမယ်... အကြောင်းမသိလို့သာ၊ အကြောင်းသိရင် ဘယ်သူမှ ကြိုက်မယ် မထင်။ လူတွေကလည်း အစားကြီးတယ် မထင်ရအောင် သွယ်သွယ်လှလှလေးတွေ။

'ငါက နင်တို့ မရောက်ဘူးထင်ပြီး တစ်ယောက်စာပဲ ချက်ထားတယ်၊ ဟင်းကတော့ ကြက်ဂလီစာနဲ့ ငါးပိရည်တို့စရာ'

'ဟယ်... သွားရည်တောင် ကျလာပြီ'

သီရိက ပြောတော့ သဇင်က နံရံမှာချိတ်ထားတဲ့နာရီကို ကြည့်လို့...

'(၁၂)နာရီတောင် ကျော်ပြီ၊ သက်သက်ဇင် တကယ် တစ်ယောက်စာပဲလား'

'အေးဟဲ့... ငါတောင် အခု စားတော့မလို့ စဉ်းစားနေတာ'

'ဒါဆို မဖြစ်ဘူး၊ အရင်ဦးထားမှ'

'ဟဲ့... ငါလည်းပါတယ်'

အထက်သူနှစ်ယောက် ထမင်းစားခန်းဘက် အလုအယက် ပြေးသွားကြတယ်။ သက်သက်ဇင် ကြောင်ကြောင်လေး ကျန်ခဲ့တယ်။

'ဟဲ့... ကောင်မတွေ ရေချိုးကြဦးလေ'

'အိုး... ရေက ဘယ်အချိန်ချိုးချိုး ချိုးရတယ်၊ ထမင်းအရင်စားရင် ငတ်လိမ့်မယ်'

သက်သက်ဇင် မဲ့သွားတယ်။ လမ်းမကြီးနဲ့ဝေးတော့ စားသောက်ဆိုင်တွေနဲ့ မနီးပါ။ ဗိုက်ကလည်း ဆာပြီဆိုတော့ ညစ်ဆဲဆဲလိုက်တော့တာ။

'ကြည့်စမ်း... ညစ်ပတ်အိုး... အငတ်မျိုး၊ ဟဲ့... ရှုပ်ပေါ မြေးမတွေ၊ ကဲ... မျိုကြ... မျိုကြ... အဲသမှာ အသေစားကြ'

ဒါလည်း မနာဘူး ခိုးခိုးခစ်ခစ်ရယ်သံတွေနဲ့အတူ အာလုပ်သံပေါ်လာတယ်။

www.burmeseclassic.com



'အမယ်လေး မသထာရေစာမို့လား မသိဘူး၊ စားလို့ ကောင်းလိုက်တာ၊ စားရဖို့ အရေးကြီးတယ်… ဟုတ်တယ်နော် သီရိ'

'အေးလေ'

သူ့ဘာသာ တိတ်ဆိတ်နေတဲ့ အိမ်လေးဟာ ကောင်မလေး တစ်ယောက်ကနေ သုံးယောက်ဖြစ်သွားတာနဲ့ပဲ ဆူညံပွက်လောရိုက်သွားတော့တယ်။

❖ ❖ ❖

'ဟိုကောင်မ သဲသဲ… ကြည့်စမ်း သန်ဘက်ခါပဲ ကျောင်းတက်ရပြီ၊ သင်းက ရောက်မလာသေးဘူး၊ ဖုန်းလည်း ကြိုမဆက်ဘူး'

'အေး… ကောင်မ လာမှတွေ့မယ်၊ နေရာတကာ နောက်ကျတာ'

အထက်သူနှစ်ယောက်ပြောတာကို သက်သက်ဇင်က မကြားဟန်ဆောင်နေတယ်။ စူပုပ်နေတဲ့မျက်နှာလေးနဲ့ ကိတ်မုန့်ကို ဝါးပြီး ကော်ဖီနဲ့ မျှောချတယ်။ မျက်နှာက စူပုပ်နေပေမယ့် သဘောထားက ကြီးပြီးသား။

ချက်ထားတဲ့ ထမင်းကို သုံးယောက်လုစားရင် ဘယ်သူမှဝမှာမဟုတ်။ ဒါနဲ့ပဲ အခု ကော်ဖီပဲ သောက်တော့တာ။ သီရိက သဇင့်ကို မျက်စလှမ်းပစ်ရင်း…

'ဟဲ့… ဟိုကောင်မ ကောက်နေပြီ၊ အဟိ'

'အေးဟဲ့… ခစ်ခစ်'

တစ်လက်စတည်း သက်သက်ကို လှည့်ပြောတယ်။

'မိသက်ရယ်… ဘာဖြစ်လဲ ထမင်းတစ်ခါတလေ မစားရတာ သေမသွားပါဘူး၊ ခဏနေရင် ငါတို့ ပြန်ချက်ကျွေးမယ်၊ ညစာ ပြောပါတယ်၊ အဟီး…'

'ဟွန်း… တစ်ခါတလေ ညည်းတို့ မစားဘဲနေပါလား၊ သူများချက်ထားတာကို လာလုစားပြီးတော့ သူကပဲ တရားပြန်လာချနေသေးတယ်၊ အငတ်မ'

'ခစ်… ခစ်'





'ဟဲ့… သွားမပြောနဲ့၊ ဒီကောင်မက နှုတ်သီးကောင်းတယ်'

'ဟုတ်လား'

စနေမှန်းသိတော့ ဘာမှမပြောဘဲ နေတယ်။ သီရိက…

'သဇင် ဒီကောင်မ နှုတ်သီးကောင်းတယ်ဆိုတာ တကယ်လား'

'နင်က ဘာလုပ်မလို့လဲ'

'နင်က အ,ဦးမယ်၊ အန်တီထားတို့ အိမ်က ဂျက်ကီကို သိတယ်မို့လား'

'အေးလေ… အရုပ်ဆိုးဆိုးနဲ့ ခွေးဘီးလူးပဲ၊ ဟဲ့… အဲဒါနဲ့ မိသက် နှုတ်သီးကောင်းတာနဲ့ ဘာဆိုင်လဲ'

'ဆိုင်တာပေါ့… ဂျက်ကီနဲ့ ပြိုင်ကိုက်ခိုင်းကြည့်မယ်လေ၊ ဘယ်သူ့နှုတ်သီးပိုကောင်းလဲဆိုတာ သိရအောင်'

'အဲလိုလား… အဟီး… ကြည့်ကောင်းမှာနော်'

ဝိုင်းလောင်ရင်း ရယ်ကြတယ်ဆိုရင်ပဲ သက်သက်လည်း စိတ်ဆိုးတာပျောက်ပြီး ပြုံးသွားတယ်။ မတွေ့တာကြာတော့လည်း ဒီလိုပါပဲ စကြနောက်ကြပေါ့။

'တီ… တီ… တီ'

'ဟဲ့… ဖုန်းလာတယ်တော့်'

နှစ်ယောက်သား လက်ထဲ ကိုင်ထားတဲ့ဖုန်းတွေကို ကြောင်ကြည့်ကြတယ်။ သူတို့ဖုန်းတွေက မြည်တာ မဟုတ်ပေမယ့် အသံကမြည်နေတုန်းပဲ။

ဒါနဲ့ သီရိက သက်သက်ကို မျက်စောင်းထိုးတယ်။

'ဟဲ့ မိသက် ညည်းဖုန်းမဟုတ်လား၊ ကိုင်လိုက်လေ'

'အေးလေ… ဘာကောင်မမှန်းမသိဘူး'

သဇင်ကလည်း ဟောက်တယ်။ သက်သက်ဇင်က မသက်မသာပုံစံနဲ့၊ အင်္ကျီအိတ်ထဲက ဖုန်းကို ထုတ်ကိုင်တယ်။ ဒီအတိုင်းပဲ ဖုန်းဆိုတော်ရုံနဲ့ မကိုင်တာ အကျင့်ဖြစ်နေပြီ။

နံပါတ်ကို ကြည့်လိုက်တော့ သဲသဲစုဖုန်း ဖြစ်နေတယ်။

'ဟယ်… မိသဲဆီက ဟဲ့… ဟဲလို'



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်စတည်း ဖုန်းကိုဖွင့်ပြီး ပြောလိုက်တော့ အသံသေးသေးစွာစွာပေါ်လာတယ်။

'အဟဲ… ငါပါ မိသက်ရဲ့… နင်တို့ ထုံးစံအတိုင်း အိမ်ကို ရှင်းပြီးပြီလား'

ကြည့်… အသံကိုက မခန့်လေးစားနဲ့။

'အေးဟေ့… မသန့်မစွမ်းမရေ၊ ကျုပ် အကုန်ရှင်းပြီးပါပြီတော်၊ ကြွလို့ရပါပြီ ဟွန်း… မပြောလိုက်ချင်ဘူး'

'အဟဲ… ဟဲ…'

ဟိုဟာလေးနှစ်ယောက်ပါ အနားလာကပ်ရင်း နားထောင်နေကြတယ်။

'နင်အခု ဘယ်ရောက်ပြီလဲ'

'အနားတော့ အတော်နီးပြီ၊ ဟိုအထက်သူမတွေရော ရောက်နေပြီလား'

'အေးဟေ့… နင့်အမေတွေ ရောက်ပြီ'

ရွှဲကာပြောတော့ ဘေးကနှစ်ယောက် ဝိုင်းဆဲကြတယ်။

'ဟယ်… ငါ့အဖေ သနားပါတယ်ဟယ်၊ ငါ့အမေတစ်ယောက်တည်းတောင် မနိုင်ဘူး၊ အဟီ… ပြောလိုဆိုလို့ ပြောပါတယ်။ အဲကောင်မနှစ်ယောက်နဲ့သာဆို ဖတ်ဖတ်မောပြီ၊ အဟဲ… ရှာကျွေးရလို့ ပြောပါတယ်၊ သင်းတို့က အစားကြီးချင်ကြီးချက်နဲ့လေ၊ တစ်ခါစား လေးလုံးတစ်အိုးပြောင်ရောဆို၊ စားလုံးကောင်းတာ ပြောပါတယ်၊ ခစ်… ခစ်…'

'ဟဲ့… မသာမ ဟင် ငပိန်မ၊ မျက်ပြူးမ၊ နင်လာခဲ့ပါ၊ လာမှ နင့်ကို ညှစ်သတ်မယ်၊ ကောင်မ ယုတ်မာတယ်'

'ဟီး… ဟီး…'

သီရိက ဖုန်းကို လုပြီးဆဲတော့ တစ်ဖက်က ရယ်နေတယ်။ ပြီးမှ ဖုန်းပိတ်သွားတယ်။ သီရိနဲ့ သဇင် အံတွေကြိတ်နေကြတယ်။

'ဟဲ့… နင်က ဘာရယ်တာလဲ'

'အေးလေ ကောင်မ… မျက်နှာကိုက'

အထက်သူမနှစ်ယောက် မနိုင်နိုင်ရာ ရယ်နေတဲ့ သက်သက်ဇင်ကို မဲတယ်။ ဒီအချိန်မှာပဲ ရှေ့တံခါးအကွယ်ကနေ ဖိနပ်သံ တဂွပ်ဂွပ်ကို





ကြားရတယ်။ သုံးယောက်သား တံခါးဆီကို ငေးကြည့်လိုက်ကြတယ်။ ဘယ်သူလဲပေါ့၊ အဲ… အိမ်ထဲဝင်လာတဲ့ လူကိုကြည့်ပြီး ပါးစပ်လေးတွေ ဟကုန်ကြတယ်။ အိတ်ကလေးတစ်လုံးကို လွယ်လို့ အိတ်ကြီးတစ်လုံးကို တရွတ်တိုက်ဆွဲလာတယ်။ ဘီးပါတဲ့ အိတ်မျိုးဆိုတော့ အသာပဲ လိုက်လာတယ်။

မျက်မှန်က အတော်ကြီးပါတယ်။ ဒါပေမဲ့ မျက်နှာသွယ်သွယ်လေးနဲ့ လိုက်ဖက်တယ်။ အင်္ကျီက ပေါင်လယ်လောက်၊ ခါးက နည်းနည်းပွတယ်၊ လက်ထဲမှာ ဖုန်းက ကိုင်ထားတယ်။

အဲ… ဖုန်းကို တမင်ကိုင်ထားတာကလည်း ဖက်ရှင်တစ်ခုလိုပဲမို့လား။ အောက်ကို ဆက်မယ်ဆိုရင်တော့ စတော်ကင်အနက်က ဒူးအောက်ဆိုတော့ ခြေသလုံးလုံးလုံးတွေက ဝင်းနေတယ်။

ဒီထက်အောက်ဆက်သွားရင်တော့ အမေရိကန်လုပ် ဒေါက်ဖိနပ်ချွန်မြင့်မြင့်လေးနဲ့လေ၊ အားလုံးကို ခြုံကြည့်လိုက်ရင်တော့ ဇော်ဇော်လှတဲ့ ငနဲမလေးပေါ့။

'ဟင်… သဲသဲစု'

'အေးနော်… မထင်ရဘူး'

'ဟုတ်တယ်၊ ဒီနှစ်မှ ကောင်မ ပိုဖွံ့ဖြိုးပြီး ပိုလှလာတယ်၊ တစ်ယောက်တစ်မျိုး ချီးမွမ်းလို့ ဝိုင်းငေးနေကြပေမဲ့ သူကတော့ ရုပ်တည်နဲ့ပဲ။

ဆတ်ဆိုရပ်ရင်း အိတ်ကြီးကို ထောင်လိုက်တယ်။ ပြီးမှ ခါးကို နဂိုထက် နည်းနည်းကော့လိုက်တော့ ဟော့… ကောက်စရာရှိတာတွေ ပိုကောက်သွားကြတယ်။ ခါးကို လက်ထောက် မျက်နှာလေးကို မော့လို့ ကော့ဂွပ်ကော့ဂွပ်နဲ့ ဆက်လျှောက်တယ်။

ကော့တဲ့ဟာက ကော့ပေါ့။ ဂွပ်ဆိုတာက ဖိနပ်နဲ့ ကြမ်းခင်းနဲ့ ထိတဲ့ အသံလေ။ အတော်ကို ခါခါယမ်းယမ်း လျှောက်ပြလိုက်တော့ ဟိုဟာလေး သုံးယောက် မျက်လုံးလေးတွေ ပြူးကုန်ကြတယ်။ ဧည့်ခန်းအဆုံးကိုရောက်တော့ တစ်ခါ ကိုယ်လေးကိုနွဲ့လို့ ဆတ်ဆို[illegible]ပြန်လျှောက်လာပြန်တယ်။ ဟုတ်ကဲ့… တွေးသာ ကြည့်ကြပါ။ [illegible]ကို ကြည့်ကောင်းမှာနော့။

ထိုင်ငေးနေတဲ့ သုံးယောက် ရှေ့ရောက်တော့ ရုပ်တည်နဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



တစောင်းလေး ရပ်လိုက်၊ တည့်လိုက် ဟိုလိုစောင်းလိုက် ဒီလို စောင်းလိုက်နဲ့ အမျိုးမျိုးပဲမျှားပြီး ပို့စ်ပေးနေပြန်တယ်။ ကြာတော့ ဟိုဟာတွေ အမြင်ကတ်သွားကြတယ်လေ။

'အဟင်း… ဘယ်လိုလဲ ကောင်မတွေ၊ ငါ့ရဲ့ body Structure မှာ မျှောကုန်ကြပြီထင်ပေ့၊ ဟင်း… ဟင်း'

သီရိနဲ့ သဇင်မျက်နှာတွေ မဲ့သွားကြတယ်။ မိန်းကလေးပဲ ကိုယ့်ထက်သာ နာလိုတာလိုက်လို့။

'ဟွန်း… ကောင်မ ကြည့်စမ်း၊ ဖလန်းဖလန်းထနေတယ်ပေါ့လေ၊ နင့်တင် နဂိုကောက်ကြီးကို ငါတို့က ဘာအားကျစရာရှိလဲ'

သဇင်က မလိုတမာပြောတော့ သီရိကလည်း…

'ဟုတ်ပ… စိတ်ကို မဝင်စားတာ၊ နင် တကယ်ပြသင့်တာက ယောကျ်ားလေးတွေကိုဟဲ့၊ ငါတို့ကတော့ နင် အဲလို ကော့ပြထားရင် ထမင်းစားပျက်တယ်'

သဲသဲက မျက်မှန်ကြီးချွတ်ရင်း မဲ့သွားတယ်။ ကော့ထားတဲ့ ခါးပါ ပြန်တည့်သွားတယ်။ သီရိက…

'ဟဲ့… နင့်ကို ဘယ်သူမြှောက်ပေးလိုက်လဲ၊ သေချာပြန်ကြည့်ဦး၊ ခုထားတဲ့ဟာတွေ'

'အေးလေ… ငါလည်း ပိုမျှားကြီး၊ ဟယ်…ဒါအော်ဟဲ့ အော်၊ ဘာမှ မခုထားဘူး၊ အင်း… ငါထင်ပါတယ်၊ နင်တို့ ငါ့ကို မနာလိုဖြစ်နေကြတာမို့လား၊ အဟီ… ငါက ပိုလှလာတာဆိုတော့လေ'

'ဟုတ်တယ်၊ မိသဲ နင်ပိုလှလာတယ်'

'တွေ့လား… မိသက်ကမှ အမှန်ကို မြင်သေးတယ်၊ ဟဲ… ဟဲ… ဟဲ…'

သက်သက်ဇင်က အားကျသလို ငေးရင်းပြောတယ်။ သဲသဲစုက ပြုံးရင်း ထိုင်လိုက်တော့ အထက်သူနှစ်ယောက်က သက်သက်ဇင်ကို မျက်စောင်းဝိုင်းထိုးကြတယ်။ သီရိက ပြောတယ်။

'ဟုတ်တယ် နင် ပိုလှလာတယ်၊ ဟွန်း… ခါးလည်း ကြည့်ထား၊ မကြာခင် နင့်ထက်လှစေရမယ်'

သဇင်ကလည်း အားကျမခံ ပြောတယ်။





'ဟင်း… နင်ကြွားထား၊ မကြာပါဘူး၊ နင့်ကို ပြန်ကြွားပြမယ်'

'အဟင်း…'

သဲသဲစုက ပြုံးနေတယ်။ ဒီလိုပဲ သက်သက်ဇင်ကလွဲလို့ ကျန်လူတွေက နေရာတကာ ပြိုင်ကြတာ။ ဥပမာ သဲသဲစု ရေတစ်ခါချိုးရင် ကျန်နှစ်ယောက်က လိုက်ချိုးတာပဲ၊ တစ်နေ့ကို ငါးခါချိုးရင် ငါးခါ လိုက်ချိုးတာ။

နောက်ဆုံး ပြိုင်စရာမရှိရင် ဘာပြိုင်တယ်ထင်လဲ။

ဘယ်သူ စကားဘယ်နှစ်လုံး ပြောနိုင်လဲဆိုတာ ပြိုင်ကြတာများ။ သက်သက်ဇင်ကတော့ ပွဲကြည့်သူပေါ့။

'နင်တို့ ငါလို ဖြစ်အောင် ကြိုးစားကြပေါ့၊ တကယ်တော့ ငါ ဒီလိုဖြစ်ဖို့ အတော်ကျင့်… အဲလေ… ကြိုးစားခဲ့ရတာ၊ မနက်စောစော ထပြေးတယ်၊ ကြိုးခုန်တယ်၊ နောက်ဆုံးကျင့်စဉ်က အပင်ပန်းဆုံးပဲ၊ ဒီလို ဖြစ်လာဖို့ကို ငါ ခြေဖျားထောက်ပြီး တစ်နေ့ကို ထိုင်ထတစ်ရာ့ငါးဆယ် အမြဲလုပ်တာ၊ ဒီတော့ ကောက်… အဲလေ ကိုယ်လုံးလှလာတာ ဘာဆန်းလဲ'

'ဟယ်…'

မျက်နှာလေးမော်ရင်း ကြွားတော့ ဟိုဟာလေးတွေ အံ့ဩကုန်တယ်။ စိတ်လည်း ပျက်သွားကြတော့တာ၊ ပြေးတာနဲ့ ကြိုးခုန်တာထား၊ ဒီထိုင်ထ အခါတစ်ရာကျော်ကို ခြေဖျားထောက်ပြီး လုပ်နိုင်ပါ့မလားပေါ့။ နှုတ်ခမ်းလေးတွေကိုက်ပြီး မဖြစ်ဖြစ်အောင်လုပ်မယ် တွေးကြတယ်။ ခြေချိတ်ထိုင်ပြီး ပြုံးနေတဲ့ သဲသဲစုကိုလည်း မျက်စောင်းချိတ်ကြတယ်။ သက်သက်ဇင်က…

'ကဲ… နင်ပိုလှလာတဲ့အတွက် ငါတို့ကို ဒံပေါက်ကျွေးရမယ်'

'ဟင်… ဘာမှလည်း မဆိုင်ဘူး၊ ငါဘာသာလှတာနဲ့ ဒံပေါက်နဲ့'

'ဘာလဲ… မကျွေးဘူးလား၊ ဒါဆို နင် ဘယ်လောက် အစားကြီးပြီး အိပ်ရင် ခွတတ်ကြောင်း၊ ပြီးတော့ အကြွားနဲ့ အစား ဘယ်လောက်သန်ကြောင်း'

သက်သက်ဇင် အကျယ်ကိုင်တယ်ဆိုရင်ပဲ မော်ထားတဲ့ မျက်နှာလေး ပျက်သွားတယ်။ ဒံပေါက်ကျွေးရတာက အကြောင်းမဟုတ်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မကောင်းသတင်းပွသွားခဲ့ရင် ဘယ်ကောင်လေးက ကြိုက်တော့မှာလဲ ဒါနဲ့ပဲ…

'နင်နော်… မယုတ်မှတ်နဲ့၊ ကျွေးမယ် ငါ့မကောင်းကြောင်း မဖွရင်ပြီးတာပဲ… ကောင်မ၊ ဟွန့်'

'ကောင်းတယ် အဲ့ဒါ ကြွားချင်ဦးလေ…၊ ကော့ပြချင်ဦး'

အထက်သုံ့နှစ်ယောက်ကပါ ဝိုင်းလောင်တာနဲ့ သဲသဲစုက သက်သက့်ဇင်ကို မျက်စောင်းထိုးတယ်။ သက်သက်ဇင်ကတော့ ပျော်နေတယ်လေ။

❖ ❖ ❖



## အခန်း (၂)

အိပ်ရာထဲ လှဲနေကြရင်း စကားပြောနေကြတယ်။ မတွေ့တာကြာတော့ ပြောစရာစကားတွေက အများသား။ သဇင်နွယ်က သူ့ကိုသူတို့မြို့မှာ ဘယ်နှယောက်လိုက်ကြောင်း၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ စိတ်မဝင်စားကြောင်းကို စီကာပတ်ကုံးပြောပြတော့ ကျန်နှစ်ယောက်ကလည်း အပြိုင်အဆိုင်ပဲ ပြောပြကြတယ်။

ဟုတ်လား မဟုတ်လားတော့ မသိဘူး။ ဒါပေမဲ့ အလန်းစားလေးတွေဆိုတော့လည်း ပြောတာ ဟုတ်ချင်ဟုတ်နေမှာ။ သက်သက်ဇင်ကတော့ ဒါတွေလည်းမရှိပါ။ ဒီတော့ ပါးစပ်လေးဟလို့ အံ့သြပြနေတယ်။

တကယ်လည်း ရည်းစားထားဖို့ စိတ်ကူးမရှိသေးပါ။ စားမယ်၊ သောက်မယ်၊ ပျော်မယ်၊ ပါးမယ်၊ ဒါပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း လှပအောင် မပြင်ဘူး၊ ဖြစ်သလိုနေတာ။ ဒီတော့ ဒီသုံးယောက်ထဲမှာ သူက လှဘူးလို့ ထင်ရတာ။ ဟိုသုံးယောက်ကရော ဘာမှမထူးပါ။ စားလုံးကြီးကြတယ်။ ဒါပေမဲ့ ကိုယ့်ဘာသာ လှအောင် ပြင်တတ်ဆင်တတ်ကြတယ်။ ဒီတော့ ပေါ်လွင်မှုရှိတာပေါ့။

သီရိက…

'အဲအကောင်က ငါ့ကို အသေကြိုက်တာဟယ် သိလား၊ ငါ အပြင်ထွက်တာနဲ့ အတင်းလိုက်တာ၊ မျက်နှာလေးကိုအိုပြီး ဒူးထောက်



www.burmeseclassic.com

www.burmeseclassic.com



မတတ်ပြောတာ၊ အဟိ… ငါကတော့ မျက်နှာကိုမာပြီး လှည့်ကို မကြည့်တာ၊ ငါမှ သူ့ကို မချစ်တာ'

'သနားပါတယ်ဟယ်… နင်က ဘာလို့ မချစ်တာလဲ'

'စကားပြောရင် ပျော့စိစိနဲ့ လူက တအားနွဲ့တာဟဲ့၊ ငါက ကျား ကျားလျားလျားပဲ ကြိုက်တာလေ'

'သြော်…'

သဲသဲစုက တစ်လက်စတည်း အခုမှ သတိရတဲ့ ပုံနဲ့ပြောတယ်။

'ဟဲ့… မနှစ်က ငါတို့နဲ့ တွဲတဲ့ကောင်တွေကိုရော နင်တို့ သတိရသေးလား'

'ဟုတ်သား… နင်ပြောမှပဲ သတိရတော့တာ၊ သဇင် နင့် အကောင်ကို သတိရလား'

သီရိက မေးတော့ သဇင်က မဲ့ရင်း…

'စိတ်ထဲကို မရှိတာ၊ သူ ငါ့ဆီ ဖုန်းဆက်တာ ခဏခဏပဲ၊ သူ့ဖုန်းမှန်းသိတာနဲ့ ငါ့အစ်ကိုကို ပေးကိုင်လိုက်တာပဲ၊ နောက်တော့ ဒီကောင် မဆက်ရဲတော့ဘူးလေ၊ ခစ်… ခစ်…'

'အေး… ငါ့ဆီလည်း ဆက်တယ်၊ ငါက အဖေ့ကို ဖုန်းပေး ကိုင်လိုက်တာ တစ်ခါတည်းနဲ့ မဆက်ရဲတော့ဘူး'

သုံးယောက်သား ပြောလို့ သဘောတွေကျနေကြတယ်။ မနှစ်က သုံးယောက်သား တစ်ပြိုင်တည်း ရည်းစားထားကြတယ်။ ပြိုင်တာဆိုတော့ သိတဲ့အတိုင်း စိတ်ထဲမထားကြပါ။ ပြီးတော့ စကားတွေ ဘာတွေချိန်း ပြောရင်လည်း သုံးယောက်ပြူးကြီးဆိုတော့ ဟိုငတိတွေ ရည်းစားဆိုတာ ဘာမှန်းမသိ။

နင်ငါ့ကို ချစ်လား၊ အေး… ဆိုပြီးသွားရော၊ သွား…။ နေ့မ သုံးယောက် စားသောက်တာတွေ ရှင်းရတယ်။ သူတို့ ဈေးဝယ်ထွက်တဲ့ အခါ လိုက်ဝယ်ပေးရတယ်။ ဒါပေမဲ့ တကယ်ချစ်တော့လည်း ဒီကောင်မ လေးတွေ မျက်နှာကို မြင်ရ၊ စကားလေးတွ ပြောရတာနဲ့တင် ကျေနပ်ကြ တယ်၊ အခု။

'တော်ပြီဟယ်… သူနဲ့တွဲရတာ ပျင်းသွားပြီ၊ ငါတော့ ဖြတ် မယ်'





သီရိက စိတ်ပျက်သံနှင့် ပြောတော့ သဲသဲစုကလည်း…

'အေး… ညည်းတောင် ပြတ်သေးတာပဲ၊ ငါလည်း ဖြတ်မယ်၊ သင်းကို ရင်မခုန်ဘူး'

'ဟုတ်တယ်၊ ငါလည်း ဖြတ်တယ်ဟာ ရင်ခုန်သံ အသစ် လေးတွေ ရှာရမယ်'

သဇင်နွယ်ကလည်း အပြိုင်အဆိုင်ပဲ ဖြတ်တယ်။ အံမယ်… ရည်းစားကို ပြိုင်ထားပြီး ပြိုင်ဖြ ်ကြတာ၊ ဘယ်လောက် ပြိုင်ဆိုင်မှု ပြင်းထန်သလဲဆိုတာ တွေးသာကြည့်။ သီရိက တစ်ချိန်လုံး တိတ်နေတဲ့ သက်သက်ဇင်ကို မေးတယ်။

'မိသက် နင်ရော ရည်းစားရှိပြီလား'

'ဟင့်အင်း… ငါ စိတ်မဝင်စားဘူး'

ဆိုတော့… သဲသဲစုက

'နင် အဲ့ဒီလိုကြီး ရိုးမနေနဲ့၊ နင့်ကို ယောက်ျားတွေ လှည့်တာခံရမယ်၊ ရည်းစားလေးဘာလေး ထားကြည့်၊ ဒါမှ အထာသိမှာ'

'အေးလေ… ညည်းဟယ် ငါတို့နဲ့ပေါင်းပြီး ညံ့လိုက်တာ ညံ့ဆို သုံးကို မရတာ'

သက်သက်ဇင်က သက်ပြင်းကိုချတယ်။ ဒီကောင်မတွေကို အထင်မကြီးပါ။ အစားကလွဲပြီး ဘာမှ ဟုတ်တိပတ် မသိတဲ့ဟာတွေလေ။

'ငါ့ကို အမေက အသေအချာမှာလိုက်တယ်၊ နင်တို့ နား ထောင်မှာလား'

'ပြောကြည့်လေ…'

'အေး… နားထောင်ကြည့်တာပေါ့'

'အမေက မှာလိုက်တယ်၊ သမီးတဲ့ ခွေးတွေဟာ တော်သလင်း လမှာ ပျော်တယ်၊ ကြောင်တွေက ပြာသိုလမှာ ပျော်တယ်၊ လူတွေက တန်ဆောင်မှာ ပျော်ကြတယ်၊ ဒါပေမဲ့ သမီးရယ်တဲ့ ပျော်တာ ကောင်း ပါတယ်၊ ပျက်တော့ မပျက်စေနဲ့နော်တဲ့၊ ကဲ… နင်တို့ပဲ စဉ်းစားကြည့် တိုယ့်ဘာသာ ပျော်ပျော်ပါးပါးနဲ့ စာပဲ သင်တာ မကောင်းဘူးလား ငါကတော့ အမေ့စကားကို နားထောင်တယ်၊ စာကလွဲပြီး ကျန်တာနိုးဝဲ'

ဟိုသုံးယောက် အသံတိတ်သွားကြတယ်။ သူတို့မိဘတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မှာလိုက်ကြတာပဲ။ သမီးရယ် အပျော်အပါးလျှော့ ဘာညာပေါ့၊ သဲသဲစုက…

'အေး… အဲဒါ ကောင်းတယ်၊ ဒီတစ်ခါ နင်တော်တယ်၊ ငါလည်း ဟိုကောင်ကိုဖြတ်ပြီး နင့်လိုပဲ နေတော့မယ်'

'အေး… ငါလည်း အတူတူပဲ'

သီရိကပါ ဟိုနှစ်ယောက်နောက် လိုက်သွားတော့ သဇင်ကလည်း…

'အေးနော် ငါတို့လာတဲ့ အဓိကရည်ရွယ်ချက်က စာသင်ဖို့ပဲ မဟုတ်လား၊ ဟဲ့ကောင်မတွေ… ငါတို့ ရည်းစားမထားကြေးနော်'

ဆိုတော့ သက်သက်ဇင်က…

'ငါကတော့ ပြောစရာမရှိပါဘူး၊ ငါ့ကို ကြိုက်မယ့်သူက နင်တို့ကိုပဲ ကြိုက်မှာ၊ ဒီတော့ ငါက ကြားနေတယ်၊ ချစ်ရေးကြိုက်ရေးကို စိတ်ကို မဝင်စားတာ'

'ဟုတ်ပါတယ် နင်မပါဘူး၊ ငါတို့သုံးယောက်ပဲ၊ ဖြစ်တယ်နော်'

'စိန်လိုက်လေ'

ဒါနဲ့ပဲ လက်ဝါးချင်းရိုက်လိုက်ကြတယ်။ သက်သက်ဇင်ကတော့ ကြည်နူးပြုံးလေး ပြုံးနေတယ်။

❖ ❖ ❖

မနက် ငါးနာရီခွဲလောက်ကတည်းက သဲသဲစု နိုးတာနဲ့ အကုန်နိုးကုန်ကြပြီ။ ချမ်းချမ်းစီးစီးနဲ့ ဖြစ်ရတဲ့ကြားထဲ သဲသဲက အားကစားဘောင်းဘီတိုနဲ့ အင်္ကျီလက်ပြတ်ကို ဝတ်ထားတယ်။ သုံးယောက်သား မျက်နှာသစ်ကြတယ်။

'သူငယ်ချင်းတို့ အဝတ်အစားလဲကြ၊ ပြေးကြမယ်လေ၊ ဒါမှ ဗိုက်သားမတက်လာမှာ၊ မြန်မြန်လုပ်ကြ'

သဲသဲစုက ဆရာကြီးလုပ်တယ်။ လှချင်ကြတာဆိုတော့ ဘာမှ မပြောကြဘူး။ သက်သက်ဇင်ကတော့ လျှာရှည်တယ်။

'မိသဲ နင်ဟယ်… အတိုတွေနဲ့ မချမ်းဘူးလား'





'လျှာရှည်တယ်… တို့တာက ဒူးပဲပေါ်တာ၊ ရန်ကုန်က ရာသီဥတုကို နင်သိတာပဲ၊ ရန်ကုန်သူ ရန်ကုန်သားတွေလိုပဲ အခုပူပြီး တော်ကြာ အေးသွားသလို အခုချမ်းပြီး တော်ကြာ ပူသွားမှာ၊ ပြေးရလွှားရတာနဲ့ မချမ်းအားပါဘူး၊ ဝတ်သာဝတ်ခဲ့'

ဟိုနှစ်ယောက်က ဝတ်လို့ပြီးပြီ၊ သက်သက်ဇင်က ခေါင်းကုတ်ရင်း အိမ်ခန်းထဲ ဝင်သွားတယ်။ ထဘီနဲ့ တီရှပ်ပွပွကလွဲလို့ မဝတ်တတ်ပါ။ သီရိက…

'သူ့ကိုပါ ခေါ်မှာလား'

'အေးလေ… ဒါမှ တို့တွေအတူ လှမှာမို့လား'

သဇင်နွယ်က ဘာမှ မပြောပါ၊ တော်ကြာလှတော့ ဘောင်းဘီအတို အင်္ကျီလက်ပြတ်နဲ့ သက်သက်ဇင် မသက်မသာ ထွက်လာတယ်။

'ဟယ်… ကောင်မ ဒီလို ဝတ်ထားတော့ လှတယ်တော့'

'အေးဟဲ့'

သုံးယောက်သား ဝိုင်းကြည့်တော့ သက်သက်ဇင်တွန့်သွားတယ်။ ဆံပင်ဖိုးရိုးဖားလျားကို ဖြစ်သလိုစည်းထားတယ်။ မျက်နှာမှာ ဘာမှမလိမ်းထားပေမယ့် လှနေတယ်။

'နင်ဝတ်ခိုင်းလို့သာ ဝတ်ရတာ၊ အယ်ဟိ… ငါ စိတ်မလုံဘူးဟဲ့'

ဘာမှမပြောဘဲ ပြုံးလိုက်ကြတယ်။ နဂိုလှတဲ့ ကိုယ်လုံးလေးက ဒီလိုဝတ်ထားတော့မှ ပေါ်လွင်လာတာလေ။

သုံးယောက်သား သက်ပြင်းကြိတ်ချတယ်။ သက်သက်ဇင် တကယ်ပြင်ဆင်နေမယ်ဆို တကယ်လှမှာမို့လေ။ ဒါပေမယ့် တစ်ယောက်မှတော့ မြှောက်မပေးကြပါ။ သူ့တို့ထက်သာမှာ စိုးလို့လေ။

'ကဲ… ပြီးရင်လည်း သွားကြမယ်ဟေ့၊ တကတည်း ဒါလေး ဝတ်တာကို ဖြစ်နေတာ'

'အေးလေ… ဒါလောက်ဖြစ်နေတာ၊ နင့်ကို အတိုတွေ ဝတ်ခိုင်းမယ်၊ နေ့တိုင်း ကျောင်းသွားတိုင်း ဝတ်ခိုင်းမယ်ဟွန်း…'

သီရိတို့ ဝိုင်းပြောတော့ သက်သက်ဇင် ရှက်သွားတယ်။

'ဟယ်… မဝတ်ပါရစေနဲ့ဟယ်၊ ငါ့ခြေသလုံးက ကြီးတယ်၊ အယ်ဟိ… ရှက်စရာကြီး'



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဇင်က အိမ်ကို သော့ခတ်လိုက်တယ်။ တစ်ခါ ခြံထဲက ထွက်တော့ ခြံသော့ကိုပါ ခတ်လိုက်ပြန်တယ်။ ဘေးဘီကို ဝေ့ကြည့်တော့ ဘယ်သူမှမရှိဘူး။ ဒါနဲ့ သော့တွဲကို အုတ်ခုံလေးကြား ဝှက်ထားလိုက်တယ်။ ဒါက ဒီလိုမှ စိတ်ချရမှာမဟုတ်ရင် ပျောက်နေဦးမယ်။

ပြီးမှ လေးယောက်သား ရင်ပေါင်တန်းပြီး တဖြည်းဖြည်း ပြေးကြတယ်။ သဲသဲက သီရိနဲ့ သဇင်ကိုကြည့်ပြီး...

'သီရိကို ကြည့်စမ်း၊ ပေါင်မှာ အဆီတွေချည်းပဲ၊ အဲဒါ မကောင်းဘူး၊ ပြေးပေးရင် အဲဒါတွေ ကျကုန်တယ်'

'ဟုတ်တယ်၊ ငါလည်း အပျင်းကြီးလို့လေ၊ ပြေးတော့ ပြေးမလို့ဘဲ'

'ဟိုကောင်မ သဇင် နင်က ခါးကတုတ်တော့မယ်၊ အဲဒါမကောင်းဘူး၊ ယောကျ်ားလည်းရရော တစ်ခါတည်း စည်းပိုင်းကြီးဖြစ်သွားရော'

ပြောတော့ သဇင်က မျက်စောင်းထိုးတယ်။

'ဟဲ့... နင့်ဟာကလည်း ယောကျ်ားရတာနဲ့ပဲ အဲလောက် ဝစရာလား၊ မရရင် မဝဘူးပေါ့'

'အဟိ... မသိဘူးလေ၊ ငါလည်း ပြောကြည့်တာ၊ ဒါပေမဲ့ နင်ကြည့်ပါလား၊ ငါတို့ သူငယ်ချင်း ဟိုချင်းမလေး ကျောင်းတက်တာ သုံးလတောင် မပြည့်သေးဘူး ရသွားတာလေ'

'သြော်... ဖလမ်းသူလား'

သက်သက်ဇင်က ဝင်ထောက်တယ်။ သဲသဲက...

'ဟုတ်တယ်... မနှစ်က ယောကျ်ားမရခင်အထိ သွယ်သွယ်လေးလေ၊ ဟော့... ဘယ်လောက်ကြာလိုက်လဲ၊ နှစ်လလောက် ကြာတော့ ဝတုတ်ကြီးဖြစ်သွားအော နင်တို့လည်း တွေ့တာပဲ'

'အေး... ဒါတော့ ဟုတ်တယ်၊ အတော့်ကို ဝသွားတာ'

'အမယ်လေး မောလိုက်တာ'

'ဟုတ်ပါ့ဟယ်...'

စကားပြောရင်း ပြေးလိုက်ကြတာ ကန်တော်ကြီးဘေး ရောက်





လာတယ်။ ဖြည်းဖြည်းမှန်မှန်ပြေးပေမယ့် အကျင့်မရှိတော့ သက်သက်ဇင်တို့ မောနေတယ်။

သဲသဲက ပြုံးရင်း ပြောတယ်။

'ခဏနားကြလေ၊ ငါကတော့ အကျင့်ရနေပြီ'

သုံးယောက်သား တိတ်သွားကြတယ်။ ပြီး ဗိုက်သားချပ်ရပ်ပြီး အဆီပိုမရှိတဲ့ သဲသဲကို ဝိုင်းငေးနေကြတယ်။

ကန်တော်ကြီးစောင်းမှာ အားကစားလိုက်စားသူအနည်းအကျဉ်းနဲ့ လူကြီး လေးငါးယောက်ကိုပဲ တွေ့ရတယ်။ သဲသဲစက...

'တကယ် ရောဂါထူကြတာလည်း မပြောနဲ့၊ လူတွေက အဆီအဆိမ့်တွေစားပြီး အားကစားမှ မလိုက်စားကြတာ၊ ဝလာပြီး ရောဂါ ထူတာပေါ့'

'အေးနော်'

'ဒါကြောင့် ချမ်းသာလေ ပိုရောဂါထူလေပဲ၊ သူတို့က ပါးစပ်ပဲလှုပ်ပြီး ကိုယ်လက်တွေမှ မလှုပ်ကြတာ၊ ဒီတော့ ရောဂါထူတာပေါ့၊ ကဲ... အမောပြေရင် ဆက်ပြေးကြမယ်'

မောပေမယ့် မငြင်းကြပါ။ ကန်ဘေးမှာ ပတ်ပြေးနေကြတယ်။ ပြီးတော့တစ်ခါ သဲသဲစ ခါးပတ်လာတဲ့ ခုန်ကြိုးနဲ့ တစ်လှည့်စီ ခုန်ကြတယ်။

တဟေးဟေးတဟားဟားနဲ့ ပျော်နေကြတယ်လေ။ နေတဲ့ နေရာနဲ့က သိပ်မဝေးတော့ အေးအေးပဲ အမောဖြေနေကြတယ်။ သီရိက ရှုံ့မဲ့ရင်း...။

'ဟယ်... မောလည်းမော ဗိုက်လည်းဆာတယ်'

'အေး... ငါလည်း ဆာတယ်၊ ပြန်ကြမယ်ဟယ်၊ လမ်းထိပ်ရောက်မှ အသုတ်နှစ်ပွဲလောက် နှိပ်ပစ်မယ်'

သဇင်ကလည်းပြောတော့ သဲသဲစက မဲ့သွားတယ်။

'ဟဲ့... နင် အဲလောက် စားမှတော့ အခုပြေးတာနဲ့ ဘာကာမိမှာလဲ၊ အစားလည်း လျှော့စားပေါ့'

'အိုး... မလျှော့နိုင်ပါဘူး'

'ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ သဲသဲက မျက်စောင်းထိုးပြီး သက်သက်ဇင်က ပြုံးတယ်။ ဒီအထက်သူမနှစ်ယောက်က အစားနဲ့ ပတ်သက်ရင် ပြောမရပါ။ လေးယောက်သား ဖြည်းဖြည်း ပြန်ပြေးလာကြတယ်။

❖ ❖ ❖

ညစ်တယ်။ တကယ့်ကို ညစ်စရာကောင်းတယ်။ ညစ်ရုံတင် မဟုတ်။ ပျက်ပါ ပျက်နေတာ။ စိတ်ပျက်စရာကြုံတာ ဒီတစ်ကြိမ် အဆိုးဆုံးပဲ။

စိုးသူအောင် စိတ်ပျက်စွာနဲ့ပဲ စားသောက်ဆိုင်ထဲ ဝင်လိုက်တယ်။

အကြောင်းသိတဲ့ ဆိုင်အလုပ်သမားလေးက ဆီချက်တစ်ပွဲနဲ့ ပေါ့ဆိမ့်တစ်ခွက်ကို လှမ်းမှာလိုက်တယ်။ ပြီးမှ စားပွဲပေါ်က ရှုပ်နေတာတွေကို ရှင်းရင်း စပ်စုတယ်။

'ကိုစိုးသူ ဒီနေ့ အစောကြီးထပြီး လာစားတယ်ပေါ့၊ အင်း… ကျွန်တော်တို့ဆိုင် ရောင်းကောင်းတော့မှာပဲ ဟဲဟဲ'

တင်းလာပါတယ်ဆိုမှ လာပြောင်နေတာနဲ့ မကြည်ကြည့် ကြည့်လိုက်တော့…

'မင်းကြီးတော်ကြီးတဲ့၊ ငါ့ဘာသာ ထချင်တဲ့အချိန် ထမှာပေါ့၊ မင်းအပူလား၊ ငါက ညစ်လာတာနော်၊ မင်းအပေါ် ဒေါသတွေ ပုံကျကုန်မယ်၊ သွား'

'ကြိမ်းလှချည်းလား…၊ အဟဲ… သံပုရာသီးတွေ စားလာတယ်၊ ထင်တယ်'

'ဘာတွ'

အဲ့လို ကြောက်ပြီးသား။ ရုပ်တည်နဲ့ ထလိုက်မှ ရယ်ရင်း ဆိုင်ထဲ ဝင်ပြေးသွားတယ်။ စိုးသူအောင်က ပြန်ထိုင်လိုက်တယ်။

စားမွဲထိုးပြောလည်း ပြောချင်စရာပဲ။ အစောဆုံး ထတဲ့အချိန်က ကိုးနာရီပဲ။ ဒီမနက်ကျမှ ဖအေဖြစ်တဲ့သူ ပြဿနာရှာတာနဲ့ နားညည်းလို့ ထပြေးလာခဲ့ရတာ။

သုန်မှုန်တဲ့ မျက်နှာနဲ့ ထိုင်စဉ်းစားတယ်။ တကယ်တော့ ဒါ





ဟိုသုံးကောင် မကောင်းတာ။ ဒီကောင် သုံးကောင်က သူတို့ ကောင်မလေးတွေနဲ့ တစ်တန်းတည်းတက်ရအောင် ဒုတိယနှစ်ကို အကျဖြေတယ်တဲ့။

သူတို့ကောင်မလေးတွေဆိုတာကလည်း ပထမနှစ်ကျောင်းသူ အပေအတေလေးတွေ။ ဒီနှစ်တော့ ဒုတိယနှစ်ပေါ့။ သူတို့အကျဖြေတာက အရေးမကြီးပေမယ့် ကိုယ့်ပါ အဖော်ဆွယ်တာ။

'မင်းလည်း အကျဖြေကွာ၊ ငါတို့နဲ့ အတူ တက်ရတာပေါ့၊ ပြီးတော့ ကောင်မလေးတစ်ယောက်ပိုသေးတယ်၊ ဟော့ကောင်… မွန်မလေးကွ၊ အတော်လှတာ… မင်းလည်း ရည်းစားမရှိတော့ လိုက်လို့ရတာပေါ့ဟဲ့'

သူတို့ဆွယ်တာကို စိတ်ဝင်စားလို့ မဟုတ်ပါ။ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ ဘော်ဒါတွေဆိုတော့ မခွဲချင်ပါ။ ပြီးတော့ ကိုယ်တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ အတန်းတက်ရမယ်။ အပေါင်းအသင်းအသစ်လည်း မရှာချင်ဘူးလေ။

ဒီကောင်တွေကို ဖျောင်းဖျတာလည်း ဘယ်လိုမှ မရတာနဲ့ အလျှော့ပေးလိုက်တယ်။ ငယ်ငယ်ကတည်းက ဘာလုပ်လုပ် အတူတူပဲဆိုတော့ ကိုယ်လည်း အကျဖြေလိုက်တာပေါ့။

အဲ့သမှာ ရလိုက်တဲ့ အကျိုးဆက်ကတော့ စာမေးပွဲကို ခွေးကျကျပြီး ဒုတိယနှစ်ကို နှစ်ခါတက်ရတာပါပဲ။ ဒီထက်ဆိုးတာက ဟိုကောင်တွေရဲ့ မိဘတွေကတော့ ဘယ်လိုနေတယ်မသိ။ ကိုယ့်မိဘတွေကတော့ အောင်စာရင်းထွက်ကတည်းက ကျောင်းထုတ်မယ် တကဲကဲလုပ်နေကြတာ။

အဘိုးဖြစ်သူက ကောင်းလို့ ကျောင်းကို ဒီနှစ်ဆက်တက်ရမှာ ဆိုပေမယ့် အဖေက မကြည်သာတော့ပါ။ မနက်ဖြန် ကျောင်းဖွင့်ပြီဆိုတော့ ညက အမေ့ဆီ ပိုက်ဆံတောင်းတယ်။

ဟော့… ဒီမနက် စောစောထပြီး ဖအေဖြစ်သူက သောင်းကျန်းတော့တာ။ အခန်းတံခါးကို တဒုန်းဒုန်းထုလို့ စိုးသူအောင် လန့်နိုးသွားတယ်။

'ဟော့ကောင်… ငပျင်း၊ ထစမ်း… ဟော့ကောင်'

'ဒုန်း… ဒုန်း… ဒုန်း'

'အဖေရာ… ဖြေးဖြေးလုပ်ပါဗျာ၊ စောစောစီးစီးဗျာ…၊ တအား တည်း စိတ်ပျက်လိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



အတင်းကုန်းရုန်းထပြီး တံခါးဖွင့်လိုက်တော့ ခါးထောက်လို့ မျက်နှာမာကြီးနဲ့ ဖအေဖြစ်သူကို တွေ့ရတယ်။ အနေအထားကို ကြည့်ပြီး အသံနှာလေးနဲ့ . . .

'တံခါးကို ဖြည်းဖြည်းထုလည်း နိုးပါတယ် အဖေရဲ့'

'ငါ့အိမ်က တံခါး ငါ့ဘာသာထုတာ ဘာဖြစ်လဲကွ'

'ဟိုလေ . . . အဟဲ အဖေ လက်နာမှာစိုးလို့ပါ'

'ဘာကွ မင်းကို နှိုးတာ လက်နဲ့မတန်ဘူး၊ ဒါကြောင့် တံခါးကို ဖနောင့်နဲ့ပေါက်နှိုးတာ သိပြီလား'

'ဟာဗျာ'

စိုးသူအောင် မျက်နှာကြီး မဲ့သွားတယ်။ ဒါကြောင့် တံခါးထုသံ ကြမ်းလှချေလား မှတ်တယ် တွေးရင်း မျက်နှာငယ်သွားတယ်။ ကျောင်းတက်ဖို့ကိစ္စ ပြဿနာရှာပြီဆိုတာ သိလိုက်တယ်။

ဒါနဲ့ ခေါင်းကုတ်ဖင်ကုတ်နဲ့ ဧည့်ခန်းထဲလိုက်သွားတော့ မအေဖြစ်သူပါ ထိုင်နေတာ တွေ့ရတယ်။ ဒီတော့မှ ပြုံးရင်း ဝင်ထိုင်တယ်။ မအေရှိရင် ကာဗာရှိတယ်လေ။ ဖအေဖြစ်သူက မျက်နှာမာနဲ့ ဝင်ထိုင်လို့ မေးတယ်။

'ကဲ . . . ပြောပါဦး၊ မင်းကျောင်းဆက်တက်မလို့ဆို'

'ဟုတ်ပါတယ်'

'ဘာ . . . ဟင်း . . . မင်းဘာအလိုက်သိလဲ၊ ကျောင်းအားရက် ငါ့ကိုများ ကူလုပ်မလား မှတ်တယ်၊ ငါ အလုပ်သွားရင် ရှောင်ပြီ၊ မရှောင်ရင် အိပ်ရာက မထဘူး၊ ဒါထား မင်းကျောင်းစရိတ် တစ်နှစ် တစ်နှစ်ကို ဘယ်လောက်ကုန်တယ်ထင်လဲကွဟေ'

'မသိဘူး . . . အဟဲ . . .၊ မှတ်မထားမိဘူး'

ဖအေဖြစ်သူ မျက်နှာကြီး မဲ့သွားတယ်။ မအေဖြစ်သူကတော့ ဘာမှမပြောဘူး။

'ကောင်းကွာ . . . ဘယ်လိုသားမျိုး မွေးမိပါလိမ့်၊ သောက်သုံးမကျဘူး၊ ကျောင်းစရိတ်ကုန်တာက အရေးမကြီးဘူး၊ ငါ သိက္ခာကျတယ်ကွ၊ ငါ့တုန်းကဆို စာမေးပွဲတစ်ခါမှ မကျခဲ့ဘူး'





'သားလည်း စာကျေအောင် တမင် အကျဖြေတာပါ'

'ဘာကွ'

ပြောခါမှပဲ ပိုဆိုးတော့တာ။ ထိုင်ရာကနေ ထတယ်။

'ဩော် . . . မင်းက တမင်ကျအောင်ဖြေတယ်၊ ဘာလဲ၊ စာကျေအောင် ဟုတ်လားကွ၊ ဟေ . . . မင်းက စာကျေချင်တယ်ပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါကြောင့် တမင်ကျအောင် ဖြေတာပါ၊ အဖေ့သား အသုံးစရိတ်တွေကို မှတ်ထားလေ၊ ကျောင်းပြီးတဲ့အခါ အဖေ့ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ပြီး ပြန်ဆပ်မယ်'

'ဩော် . . .'

'အဖေ့ ကုမ္ပဏီမှာ လစာအများဆုံးက Superviser လား Secretary လား၊ အဲလေ . . . ကျွန်တော့်ကို Superviser ခန့်ရင် ခြောက်လလောက်ဆို ကျေ . . . ကျေ'

စကားတောင် မဆုံးဘူး။ ဖအေဖြစ်သူက လက်သီးကြီး ဆုပ်တာ . . .

'ဘာကွ . . . မင်းလိုကောင်မျိုးကို Superviser ခန့်ရင် ငါ့ စီးပွား ဝက်ဝက်ကွဲပြီး ဒေဝါလီပါ ခံရမယ်၊ အခုတော့ ရူပါလက်သီးပဲ မြည်းကြည့်ဦး၊ ကဲ . . .'

'ဟာ . . . အဖေ မှားမယ်၊ အမေရေ ကယ်ပါဦးဗျ၊ ကြီးတယ်ဆိုပြီး အနိုင်ကျင့်တယ်'

လက်သီးနဲ့လိုက်ထိုးတော့ မအေဖြစ်သူ ဝင်ဆွဲလို့ တော်သေးတယ်။ ဒါနဲ့ပဲ စောစောစီးစီး အိမ်ကနေ ထွက်ပြေးလာခဲ့ရတယ်။ မျက်နှာတောင် မသစ်ခဲ့ရဘူး၊ အခုမှ ခုနစ်နာရီဆိုတော့ အဖေဖြစ်သူ ကုမ္ပဏီသွားမှ ပြန်တော့မယ် တွေးလိုက်တယ်။ စားပွဲပေါ်ရောက်လာတဲ့ စားစရာတွေကိုကြည့်ရင်း ဗိုက်ဆာလာတယ်။ ပိုက်ဆံ တစ်ပြားမှ မပါပေမယ့် ကိစ္စမရှိပါ။ ဒီဆိုင်နဲ့ ရင်းနှီးပြီးသားလေ။

တူနဲ့ညှပ်ပြီး ပါးစပ်ထဲထည့်မယ် ကြံကာရှိသေး လမ်းပေါ်ကြည့်ပြီး အလိုလို လက်က တန့်သွားတာ။

'ဟာ . . . ချစ်စရာလေးတွေဟ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး လေးယောက် ပြေးလာတာ တွေ့ရတယ်။ ကျစ်ကျစ်လျစ်လျစ်လေးတွေဆိုတော့ ကြည့်ကောင်းနေရောပဲ။ အစားကို မေ့ပြီး ပါးစပ်အပြဲသားနဲ့ ထိုင်ငေးနေတော့တာ။

'လာဟေ့… ဒီဆိုင်မှာစားကြမယ်'

'အေး… ဗိုက်က ဆာပြီဟဲ့'

'ငါပြောပါတယ်၊ ဒီအထက်သူမနှစ်ယောက်က အစားငမ်းပါတယ်လို့'

'မိသက်… နင်နော်'

လေးယောက်သား ဆူညံလို့ ဆိုင်ထဲဝင်လာတယ်။ စိုးသူအောင် အကြိုက်ဖြစ်သွားတယ်။ ဒါနဲ့ပဲ တူကိုချ လက်ဖက်ရည် ပန်းကန်ကိုမွှေရင်း ကြည့်တယ်။

ဟိုဟာလေးတွေကတော့ ဂရုတောင်မစိုက်ဘူး၊ တစ်ဝိုင်းကျော်မှာ ဝင်ထိုင်ရင်း တစ်ယောက်တစ်မျိုး စားစရာတွေ မှာနေကြလေရဲ့။

သဲသဲစုက ရုပ်တည်နဲ့ ဆရာလုပ်တယ်။

'ဒါတွေက လွယ်ပါတယ်၊ အိမ်ပြန်ရောက်မှ အိပ်ထရယ်၊ ထိုင်ထရယ် လုပ်ရမယ်'

'ဟယ်… နင့်ဟာကလည်း မပြီးနိုင် မစီးနိုင်'

'ဟုတ်ပ… ချူကိုယ်သူ ကိုယ်ကာယ နည်းပြများ မှတ်နေလား မသိဘူး'

သီရိနဲ့ သဇင်က မျက်စောင်းထိုးလို့ ပြောပေမယ့် သက်သက်ခင်ကတော့ ငြိမ်နားထောင်နေတယ်။ သဲသဲစုက ရင်လေးကော့လို့ ကြွားတယ်။

'အေး… နင်တို့ မလုပ်ချင်လည်းနေပေါ့၊ ဒါပေမဲ့ ငါ့လို အဆီမရှိ ချပ်ရပ်နေမှာ မဟုတ်တော့ဘူး ဟဲ… ဟဲ'

'ဘာ… နင်က ဘယ်အဆီရှိမလဲ၊ နဝိုပိန်ကြီးကို'

'အေးလေ… ကြည့်ပါလား အသားတောင် နည်းနည်းပဲရှိတာ၊ အဟီ… ရှိဆို နှစ်နေရာတည်း အသားပေါ်တာ'

'ဘာ… အယုတ်တမာမတွေ'





သဲသဲစုက မုံ့ရွဲ့ရင်းဆဲတော့ သုံးယောက်သား ဝိုင်းရယ်ကြတယ်။ ဘာမှမပြောတော့ဘဲ လာချပေးတဲ့ စားစရာတွေကို စားနေကြတယ်လေ။ ဒါက မိန်းကလေးတွေရဲ့ ထုံးစံပဲ။ ပါးစပ်ကို အအားမထားတာ ပြောပါတယ်။ စားစရာမရှိရင် ပြောမယ်။ ပြောစရာမရှိတဲ့အခါ စားမယ်လေ။ အံမယ်… ပြောတော့ ဘာလေးညာလေးနဲ့ စားလိုက်ကြများ ဆီချက်တစ်ပွဲခဏပဲ။

ဒါနဲ့ ထပ်မှာလိုက်ကြပြန်တယ်။ စိုးသူအောင်ကတော့ ဘာမှစားဘဲနဲ့ကို ဗိုက်ပြည့်နေတယ်။ ကြည့်ရင်းနဲ့ ဘယ်သူ့ကို ရွေးရမယ်မသိ ဖြစ်နေတယ်။

နောက်တစ်ပွဲ ထပ်စားပြီးတဲ့အခါကျတော့ သဲသဲစုကလွဲလို့ အအေးတစ်လုံးစီ မှာကြတယ်။ အဲ… သဲသဲစုကတော့ နောက်တစ်ပွဲ ထပ်မှာတယ်။ ဟိုသုံးယောက်က မျက်စောင်းဝိုင်းထိုးတော့ သွားဖြဲလေးနဲ့။

'နင်တို့ သတိထားမိလား မသိဘူး၊ ဒီဆိုင်က ဆီချက်ကောင်းတယ်နော်၊ အဟီ'

'ဟွန်း… ကိုယ့်ဘာသာ စားလုံးကြီးရင် ကြီးတယ်ပေါ့'

'အေးလေ… ကောင်မ သူပဲ အစားလျှော့စားပြောပြီး သူပဲစားတာ'

သီရိနဲ့ သဇင်က မကျေမနပ်ပြောတော့…

'ဟဲ့… ငါက လှပြီးသားလေ၊ ညည်းတို့ အလှပျက်မှာစိုးလို့ စေတနာနဲ့ပြောရတာ'

'အံမယ်… ဘာမှ မဆိုင်ဘူး၊ ငါတို့က လှပြီးသား၊ ကိုယ့်ဘာသာ ငတ်ကြီးကျရင် ကျတယ်ပေါ့'

'အေးလေ… ရှူစကာမ'

သဲသဲစုက ဘာမှ မပြောဘဲ ဆက်စားနေတယ်။ သက်သက်ခင်က အအေးသောက်ရင်း ဘေးဘီကို ဝေ့ကြည့်လို့ ကိုယ်လေး ကျုံ့သွားတယ်။

'မိသဲ မြန်မြန်စားပါဟယ်၊ ငါ ထိုင်ရတာ စိတ်မလုံဘူး'

'ဘာလဲ ဗွပြဲနေလို့လား'

'အေးလေ… စောစောကတော့ ဘာမှ မဖြစ်ဘူး၊ ခြေစုံဆိုစားနေဟာကိုး၊ အခု စားပြီးမှပဲ ရှက်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… နင်တို့ကလည်း တကယ်ပြောတာ ငါက ဒါတွေကို အိမ်နေရင်းဝတ်တာ၊ အခု လမ်းထွက်တော့ အဟီ… ကြေငြာနေတဲ့အတိုင်းပဲ'

ဒါနဲ့ပဲ မျက်စောင်းဝိုင်းထိုးကြတယ်။ စားသောက်ပြီးတဲ့အခါ ပိုက်ဆံရှင်းပြီး ထလိုက်ကြတယ်။ သဲသဲစုက 'ကဲ' ပဲရှိသေးတယ် ဟိုသုံးယောက်မျက်စောင်းထိုးတယ်။ သီရိက…

'ဘာကဲလဲ… နင့်ဘာသာပြေး အခုမှ စားပြီးခါစကို'

'အေးလေ… မလှဘဲ သေချင်လို့ ထင်တယ်၊ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်တော့မှ'

သဇင်နွယ်က ပြောတော့ သက်သက်ဇင်ကလည်း ဘုကြည့်ကြည့်တယ်။ သဲသဲစုက မျက်နှာငယ်နဲ့…

'ဟယ်… ငါပြောတာက နင့်တို့ဘာသာထိုင်ထ လုပ်ချင်လုပ် မလုပ်ချင်နေလို့ ပြောမလို့ဟဲ့'

'ဟုတ်လို့လား'

'အဟုတ်ပါဟယ်'

တဖြည်းဖြည်း လမ်းထဲ ဝင်သွားတဲ့ ကောင်မလေးတွေကို စိုးသူအောင် တငေးကြီး ကြည့်နေတယ်။ စိတ်ထဲမှာလည်း အတော်လှတဲ့ ဟာလေးတွေလို့ မှတ်ချက်ချရင်း…

'အင်း… ဘောလုံးသမားတွေလား၊ ပိုက်ကျော်ခြင်းသမားတွေလား၊ ဟာ… မဖြစ်နိုင်ဘူး၊ ဘောလုံးသမားတွေက ဒီလောက်မလှဘူး။ အင်း… လှချက်ကတော့ ဘယ်သူ့ကိုတောင်လိုက်ရမယ် မသိဘူး၊ ဒီကောင်မလေးတွေကို မြင်ဖူးပါတယ်၊ ဘယ်မှာပါလိမ့်'

ပြန်စဉ်းစားတယ်။ ဒါပေမဲ့ မရဘူး။ တူနဲ့ ဆီချက် ပန်းကန်ကို နယ်တယ်။ ဒါပေမဲ့ စားချင်စိတ် တစ်စက်ကလေးမှကို မရှိတာ။ လက်ဖက်ရည်ကို ကောက်မော့လိုက်ပေမယ့် ဘာအရသာမှ မရှိတော့ပါ။ ဒါပေမဲ့ စောစောက ညစ်တဲ့စိတ်တွေ ပျောက်ပြီး လန်းသွားတယ်။ မ,တန်ခိုးလေ။

✣ ✣ ✣



## အခန်း (၃)

မျက်စိကို ရှုပ်နေရောပဲ။ ကြက်လည်း ပျံမကျ ငှက်လည်း ပျံမကျပါ။ ဟုတ်ကဲ့ ကြက်ပျံမကျတာက ကြက်က ပျံမှမပျံတာ။ ငှက်ပျံမကျဆိုတာကတော့ ဒါလောက်လူတွေများမှတော့ ငှက်လည်း သူ့ဘာသာသစ်ပင်ပေါ်ပဲ နားမပေါ့။

ဟိုနေရာကြည့် ရုတ်စီစီ။ ဒီနေရာကြည့် ရုတ်စီစီနဲ့ လူကိုညီနေရောပဲ။ ကျောင်းသူကျောင်းသားတွေလည်း ဆူညံပြီး ပျော်ပါးနေကြတယ်။ ဒီနေ့ ကျောင်းဖွင့်ပြီလေ။ ဒီတော့ ကွဲကွာသွားတဲ့ အပေါင်းအသင်းတွေ။ ချစ်သူတွေ စကားတွေ ပြောမကုန်အောင် ရှိကြလေရဲ့။

စားသောက်ဆိုင်တစ်ဆိုင်ရဲ့ စားပွဲဝိုင်းတစ်ဝိုင်းမှာ ကောင်မလေးလေးယောက်နဲ့ ကောင်လေးသုံးယောက် မျက်နှာချင်းဆိုင် ထိုင်နေကြတယ်။ ကောင်လေးသုံးယောက်က မျက်နှာတွေ အသားကုန်ပြုံးနေကြတယ်။ သေရင် အပြုံးချင်း ပြိုင်နေကြတာလိုပဲ။

ပြုံးမပေါ့။ ရှေ့က ကောင်မလေးသုံးယောက်က သူတို့ချစ်သူတွေလေ။ ရုပ်အင်္ကျီဝတ်ထားတဲ့ ကောင်မလေးကတော့ သူ့ဘာသာအအုပ်တစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေတယ်။

ကောင်မလေးသုံးယောက်က အတော်လှပါတယ်။ သူတို့ ရှေ့က အအေးပုလင်းတွေကို ကုန်အောင်သောက်ပြီးမှ ရှေ့က ကောင်လေးတွေကို ရှုံ့တည်နဲ့ကြည့်တယ်။ [illegible]တ်သူဆိုတဲ့ ကောင်လေးက သူ့ရှေ့က ကောင်မလေးကို လေသံပျော့လေး နဲ့။

www.burmeseclassic.com



'သီရိ… အဟဲ ကြည့်စမ်း ပိုလှလာလိုက်တာ၊ ငါ အတော်ကံကောင်းတာပဲ၊ ဟုတ်တယ်နော်၊ သက်ထွန်း'

ဘေးက ပိန်ရှည်ရှည်ကောင်ကို အဖော်ဆွယ်တော့ သက်ထွန်းကပြုံးတယ်။ သူ့ရှေ့ ကောင်မလေးကို အတင်းငမ်းကာ…

'ဟာ… ငါ့ရဲ့ သဇင်က ပိုလှတာကွ၊ ကြည့်ပါလား အဟီး… အသားပိုဖြူလာတယ်ကွ'

'မင်းဟာကေ နဂိုမည်းပါကွာ၊ ငါ့ကောင်မလေးကမှ ဖြူဖြူသွယ်သွယ်လေးနဲ့၊ ကြည့်ပါလား'

နှစ်ယောက်သား ဣန္ဒြေမရ ကြိတ်ဖြစ်နေကြတော့ ဘေးက ရန်နိုင်က တံတောင်နဲ့တွတ်တယ်။ ပြီးမှ သူ့ရှေ့က သဲသဲစုကို အငမ်းမရ ကြည့်တယ်။ ဒီအချိန်မှာပဲ သီရိက…

'ရှင်တို့ တိတ်တော့၊ ပြောစရာရှိတယ်'

'ပြောစေဗျာ… ပြောစေ'

စပ်ဖြီးဖြီးမျက်နှာတွေနဲ့ နားထောင်တော့ သီရိက ဝေ့ကြည့်လိုက်တယ်။

'ဒီနေ့ ရှင်တို့နဲ့ကျွန်မတို့ သုံးယောက် တွဲလာတာ တစ်နှစ်ပြည့်ပြီ၊ ဒီတော့'

'အဟီး… ဟုတ်တယ်၊ ဘာလဲ ချစ်သူသက်တမ်းတစ်နှစ် ပြည့်အမှတ်တရပွဲလေး လုပ်ချင်လို့လား၊ Anniversary ပေါ့'

'ဟေ့ကောင်… မြတ်သူ၊ တိတ်စမ်း၊ ပြောတာ နားထောင်'

မြတ်သူကို သက်ထွန်းက ဟောက်တော့ ရန်နိုင်က နှစ်ယောက်စလုံးကို မျက်စောင်းထိုးတယ်။

'မင်းတို့ တိတ်ကြ၊ ကေန္တ ငါတို့ကို လက်ထပ်ခိုင်းတော့မယ်ထင်တယ်၊ အဟီ'

'ဟာ… ဟုတ်မယ်၊ ဟုတ်မယ်'

'တိတ်ကြ'

သဇင်က ငေါက်လိုက်တော့ မျက်နှာပိုးကို သတ်လို့ ရုပ်တွေတည်သွားကြတယ်။ ဒီတော့မှ သီရိက…

'တစ်နှစ်ပြည့်ပြီဆိုတော့… ရှင်တို့ကို ဖြတ်ပြီ'





'ဗျာ'

'ဟင်… ဘာမှလဲ မဆိုင်ဘူး၊ သူများရည်းစားတွေက တွဲလာတာကြာရင် လက်ထပ်ကြတာပါဟာ'

သက်ထွန်းက သေမလို လေသံနဲ့ ပြောတော့ ရန်နိုင်ကလည်း ငိုမဲ့မဲ့နဲ့ အသနားခံတယ်။

'ဟုတ်ပါတယ်ဟာ၊ ငါတို့ကျမှပဲ အဖြတ်ပါခံရတယ်လို့၊ နင်တို့ဟာ စဉ်းစဉ်းစားစားလည်း လုပ်ကြပါ၊ အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်ရင် နောင်ပြင်ရန် ခက်တဲ့အမျိုးတဲ့'

'ဟ… ဟေ့ကောင်… မင်းပြောတာနဲ့ ငါတို့ကို ဖြတ်တာက ဘာမှမဆိုင်ဘူးဟ'

'ဟင်… ဆိုင်ဘူးလား'

မြတ်သူက ဟောက်လိုက်မှပဲ ရန်နိုင်က ပေကြောင်ကြောင်လေး ပိတ်သွားတယ်။ ကောင်မလေးသုံးယောက်ကတော့ မျက်နှာတွေ မာထားကြတယ်။

'အို… ဘာပဲပြောပြော ဖြတ်တယ်ဟာ'

'ဟုတ်တယ် နင်တို့ကို အစကတည်းကကို မချစ်တာ'

'ငါလည်း ဒီလိုပဲ'

မြတ်သူတို့တစ်တွေ ငိုချင်သွားကြတယ်။ ဒီကောင်မလေး သုံးယောက်ကို တကယ်ချစ်ကြတာ။ ဒါကြောင့် နေရာတကာ အကုန်အကျခံပြီး အလိုလိုက်ကြတာလေ။ အခုတော့… မြတ်သူက ညောင်နာနာလေး ပြောတယ်။ မသိရင် လေဖြတ်တော့မှာလို။

'သီရိရယ်… စဉ်းစားပါဦးဟာ၊ ငါ့မှာလေ နင့်ကို ချစ်လိုက်ရတာ၊ နင်နစ်နာအောင် ငါ ဘာမှလည်း မဘာခဲ့ပါဘူးဟာ၊ စဉ်းစားပါဦး'

'ဟုတ်ပါတယ် သဲသဲရယ် ငါ့မှာ နင့်ကို အမြဲတမ်း လွမ်းနေတာပါ၊ အခု နင့်မျက်နှာလေးကို မြင်တော့ အစွမ်းကုန် ချစ်မယ်ကြံထားရှိသေးတယ်၊ အဖြတ်ခံရတယ်ဆိုတော့ စဉ်းစားပါဦးဟာ၊ ငါ့ကို နင်ရင်ကွဲခိုင်းတော့မှာလား'



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်ကပါ အမြီး ကားကြိတ်ခံရတဲ့ တီကောင်လို ထွန့်ထွန့် လူးပြောတယ်။ ဒါပေမဲ့ ဟိုဟာတွေက ဂရုမစိုက်ပါ။ သက်ထွန်းကတော့ သဇင့်ကို ငိုမဲ့မဲ့လေးကြည့်တယ်။

ပြီးမှ…

'နင်တို့ကို ချစ်လွန်းလို့ တစ်နှစ်တည်း အတူတူ တက်ချင်လွန်းလို့ ငါတို့မှာဟာ မနှစ်က စာမေးပွဲကို တမင်ကျအောင် ဖြေခဲ့ကြတာ၊ ဟုတ်တယ်နော်၊ ဟေ့ကောင်တွေ…'

'အေး… အဟုတ်'

ငိုချင်သံလေးတွေနဲ့ ဝိုင်းထောက်ခံချက်ပေးပြီးမှ ကရုဏာများ သက်မလားလို့ အသနားခံတယ်။

'ငါတို့ ဘယ်လောက် ချစ်တယ်ဆိုတာတွေသာကြည့်၊ စိတ်ချ နင်တို့ မကြိုက်ရင် လက်ဖျားနဲ့တောင် မတို့ဘူး၊ ငါတို့ကို မမုန်းလိုက်ပါနဲ့ဟာနော်၊ သနားပါဟာ'

ကောင်မလေးတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။ စာမေးပွဲတောင် အကျခံပြီး ချစ်တယ်ဆိုတော့ နည်းနည်းတော့ ဖြုံသွားကြတယ်။ ကောင်လေးတွေ အနေအထားကလည်း ဥစ္စာပေါ ရုပ်ချောတဲ့အထဲကပဲ၊ ဒါပေမဲ့ သီရိက…

'ဟဲ ကောင်မတွေ ကြားကြလား ခဏ'

ပြောလည်းပြော ခေါင်းသုံးလုံးပူးပြီး ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ တိုင်ပင်နေကြတယ်။ ဟိုငနဲတွေကတော့ ဆည်ဝက ဖျိုင်းတွေလို လည်တဆန့်ဆန့်နဲ့ သီရိက…

'ဟဲ့… အဲဒါ ဘယ်လိုလုပ်ကြမလဲ'

'ဟယ်… ညာပြောတာလည်း ဖြစ်ချင်ဖြစ်မှာ ဘာလဲ ညည်းက ပြောတော့ မချစ်ဘူးဆို စိတ်လည်သွားပြီလား'

သဇင်ကပြောတော့ သဲသဲစုကလည်း…

'ဘာဖြစ်ဖြစ် ငါကတော့ ဖြတ်တယ်ဟယ်၊ ညည်းတို့ ဘာပြောထားလဲ'





'အိုး… ညည်းတောင်ဖြတ် ငါလည်း ဖြတ်တယ်ဟယ်၊ သဇင် နင်ရော ဖြတ်တယ်မို့လား'

'အေး… ဘာမှ သနားစရာမလိုဘူး၊ သူတို့ဘာသာ စာမရ လို့ ကျတာပဲ၊ ငါတို့နဲ့ အနေသာကြီး'

'အေး ဟုတ်တယ်၊ တို့ ရည်ရွယ်ထားတာ စာသင်ဖို့ပဲ၊ ရည်းစား ရှိတာ နားပူတယ်၊ ဖြတ်တယ်ဟယ်'

ဖြတ်သူတို့ကလည်း ခေါင်းတွေ ပူးကုန်တယ်။

'ဟေ့ကောင်တွေ ကြည့်ရတာ သနားသွားပြီထင်တယ်ကွနော်၊ မျက်နှာကို အသားကုန်ငယ်ထား'

'ဟုတ်လောက်တယ်ကွ၊ သူတို့ ငါတို့ကို တမင်စိတ်စမ်းတာ ထင်တယ်'

'မင်းတို့ပြောတာ ဟုတ်နိုင်တယ်၊ ဘာပဲပြောပြော အချစ်မှာ အလျှားအနံမရှိပေမယ့် ဘာရှိတယ်ဆိုလားပဲ'

'အလျှားအနံ… အလျှားအနံမရှိတော့ အမြင့်တို့ ထုထည်တို့ ရှိမလား'

'တော်စမ်းပါကွာ၊ မဟုတ်တာတွေ တစ်ယောက်မှ အဖြစ်မရှိဘူး'

'မင်းကရော သိလို့လား'

'အဟီး… မသိဘူးလေ'

'ထား… တော်တော့၊ တိတ်တိတ်နေ'

စားပွဲကို ခြားပြီး ဟိုဘက်သုံးယောက် ဒီဘက်သုံးယောက် တွတ်တွတ် တွတ်တွတ်နဲ့ တွတ်ထိုးနေကြတယ်။ မသိရင် ပဟေဠိပြိုင်ပွဲ ကျနေတာပဲ။ သက်သက်ဇင်က မျက်စိတစ်ချက် လှန်ကြည့်ပြီး စာပြန်ဖတ်နေတယ်။ သူက ချစ်ရေးကြိုက်ရေးမှ စိတ်မဝင်စားတာ။

တော်တော်ကြာတော့ နှစ်ဘက်စလုံးခေါင်းတွေ ပြန်ထောင်လာကြတယ်။ ကောင်မလေးတွေက ရုပ်တည်နေပေမယ့် ကောင်လေးတွေက မျက်နှာငယ်နေကြတယ်။ သီရိက…

'ဟင်း… ဟင်း ရှင်တို့ ရန်ကုန်သားတွေ လည်တာ ကျွန်မတို့ နယ်သူတွေ အိပ်နေသလောက်ရှိတယ်၊ မယုံဘူး ရှင့်ကို မုန်းတယ်၊ ဖြတ်တယ်ရှင်'



www.burmeseclassic.com

www.burmeseclassic.com



'ရက်စက်တော့မှာလား… ဟင့်အဟင့်… အယုခံဝင်ခွင့်လေး တောင် မပေးတော့ဘူးလား၊ စာမေးပွဲနဲ့ရင်းပြီး ချစ်တာတောင် မယုံဘူးတဲ့၊ ဟော့ကောင်တွေ ကူပြောပါဦး'

မြတ်သူက ငိုမဲ့မဲ့ အကူတောင်းတော့ သက်ထွန်းက ညောင် ညက်ညက်နဲ့။

'ဟုတ်ပါတယ်ဟာ၊ နင့်ကိုသူ စာမေးပွဲနဲ့ရင်းပြီး ချစ်တာပါ ယုံလိုက်ပါ'

'မယုံဘူး… အိုဟာ… ဖြတ်တယ်ဟယ်'

သီရိက အတော့်ကို နာနာကြည်းကြည်းဖြတ်တော့ မြတ်သူ ခေါင်းစိုက်ကျသွားတယ်။ သဇင်ကလည်း သက်ထွန်းကို…

'ရှင့်ကိုလည်း ဖြတ်တယ်၊ သူများကို ပွဲစားလိုက်ပေးမနေနဲ့၊ ရှင်လည်း သွားတော့၊ ဒီနေ့ကစပြီး မပတ်သက်တော့ဘူး'

'ဟင့်… အဟင့်…'

မျောက်နှာကြီး မျက်စေ့စပ်သလိုဖြစ်ပြီးမှ သက်ထွန်းက ဝမ်း သာအားရထအော်သည်။

'ဒါ… ဒါဆို… မနက်ဖြန်ကစပြီး ပတ်သက်လို့ရသေးတာ ပေါ့နော်'

'အိုး… ဒီနေ့ကစပြီးဆိုမှတော့ နောက်နေ့ ဘယ်လိုလုပ်ပါတော့ မှာလဲ၊ ကဲ… သဲသဲ နင်ကရော'

တစ်လက်စတည်း လှည့်ပြောတော့ သဲသဲစုက ရန်နိုင်ကို ကြည့် တယ်။ ရန်နိုင်က အမိန့်ချမယ့် အပြစ်သားပုံစံလေးနဲ့ ကြည့်တယ်။ သဲသဲစုက တရားသူကြီးလေသံနဲ့…

'ဖြတ်တယ်'

'အဟီ… ပြတ်ပြီ… အဲလေ… အဟင့်… ရက်စက်လိုက်တာ အသဲရယ်'

ရန်နိုင်ယောင်တောင်တောင်နဲ့ ပြုံးဖြဲဖြဲပြီးကာမှ ငိုမဲ့မဲ့ ဖြစ်သွား တယ်။ သီရိတို့က မျက်နှာမာကြီးတွေနဲ့ လာသွားကြမယ်ဆိုပြီး သုတ်ခြေ





တင်တယ်။ အဲ… အတော်ဝေးဝေးရောက်မှ စာဖတ်ရင်း ကျန်ခဲ့တဲ့ သက်သက်ဇင်ကို သတိရပြီး သဲသဲစုက နားရွက်နေ လာပြန်ဆွဲခေါ် သွားတယ်။ သက်သက်ဇင် ကန့်လန့်ကန့်လန့်နဲ့ ပါသွားတယ်။

မြတ်သူတို့တတွေကတော့ ခေါင်းကြီးတွေ အောက်ငုံ့လို့ ကြေ ကွဲကောင်းနေတုန်းပေါ့။

❖ ❖ ❖

စိုးသူအောင် ကင်းတင်းထဲမှာ အပေါင်းအသင်းတွေကို လိုက် ရှာတယ်။ တော်တော်နဲ့ ရှာမတွေ့တော့ သူတို့ ကောင်မလေးတွေနဲ့ တွေ့လို့များ တစ်နေရာရာသွားပြီး ပလူးနေကြပြီလား တွေးတယ်။

သူတို့ကောင်မလေးတွေကို ချစ်လွန်းလို့ စာမေးပွဲတောင် အကျခံ ထားတာတဲ့လေ။ မတန်ဘူး။ ကြားထဲက ကိုယ်ပါ အချောင်ထွေးခါနာတာ ကံကောင်းလို့ ခါးပါမကျိုးတယ်။

တွေ့မှ သုံးကောင်လုံးကို ကောလည်းကော ညှဉ်းလည်းညှဉ်း မယ်ပေါ့။ စားသောက်ဆိုင်တစ်ဆိုင်မှာ ဟိုသုံးကောင်ကိုလှမ်းတွေ့တော့ အံ့မြူးသွားတယ်။ အံမယ်… ဘာတွေလဲတော့ မသိဘူး။ သုံးယောက် သား မရှင်မပျနဲ့ ငိုင်နေကြတယ်။

'ဟော့ကောင်တွေ… ငါလာပြီကွ'

အားရဝမ်းသာအော်လို့ သွားထိုင်ပေမယ့် ဟိုဟာတွေက လှုပ် တောင်မလှုပ်။ တစ်ချက်တော့ လှည့်ကြည့်ကြတယ်။ မှာစရာရှိတာ မှာပြီး အကဲခတ်လိုက်တော့ မျက်နှာတွေက သိပ်မကောင်းဘူး။ ဒါနဲ့…

'မင်းတို့ ဘာဖြစ်နေကြတာလဲ ဟွန်း… ငါ့ကို ကျွေးရမှာဦး လို့ မသိချင်ယောင် ဆောင်နေကြတယ်ပေါ့၊ ဟား… ဟား ရှေးကွ စားမေးပွဲကျတာနဲ့တန်အောင်တော့ စားရမယ်'

'စားကွာ… စား… မင်းဘာသာ တစ်ဆိုင်လုံးပဲ စားစား'

'အံမယ်… တယ်မာပါလားကွ'

မြတ်သူက ရုပ်တည်နဲ့ လှည့်ဟောက်တာ အံ့သြသွားတယ်။ ကျန်နှစ်ကောင်ကလည်း စွေကြည့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့က ငါ့ကို ငြိုငြင်တယ်ပေါ့၊ ဒီမှာ မင်းတို့ မကောင်းလို့ ငါ့အိမ်နဲ့ ပြဿနာအတော်ရှင်းယူရတယ်၊ အဲ့ဒါ မင်းတို့သိလား၊ တန်အောင်တော့ စားရမှာပဲ ဟဲ…ဟဲ…ဟဲ၊ နေပါဦး မင်းတို့ ဘာဖြစ်နေကြတာလဲကွ၊ ရုပ်နာကြီးတွေနဲ့'

'အာ… ဒီကောင် စားစရာရှိတာ မစားဘူး၊ အတော်လျှာရှည်ပါလားကွဟေ'

'ဟုတ်ပ့ါကွာ… ယောကျ်ားကြီးတန်မဲ့ လျှာကြောက ရှည်သေး'

ရုပ်တည်နဲ့ ဝိုင်းကောကြတယ်လေ။ သူတို့ကိုများ ဟောက်ရမလား မှတ်တယ်၊ ကိုယ့်ပြန်ကောနေတာနဲ့ ဘုသွားတယ်။ ဒါပေမဲ့ ငယ်ပေါင်းတွေဆိုတော့ မနာပါ။ လာချပေးတဲ့ ဆီချက်ပန်းကန်ကို တူနဲ့နယ်လိုက်ရင်း…

'ဒါနဲ့ မင်းတို့ဟာလေးတွေလည်း မတွေ့ကြပါလားကွ၊ ဘာလဲ လင်နောက်လိုက်သွားကြပြီတဲ့လား၊ ဟား… ဟား… ကောင်းကွာ၊ ဒါဆို မင်းတို့ နှစ်ခါနာတာပေါ့'

'အေး… အဲ့လို လင်နောက်လိုက်သွားရင် ဖြေသာသေးတယ်၊ အခုတော့ အဟင့်…'

ရန်နိုင်တူ ပြောရင်း ငိုမဲ့မဲ့ဖြစ်နေလို့ အံ့သြသွားတယ်၊ စားလက်စတူကို ချရင်း…

'ဟင်… အခု ဘာဖြစ်လို့လဲ မတွေ့ရသေးဘူးလား'

'တွေ့ပြီးပြီ၊ မင်းပြောသလို လင်နောက်လိုက်ရင် ခံသာသေးတယ်၊ အခုတော့ကွာ၊ အု… အု'

မြတ်သူက ပြောရင်း မျက်ရည်စို့လာတယ်။ စကားသံဆက်မထွက်လာတော့။ သက်ထွန်းကို လှည့်မေးတယ်။

'အခု ဘာဖြစ်လို့လဲ သက်ထွန်း'

'ဘာဖြစ်ရမှာလဲကွ၊ ငါတို့ သုံးယောက်ကို သူတို့သုံးယောက် ဗလာကြီး လာဖြတ်သွားတယ်လေကွာ'

'ဟင်… အတော် ပြတ်သွားလား'





'အေး… ဟာကွာ၊ ရည်းစားအဖြစ်က ပြတ်စဲသွားတာကို ပြောတာ၊ မင်းကြီးတော်မတွေက လက်ညှိုးဖြတ်ရအောင် အင်္ဂုလိမာလရဲ့ တပည့်တွေမှ မဟုတ်တာ'

'ဟင်… အဟုတ်ကြီး'

'အဟုတ်ပေါ့ကွ၊ ဒါကြောင့် ငါတို့ မှိုင်နေကြတာ မင်း မတွေ့ဘူးလား'

စွတ်ဟောက်နေတာနဲ့ပဲ ယုံသွားတယ်။ ဒီသုံးယောက်က တကယ်ချစ်တာ။ ရုပ်တွေကလည်း မဆိုးကြသလို ပိုက်ဆံဆိုလည်း မခင်းရဲကြပါ။ ဒါတောင် အပြစ်မရှိ အပြစ်ရှာဖြတ်သွားတယ်ဆိုတော့ ကိုယ့်ကောင်တွေဘက်က ခံပြင်းသွားတယ်။

'ကောင်းကွာ ဟင်… မင်းတို့ကို အစကတည်းက ငါပြောဝါတယ်၊ စဉ်းစဉ်းစားစား လုပ်ကြပါ၊ ဘာမှမဟုတ်တဲ့ အပေအတေတွေအတွက်နဲ့ စာမေးပွဲ အကျမခံပါနဲ့ဆို၊ ထား အခုတော့ ဘယ်နှယ့်လဲကွ ဟင်၊ တောက်… ဖွတ်မရတဲ့အပြင် အဲလေ… ရည်းစားမရတဲ့အပြင် စာမေးပွဲပါ ကျပြီး အခု ဒုက္ခတွေပါ ရနေကြပြီမို့လားကွ၊ တောက်… ငါ သိပ်မပြောချင်ဘူးနော်… ဟင်း…'

တက်တစ်ခေါက်ခေါက်နဲ့ ဟောက်တော့ မျက်နှာငယ်လေးတွေနဲ့ ကြိတ်နေကြတယ်။ ဒီကောင်မလေးတွေကို တစ်ခါနှစ်ခါတော့ မြင်ဖူးတယ်။ အမှတ်မဲ့ပါပဲ စိတ်ဝင်စားစရာမှ မရှိတာ။ သိပ်မပြောချင်တဲ့လူကပဲ ဆက်ပြောပြန်တယ်။

'ပြောကြလေကွာ…ဟင်… မင်းတို့ဘာသာ ရှုံးတာက အရေးမကြီးဘူး၊ ငါပါ ကြားချောင်မိပြီး အခု အိမ်ပေါ်ကတောင် မနှင်ချတာတကောင်း အလကားကောင်တွေ၊ အဲဒါပေါ့ တဏှာလွန် ကျွန်ဖြစ်တယ်ဆိုတာ၊ အခုတော့ ကောင်းကြသေးရဲ့လား ဟင်း… သူများ ကြားလို့မှ မကောင်း၊ ရန်ကုန်သား သိက္ခာကျတယ်၊ ဟော့ကောင်တွေ… ပြောကြလေကွာ'

ဘယ်သူမှ မပြောကြပါ။ သူတို့အပြစ်နဲ့သူတို့ ငြိမ်နေကြတယ်။ ဒါနဲ့ မျက်နှာကို တင်းလို့…

'ငါက အဖိုးတန်လေးတွေဆို မပြောပါဘူး၊ ဟွန်း… အခုတော့



www.burmeseclassic.com

www.burmeseclassic.com



နယ်သူ အပေအတေတွေ အံ့မယ် ရှည်းစားသာဆိုတယ် လက်တောင် မကိုင်ဖူးဘူးတဲ့ဗျာ၊ ဘယ်လောက်ဆိုးလဲဆိုတာ၊ ရန်ကုန်သူတွေ ဒါလောက် လှတာကို မအေကျော်ပြီး ဒွေးတော်လွှမ်းတဲ့ကောင်တွေ၊ တောက်… ခံပြင်းတယ်ကွာ၊ ဒီတောသူမ အပေအတေတွေလုပ်သွားတာကို မင်းတို့ ခံရတာ'

'ဟာ… မင်းကွာ ငါတို့ကို ပြောချင်ပြောပါ၊ သူတို့ကို မပြောပါနဲ့ကွာ၊ မင်း သိပ်မပြောချင်ပေလို့ပဲ စီဒီတစ်ချပ်စာကျော်နေ ပြီ'

'အံ့မာ နာတယ်ပေါ့လေ၊ နားငြီးတယ်ပေါ့လေ'

မြတ်သူက မျက်နှာငယ်လေးနဲ့ ပြောတယ်။ အံ့မယ်… သူတို့ ဟာလေးတွေထိတော့ နာတာ ပြောပါတယ်။ သက်ထွန်းကလည်း မခံ မရပ်နိုင် ပြောတယ်။

'ဟေ့ကောင်… မင်းသေချာမမြင်ဖူးဘဲနဲ့ ရှင်းရခဲ့မပြောနဲ့၊ ကိုရီးယားမင်းသမီးတွေ ငိုလောက်အောင် ချောကြတာ'

'အောင်မယ်… မင်းတို့ တောသူမ အပေအတေတွေကို ကိုးရီးယားမင်းသမီးလေးတွေမြင်ရင် ငိုမယ်၊ ဟုတ်လား… ဟုတ်မှာပါ၊ ရဲရဲကြီးတွေ မီးမီးကြောက်ကြောက်ဆို အော်ပြေးမှာ၊ ဟီ… ဟီ…'

'ဟာ… မင်း အဲ့ဒါကြောင့် ရည်းစားမရှိတာ'

'ဘာကွ… ငါ မထားချင်လို့ ပေါ်သမှ ပုံလို့'

ရန်နိုင်က ဝင်နှိပ်တော့ မခံချိမခံသာဖြစ်သွားတယ်။ ဟိုင်နဲ့တွေ ကတော့ မဲ့ရွဲ့သွားကြတယ်။ အထင်ကြီးတာ ပြောပါတယ်။ ဟုတ်တော့ လည်း ဟုတ်တယ်။ ရည်းစားဆိုတာ ဟုတ်တိပတ်တိတောင် မရှိခဲ့တာလေ။ စိုးသူအောင်တို့က အဲလိုစွံပြီးသား။

'ဟ…ဟား…ဟား… ကဲ… ဒီလိုပဲ ရယ်လိုက်တော့မယ်၊ မင်းသာ ရည်းစားရခဲ့ရင် ငါတို့ မင်းကို ဆရာတင်မယ်'

'ဟုတ်ပါ့ ဒီငပေါကြီးက ရည်းစားပေါတယ်တဲ့၊ အေးလေ… ပေါချင်လည်း ပေါမှာပေါ့၊ အကြွေးတွေလေ၊ ဟုတ်တယ်နော်၊ ဟေ့ကောင် တွေ'

'ဘာကွ'

ဝိုင်းလောင်ကြတာနဲ့ပဲ တင်းသွားတယ်။ ဒါနဲ့…





'ပြော… ငါဘယ်သူ့ကို လိုက်ပြရမလဲ'

'ဟား… ဟား ပါးလည်း ကွဲနေဦးပါမယ်ကွာ၊ မလုပ်ပါနဲ့၊ တော်ကြာ ရဲစခန်းအာမခံလိုက်ပေးရဦးမယ်၊ ရဲစခန်းတောင် မရောက်ဖူး ဘူးကွ'

'အေး… ပါမောက္ခကြီးကလည်း ဒီအချိန် အလုပ်သိပ်အားတာ ဟုတ်ဘူးကွနော်'

'မရှုမလှတွေဖြစ်လာရင် ငါတို့က သွေးသံရဲရဲ မကြည့်ရဲဘူးကွ'

'ဟင်း… ငါနော်'

ပြောလေကဲလေ ချုပ်လေပြဲလေပဲ။ ဒါနဲ့ ဝိုင်းလောင်နေတဲ့ ငနဲ တွေကို ဘုကြည့်ကြည့်လိုက်တာ၊ ကောင်းပြီ… ငါ တခြားမလိုက် တော့ဘူး၊ မင်းတို့ ကောင်မလေးတွေကိုပဲ လိုက်ပြမယ်'

'ဘာကွ'

မြတ်သူက နှာခေါင်းကြီးပါ နီသွားတယ်။ ကျန်နှစ်ကောင်က လည်း မျက်စောင်းဝိုင်းထိုးတယ်။

'ဟုတ်တယ်… မင်းတို့ရဲ့ အပေအတေလေးတွေထဲက တစ် ယောက်ကို ရအောင်လိုက်ပြမယ်၊ သူတို့ကို လိုက်သာပြ၊ မင်းတို့နဲ့က ပြတ်သွားပြီမို့လား'

'မင်းတကယ်ပြောတာလား'

သုံးယောက်သား ရုပ်တည်နဲ့ ဝိုင်းကြည့်ကြတယ်။ စိုးသူအောင် ဆိုတဲ့ကောင်က ရုပ်ရှိရေလျှံဆိုပေမယ့် ကောင်မလေးတွေနဲ့ပတ်သက်ရင် ချွတ်ပဲ။

ဘာအတွေ့အကြုံမှ မရှိဘူး။

ပြီးတော့ ဟိုကောင်မလေးတွေက မာနခဲလေးတွေ။ လောလော လတ်လတ်လှနေတော့ မာန်တက်နေကြတာ။ ဒီကောင်မလေးတွေကို ဒီမအူ လည်ကောင်က လိုက်မယ်ဆိုတော့ ရယ်ကြတာပေါ့။

'ဟာ… တကယ်ပြောတာ၊ မင်းတို့ ကောင်မလေးတွေကို လိုက်သာပြ၊ ဒါပေမဲ့ ချက်ချင်းကြီးတော့ မရဘူး၊ ငါ့ဘာသာ ကြိုးစား ရဦးမှာလေ'

ငနဲတွေတစ်ယောက်ကို တစ်ယောက် ကြည့်ကြတယ်။ ဟိုတာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို ချစ်ပေမယ့် ဒီကောင့်အရည်အချင်းကို ယုံပြီးသားဆိုတော့ မငြင်းဘူး။

လောလောလတ်လတ် အသည်းခွဲသွားတာဆိုတော့ စိတ်နာချင်တယ်။ ဒါပေမဲ့ ချစ်တာက ချစ်တာပဲ။ မြတ်သူက…

'မင်း ဘာသာ ဘာဖြစ်ဖြစ် ငါတို့ အကြောင်းမရှိဘူးနော်၊ မင်းပြဿနာ မင်းဘာသာရှင်း'

'ရတယ်ကွာ'

'ဟေ့ကောင်… မင်းစဉ်းစားနော်၊ တော်ကြာတစ်ခုခုဖြစ်ရင် ငါတို့ တရားခံဖြစ်နေမယ်'

'ရတယ်ကွာ… အဓိကက မင်းတို့အတွက် မခံချင်တာရယ်၊ ပြီးတော့ ငါစာမေးပွဲကျတာ မတန်ဘူးဖြစ်သွားလို့၊ ဒီတော့ သူတို့ဆီက တန်ရာတန်ကြေးတစ်ခုတော့ ရမှဖြစ်မှာ'

'အံမယ်… သိပ်အပြောကောင်းပါလားကွ၊ ဟိုဟာလေးတွေကို လွယ်လွယ်ရမယ်လို့ မင်းထင်ရင် မှားမယ်နော်'

'ဘာပဲဖြစ်ဖြစ် ငါလိုက်မယ်ကွာ၊ မင်းတို့ ဟာကလေးတွေကိုပဲ လိုက်ပြ'

ဆိုတော့ ခေါင်းသုံးလုံးပူးသွားကြတယ်။ သူတို့စိတ်ထဲမှာ စိုးသူအောင်အတွက် အဖြေက လုံးဝ မဖြစ်နိုင်။ ဒါနဲ့…

'အေး… သူတို့ကို ချစ်ပေမယ့် သူတို့ကမှ မချစ်တာ ဘယ်တတ်နိုင်မလဲ၊ မင်းလိုက်ချင်လိုက်ကွာ မင်းနဲ့ဆို ငါတို့ ကြည့်ဖြူတယ်'

သက်ထွန်းက ပြောတော့ မြတ်သူကလည်း…

'ဟုတ်တယ်… မင်းလိုက်ရင်လည်းလိုက် ငါတို့မရှုပ်ဘူး၊ ဒါပေမဲ့ သတိတော့ထား၊ သူတို့က တအားပါးတာ'

'ဟုတ်တယ်ကွ ၊ ငါတို့ သုံးယောက်ကို အရှုံးလုပ်သွားတာပဲ၊ မင်းစဉ်းစားကြည့်'

ရန်နိုင်ရဲ့ စကားဆုံးတော့ စိုးသူအောင်က မိန့်မိန့်ကြီး ပြုံးတယ်။

'စိတ်ချစမ်းပါကွာ၊ ငါ မင်းတို့အတွက် ပြန်ပြီး လက်စားတုံ့ပြန်ပေးမယ်၊ မင်းတို့ကို အရှုံးလုပ်သလို သူတို့ ပြန်ရှုံးစေရမယ်၊ စိတ်ချ၊ ဟား… ဟား… စိုးသူအောင်ပါကွ၊ မနိုင်ရင် ဖဲတောင် မရိုက်ဘူး၊ ဟွန်း…





ဟွန်း… ငါနဲ့ မင်းတို့နဲ့ လယ်ပြင်မှာ အဲလေ… တွေ့ကြပြီပေါ့ကွာ၊ တွေ့ပြီပေါ့'

အံမယ် ကြိမ်းနေတာကတော့ အဟုတ်ဗျာ၊ ဟိုသုံးယောက်ကတော့ ခေါင်းတွေရမ်းရင်း မဲ့နေကြတယ်။ ဒီကောင်ကို ဘယ်လိုမှကို အထင်မကြီးကြတာ၊ ဒါနဲ့ပဲ…။

❖ ❖ ❖

စိုးသူအောင် ဒီမနက် နာရီကို နှိုးစက်ပေးပြီး တမင် စောစောထတယ်။ ဒါက အကြံနဲ့လေ။ လမ်းထိပ်နားက စားသောက်ဆိုင်မှာသွားထိုင်ပြီး ဟိုဘောလုံးသူမလေးတွေကို ငမ်းမယ်။

သူတို့အကြောင်းကို စုံစမ်းရသလောက်တော့ နယ်ကနေ ကျောင်းလာတက်တာလောက်ပဲ သိရတယ်။ ဒါနဲ့ စောစောထပြီး သူတို့ ဘယ်အချိန်ထပြေးလဲဆိုတာ စောင့်မယ်။ နောက်မှ ရင်းနှီးအောင် လုပ်ရမယ်ပေါ့။

ရေချိုးခန်းထဲ မျက်နှာတွေဘာတွေ သစ်ပြီး အဝတ်အစားလဲလို့ ဧည့်ခန်းထဲကို ကုပ်ဖေးဖေးနဲ့ လာခဲ့တယ်။ ဖအေဖြစ်သူက စောစောထတတ်တော့ ဧည့်ခန်းထဲများ ထိုင်နေမလားရယ် တွေးပြီး ချောင်းကြည့်တယ်။ ဒါပေမဲ့ ဘယ်သူမှ ရှိမနေပါ။ အသာလစ်ထွက်လာခဲ့တယ်။ အိမ်က လမ်းထိပ်နဲ့ကပ်လျှက်ဆိုတော့ ခဏနဲ့ ရောက်တယ်။

ဟိုကောင်မလေးတွေ နေတဲ့နေရာက လမ်းမကြီးရဲ့တစ်ဘက်ခြမ်း။ အတွင်းထဲ အံတော်ကျမယ် ထင်တယ်။ ဆိုင်ကိုရောက်တော့ မြင်ကွင်းကောင်းမယ့်ဝိုင်းကို ယူတယ်။ ဆိုင်ရှင်က အံ့ဩတကြီးနဲ့ ကိုယ်တိုင် ထွက်လာတယ်။

'ဟာ… ဘုရား… ဘုရား ငစိုးသူ မင်းဟုတ်ပါတယ်နော်၊ သေချာပြီ၊ ငါ့ဆိုင်တော့ ရောင်းကောင်းပြီ၊ ဟဲ… ဟဲ… တယ်ထူးဆန်းနေပါလားကွဟေ'

'ဟာဗျာ… ခင်ဗျား အဲလိုပြောင်ရင် ကျုပ်ဆိုင်ပြောင်းထိုင်မှာနော်'

'အဲလိုတော့ မလုပ်ပါနဲ့ကွာ၊ ထုံးစံအတိုင်းပဲမို့လား'

www.burmeseclassic.com



ဆိုင်ထဲကို လှမ်းအော်မှာလိုက်ပြီးတော့ ဆိုင်ရှင်က ဘေးခုံဝင်ထိုင်တယ်။ လမ်းထဲကို လှမ်းငေးနေတဲ့ စိုးသူအောင်ကို ကြည့်ပြီး တစ်ခုခုပဲဆိုတာတော့ သိတယ်။ ဘာတွေ ကြိတ်ကြံတယ်ဆိုတာကို စပ်စုတယ်။

'မင်း စောစောထပြီး ငါ့ဆိုင်လာထိုင်တာ အကြံတော့ရှိပြီထင်တယ်၊ ပြော… ငါ ကူညီလို့ရရင် ကူညီရအောင်'

'တကယ်ပြောတာလား'

'ဟာ… တကယ်ပေါ့၊ ဪ… သိပြီ မင်းဒါလောက်ဖွဲကောင်းနေတာ ဖွန်ကိစ္စပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မလား၊ ငါ့ကောင် ငါလည်း ငယ်ရာက ကြီးလာတာပါကွ၊ ဟဲ… ဟဲ…'

စိုးသူအောင်က ပြုံးတယ်။ ယောကျ်ားပီပီ ရှက်မနေတော့ပါ။

'ဟုတ်တယ်ဗျ၊ ဦးဇော်သိမလားတော့ မပြောတတ်ဘူး၊ ဟိုဗျာ… မနက်တိုင်း ဒီလမ်းထဲက ထွက်ထွက်လာတဲ့ ဘောလုံးသမားလေးတွေလေဗျာ'

ဦးဇော်ဆိုတာ ဒီဆိုင်ရဲ့ပိုင်ရှင် ရင်းနှီးလို့ ဦးဇော်ခေါ်ပေမယ့် နာမည်အရင်းက မသိပါ။

'ဪ… သိပြီ… ဒီနားမှာ သူတို့က အလှဆုံးပဲကွ၊ ငါ သိရသလောက်တော့ နယ်သူတွေကွ'

'ဟင်… သူတို့လက်က သန့်ရဲ့လား'

'လက်အိတ်စွပ်၊ ဟာ… အသုပ်နယ်တာကို ပြောတာ မဟုတ်ဘူး။ ရှုံ့ကုန်ကဟာတွေ မဟုတ်ဘူး ပြောတာဟ'

'ဪ… အဲလိုလား၊ သူတို့နာမည်ရော သိလား'

'နာမည်… နာမည်'

ဦးဇော်က မေးပွတ်ရင်း စဉ်းစားတယ်။ အတော်ကြာမှ…

'သူတို့နာမည်က နေဦး၊ သောကြာသမီးတွေချည်းပဲကွ၊ အဲ… သနဲ့စရင်စ မစရင် ဟနဲ့ စမယ်ကွ'

'ဟာ… အဲဒါတော့ ဦးဇော်ပြောမှလားဗျ၊ သောကြာက သနဲ့ဟပဲ ရှိတာကို'





'အဟီး… ငါလည်း နားစွန်နားဖျားပဲ ကြားတာကိုကွ၊ မသိဘူး'

'အဲဒါများ အစကတည်းက ပြော… ပြီးတာပဲ'

စားစရာတွေရောက်တော့ စားမယ်ကြံကာရှိသေး၊ လမ်းထဲကနေ ကောင်မလေးတွေ ပြေးထွက်လာကြတာနဲ့ စားမရတော့ဘူး။

'ဟာ… လာကုန်ကြပြီဗျ၊ အဟဲ… ချစ်စရာလေးတွေဗျနော်၊ အတော်လှတာ… အင်း… သူရှားသမီးတွေများ ဆုတောင်းကောင်းလိုက်တာ'

'ဟွန်း… ရုပ်ကိုက'

ရုပ်ကို ဖြီး မျက်လုံးကို ပြူးနေအောင် ဖြဲငမ်းတာနဲ့ ဦးဇော်က ချက်စောင်းထိုးတယ်။ ဟိုဟာလေးတွေက ဂရုမစိုက်ဘူး တအိအိနဲ့ ဆိုင်ရှေ့က ဖြတ်ကျော်ပြေးသွားကြတယ်။

စိုးသူအောင် မျက်စိတစ်ဆုံးကြီး ကြည့်နေတော့တာ။ မြင်ကွင်းထဲက ပျောက်သွားတော့မှ သက်ပြင်းကြီးကို ဟင်းခနဲချလိုက်ပြီး တံတွေးကို အတင်းမျိုချတယ်။

ရေဆာသလို ဘာလို ဖြစ်လာလို့ ဓာတ်ဘူးထဲက ရေနွေးကို ငှဲ့တယ်။ ကြည့်လိုက်တော့ စောသေးလို့ ရေနွေးက အငွေ့မရှိဘူး။ ဒါနဲ့ အငမ်းမရကောက်မော့တယ်။ အဲ… ပြီးမှ ပူလို့ လျှာကြီးတန်းလန်း ထွက်ကျလာပြီး…

'အား… ပူတယ်… ပူတယ်၊ ဟူး… ဟူး'

လျှာကို လက်နဲ့ယပ်၊ လေနဲ့မှုတ်နဲ့ ရှုပ်နေတော့တာ။

'ကောင်းတယ်… မှတ်ပြီလား အဲ့ဒါ ငမ်းချင်ဦးလေ၊ ပူတာတောင် နည်းသေး'

'ဟာဗျာ… ပူရင် ပူတယ် မပြောဘူး'

'ငါ့ကောင်ရယ်… မင်းပဲ စဉ်းစားကြည့်၊ ဓာတ်ဗူးထဲက ရေနွေးက ပူမပေါ့၊ နေပါဦး မင်း အဲဒီလေးယောက်ထဲက ဘယ်သူ့ကို ကြိုက်တာလဲ'

'အင်း… ဘယ်သူ့ကိုလဲ ဆိုတော့'



www.burmeseclassic.com

www.burmeseclassic.com



ဘာမွေးမှ မရှိတဲ့ မေးကို ပွတ်ပြီး အတော်ကြာစဉ်းစားတယ်။ လေးယောက်စလုံးက တစ်မျိုးစီလှနေကြတော့…

'အေးဗျာ… လေးယောက်လုံးကို ကြိုက်တာဗျ'

'ဟေ… မင်းလောဘကြီးလှချေလားကွ'

မျက်ပြူးကြီးနဲ့ အံ့သြပြီးပြောတော့ ပြုံးတယ်။

'ဦးဇော်လည်း သိသားနဲ့၊ ရှေးတုန်းက ဘုရင်တွေဆို မိဖုရားလေးငါးဆယ်ဗျ၊ ကျုပ်က ဘုရင်မဟုတ်တော့ လေးယောက်ဆို တော်ပြီလေ'

ဦးဇော်မျက်နှာကြီး မဲ့သွားတယ်။ အတော်လာတဲ့ အကောင်ပဲ တွေးလိုက်ကာ…။

'ဟ… ဟိုက ဘုန်းရှင်ကံရှင် ရှင်ဘုရင်ကွ၊ ပြီးတော့ မိန်းကလေးတွေက လက်ခံမှာ မဟုတ်ဘူး၊ သူတို့က သောကြာသမီးတွေလေ မင်းမနိုင်ဘူး'

'အင်း… လေးယောက်ယူလာတာနဲ့ သောကြာသမီးနဲ့ ဘာဆိုင်လို့လဲဗျ'

'ဟာ… သောကြာသမီးဆိုတော့… ဆိုတော့'

'ပြောပါဦး… ဘာဖြစ်လို့'

'ဟိုဟာလေကွာ၊ စကားအားကြီးများတာ ဒီတော့ နားငြီးပြီး မင်းပြောမနိုင် ဆိုမနိုင် ဖြစ်မှာကို ပြောတာဟ၊ နဂိုကမှ စကားအင်မတန်များတဲ့ဟာတွေ သောကြာသမီးဆိုတော့ ပိုများတာပေါ့လို့'

'ဟာ… များများဗျာ၊ နားဝွမ်းဆို့ထားမယ်၊ အဟဲ… တကယ်လှတာပါဗျာ၊ ပက်ပက်စက်စက်ကို လှကြတာ၊ အင်း… ဒါမျိုးလေးတွေသာရလို့ကတော့ စိုးသူအောင်တို့ ဒီတစ်သက် သေပါတော့မလားဆောင် မသိဘူး၊ အင်း… ဟင်း'

'ဟွန်း… မုန့်ဆီကြော်က ဘယ်နေတယ်မသိဘဲ သူက အလစ်သုတ်ဖို့ ချောင်းနေပြီ'

'ဦးဇော်ရာ… ဒီမှာ ကိုယ့်ဘာသာတွေးနေတာ၊ နားငြီးတယ်ဗျာ၊ ပြန်တော့… တကတည်း မိန်းမကြီး ကျနေတာပဲ'

'အေ… မင်း ပြောထားဦးပေါ့ကွာ'





ဘုတွန်းထုတ်တာနဲ့ ဦးဇော်လည်း ပေစောင်းပေစောင်းကြည့်လို့ ဆိုင်ထဲ ပြန်ဝင်သွားတယ်၊ စားရင်းနဲ့ ဒီဟာလေးတွေနဲ့ ဘယ်လိုနီးစပ်အောင်လုပ်ရမလဲ ကြံတယ်'

ဒိုင်နိုဆောလောက် ကြံပေမယ့် စာကလေးလောက်တောင် အကြံက ပေါ်မလာ။ ပြီးတော့ ဘယ်သူ့ကို လိုက်ရမလဲဆိုတာလည်း မရေရာသေးဘူး။ ကိုယ့်ဘာသာ အပိုင်ကြံရင်း လေးယောက်ကြား ဗျာများနေတယ်။

နာရီဝက်လောက်ကြာတော့ ကောင်မလေးတွေ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ပြန်ပြေးလာကြတာ တွေ့တယ်။ ဒါနဲ့ပဲ ဘယ်သူ့ကို လိုက် ရမယ်ဆိုတာ အသေအချာ ကြည့်တယ်။

ဟိုကောင်မလေးတွေကတော့ ထုံးစံအတိုင်းပဲ ဆူညံပြီး ဆိုင်ထဲဝင်လာတယ်။ ပြီးတော့ မှာစရာရှိတာမှာလို့ ပါးစပ်ကို အနားမထားဘဲ တွတ်ထိုးနေကြတယ်။ မျက်နှာထားတွေက ရယ်နေကြပေမယ့် ဘာရယ်မသိ သူတို့ကို ရှိန်နေသလိုပဲ။ စိုးသူအောင် အသေအချာကြည့်လို့ ခေါင်းယမ်းတယ်။ ရွေးမရတာနဲ့ပဲ သက်ပြင်းကို ချလိုက်တော့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

'သူတို့ပဲကွ'

'ဟာ'

မြတ်သူက စိုးသူအောင်နဲ့ ဟိုကောင်မလေးတွေ မမြင်အောင် ကွယ်ထိုင်ရင်း ပြတယ်။ ဒါနဲ့ လှည့်ကြည့်ပြီး စိုးသူအောင် ပါးစပ်ပြဲသွားတယ်။ တကယ်ကို ဘယ်လိုမှ ထင်မထားပါ။

ကိုယ်အထင်မကြီးခဲ့တဲ့ အပေအတေတွေဟာ ကိုယ်ကိုယ်တိုင် အသည်းအသန်ကြိတ်ကြံနေတဲ့ လေးယောက်ဖြစ်နေလို့ပဲလေ။

'ဟေ့ကောင်… သူတို့ဆိုတာ သေချာလား၊ ဟုတ်လို့လားကွာ၊ လူမှားတာလား၊ ဟို… မင်းတို့ကောင်မလေးတွေက ပုံဆိုးလေးတွေပါ၊ ဟုတ်လို့လား'

ကပြူးကပြဲနဲ့ ငြင်းတော့ မြတ်သူက ဆဲတယ်။

'မင်းဂျီးတော်ကြီးတဲ့မှ ငါ့ရည်းစား ငါမှားစရာလား၊ မင်း အရင်နှစ်က တွေ့ဖူးတယ်မို့လား'

'အေးလေ… အဲဒါ ဒီလေးယောက်ပဲ၊ ဟေ့ကောင်… မင်းခုမှ ကြောက်နေပြီလား'

'မဟုတ်ပါဘူး၊ ဒါလောက် လှနေတာကို ကြောက်စရာလား၊ ချစ်စရာကွ… ချစ်စရာ… ဟီဟိ'

ကောင်မလေးတွကို ဝှဝှစားစားကြည့်လို့ ပြောနေတာနဲ့ မြတ်သူ တင်းသွားတယ်။ ဒါနဲ့…

'ဘာလဲ လူရှင်တော်ကို ပြောတာလား'





'အေး… ပုပုလေး ဟာ… ကောင်မလေးတွေကို ပြောတာကွ၊ ကြည့်စမ်း… ဒီရုပ်နဲ့ ဒီရုပ် မင်းတို့ ရည်းစားတွေဆိုတာ ယုံတောင် မယုံနိုင်ဘူး'

'ဘာကွ'

မြတ်သူ မျက်နှာကြီး မဲ့သွားတယ်။ အတင်းကြီးငမ်းနေတဲ့ စိုးသူ အောင်ကို…

'မင်း အခု သိပြီမို့လား၊ ငါတို့ ဘာလို့ စာမေးပွဲကျခံပြီး ချစ်လဲ ဆိုတာကို'

'အေး… မင်းတို့ ကျချင်ရင်လည်း ဆယ်ခါပြန် ကျချင်စရာလေး တွေကွ၊ နေပါဦး အရင်နှစ်က ဒါလောက် မလှပါဘူး ပေပေတေတေ လေးတွေပါ'

'ဟုတ်တယ်… ဒီနှစ်မှ ပိုလှလာကြတာ၊ တောက်… နာတယ် ကွာ… ဟင်း'

မြတ်သူက ကြိတ်မနိုင်ခဲမရနဲ့ ပြောတယ်။ သူ့မှာ ရည်းစားသာ ဆိုတယ် ဟုတ်တိပတ်တိမှ မဟုတ်ဘဲ။ ဟော ဒီနှစ်တော့ ဟုတ်အောင် လုပ်မယ်ကြံကာရှိသေး ပြတ်သွားပြီလေ။ စိုးသူအောင်က စပ်ဖြဲဖြဲနဲ့…။

'ဟုတ်လား… ဘယ်နားနာသွားလဲ'

'ဟာ… အသည်းနာတာပေါ့ဟ၊ မင်းပြောသလို အပေအတေ တုန်းက ရည်းစားဖြစ်ပြီး အခုတကယ်လှလာတော့ ဘာမှကို မဘာရတော့ ဘူး၊ တောက်… စိတ်နာဖို့ ကောင်းလိုက်တာနော်'

မြတ်သူကို ကြည့်ပြီး သနားသွားတယ်။ ခများလည်း အကြောင်း မရှိဘဲ ဖြတ်သွားတော့ ခံပြင်းရှာမပေါ့လေ။ ပြီးတော့ တကယ်လည်း ချစ်ခဲ့တာမို့လေ့ွး။ အခု သက်ထွန်းနဲ့ ရန်နိုင်တောင်မှ ဒီကောင်မလေးတွေ ဆီလာတာ မလိုက်လာခဲ့ကြဘူး။

တွေ့နေ မြင်နေရင် ငိုချင်နေဦးမယ်တဲ့။ ဟိုဟာလေးတွေကတော့ ခသိဘူး၊ သူတို့ဘာသာ ရယ်မောပြီး စားသောက်နေကြတယ်။

'မင်းတို့ ပြန်ကြိုးစားကြည့်ပါလား'

'မင်းမသိပါဘူးကွာ၊ သူတို့က အပြတ်ပြောခဲ့တာ၊ ထင်း---



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ပြောထားရဦးမယ်၊ သူတို့ကို အပျော်တော့ မလုပ်ပါနဲ့ကွာ၊ ဘာပဲဖြစ်ဖြစ် ငါတို့ကတော့ ချစ်နေသေးတယ်'

'ဟာ… စိတ်သာချ၊ အဟဲ… ငါက အတည်ပဲ ကြံမှာ၊ ဒါလောက်လှတာကို'

'ဟွန်း… ငါနော်'

မြတ်သူက မျက်စောင်းထိုးတယ်။ ဆိုင်လည်း မဆိုင် ပိုင်လည်း မပိုင်တာဆိုတော့ သက်ပြင်းကိုချတယ်။

'ဟို ဆံပင်ကို ကောက်ပြီး နားကွင်းနဲ့ အသားဖြူဖြူ အင်္ကျီ အဖြူဝတ်ထားတာ တွေ့လား၊ သူက သီရိတဲ့၊ အရင်ကတော့ ငါ့ချစ်သူပေါ့'

'သြော်… အေး…'

'အသားဖြူဖြူ မျက်လုံးပြူးပြူးနဲ့ နည်းနည်းသွယ်တဲ့ ကောင်မလေးက သဲသဲစုတဲ့၊ စတော်ကင်ဝတ်ထားတယ်၊ အဲဒါ ရန်နိုင့်ကောင်မလေးပေါ့'

'အေးကွာ… ရန်နိုင်နဲ့တောင် မတန်ဘူး… အဟဲ'

'အေး… ဟိုကောင်သာကြားရင် မင်းနာမယ်၊ အသားညိုညို နဲ့ ကောင်မလေးက သဇင်နွယ်တဲ့၊ အဲဒါ သက်ထွန်းကောင်မလေး'

'အင်း… ညိုချောဆိုတော့ ငိုပြောတာတောင် အတော်ကြိုးစားမှ ရမယ့်ပုံ၊ ဘာပဲဖြစ်ဖြစ် ငါကတော့ အဟဲ သဘောကျပြီးသား၊ အဲ… နေပါဦး၊ မင်းတို့ပြောတဲ့ မွန်မဆိုတာ ဘေးက စာကြမ်းပိုးမလေးလား၊ ဟွန်း… သူကျတော့ ပုံတုံးလေးပါလားကွ၊ ဘာမှလဲ ပြင်ဆင်မထားဘူး'

'ဟုတ်တယ်၊ ဒီကောင်မလေးက ဒီလိုပဲ၊ သူကတော့ ရည်းစား မရှိသေးဘူးကွ'

စိုးသူအောင်က ရှပ်အင်္ကျီအပွနဲ့ ထဘီကိုဝတ်၊ ဆံပင်ကို ရိုးရိုးပဲ ချထားတဲ့ ကောင်မလေးကို အသေအချာကြည့်လို့…

'သူတို့ထဲမှာ သူက မလှဘူးကွ၊ အေးလေ… လှမှ မလှတာ ဘယ်ရည်းစားရမလဲ၊ အဟဲ… စိတ်တော့ မကောင်းဘူး၊ သူက လွဲပြီး ကျန်သုံးယောက်ကို ငါ စိတ်ဝင်စားတယ်ကွာ၊ ကြိုက်လည်း ကြိုက်တယ်၊ လိုက်မယ်ကွာ၊ စာမေးပွဲ ထပ်ကျလည်း ရသေးတယ်၊ ဟဲ…ဟဲ'





မြတ်သူ ကြည့်ရင်း မြင်ပြင်းကို ကတ်နေတာပဲ။ စိတ်ထဲမှာလည်း အရှုံးအမဲသားကျွေးမိသလိုတော့ဖြစ်ပြီ တွေးတယ်။ ဒါပေမဲ့ စိုးသူအောင်ကို အထင်မကြီးပါ။ ဒီကောင်က ငယ်ဆော်င်းအကြောင်းသိလေ။

ပျော်ဖို့ပါးဖို့က လွဲပြီး အူချာချာပဲ။ ဒီတော့ လိုက်လည်း လေလိုက်ပဲဖြစ်မှာပေါ့ တွေးတယ်။ ဟိုနှစ်ကောင်ကို စည်းရုံးပြီး ကောင်မလေးတွေကို ပြန်လိုက်ကြမယ် တွေးတယ်။ စိုးသူအောင်ကတော့ ဘယ်သူ့ကိုလိုက်ရကောင်းမလဲ ဝေခွဲမရဖြစ်နေတယ်။

ကောင်မလေးတွေက အတော်ကြာကျတော့ ဆိုင်ထဲက ပြန်ထွက်သွားကြတယ်။ မြတ်သူက ကြက်နာကြီး လည်လိမ်သလို စောင်းကြည့်တယ်။ စိုးသူအောင်ကျတော့ ပြုံးနေတယ်။

အခွင့်အရေးများတဲ့သူနဲ့ နည်းတဲ့သူ ကွာတာလေ။ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေကြတယ်။ အတော်ကြာမှ မြတ်သူက…

'စိုးသူ မင်းအိမ်နဲ့ အဆင်ပြေသွားပြီလား'

'မင်းလည်း သိပါတယ်၊ ငါ့အဖေက တကယ်လည်း စည်းကမ်းကြီးတာကွ၊ သူနဲ့ပဲ၊ ကျန်တဲ့လူတွေကတော့ ငြိမ်းပြီးသား၊ ခုတလော ငါလည်း အဖေ့ကို ရှောင်နေရယ်၊ သူက ငါ ဘွဲ့မြန်မြန် ရစေချင်တာ၊ ဒါမှ သူ့ company မှာ ခိုင်းရမှာလေ'

'ဒါပေါ့ကွာ၊ မိဘတွေကတော့ သားသမီးလိမ္မာတာပဲ မြင်ချင်မှာပေါ့'

'ဟာ… မင်းဘာသိလဲ၊ သူက အခုလွှတ်ထားတာ အကောင်းဆိုတာဘူး၊ အေး… သူ့လက်အောက်ရောက်မှ နားရင်းချည်းလွှတ်တီးမှာကွ'

'အဟဲ… အဲတော့လည်း ခံလိုက်ပေါ့'

စိုးသူအောင်မဲ့သွားတာကို ကြည့်ပြီး ရယ်တယ်။

'မင်းကမှ တော်သေးတယ်၊ ငါ့အဖေဆို ငါ့ကိုကြည့်ကို မကြည့်ဘာ၊ သူ့ဘာသာ ရယ်နေတာတောင် ငါ့ကိုတွေ့ရင် မဲ့သွားတော့တာ၊ ဒါတ ကျောင်းအားရက်လေးမှာ အဖေရယ် သားအဖေ Company မှာ ခိုင်းလုပ်မှာပါဆိုတာတောင် ဘာပြောတယ်မှတ်လဲ'

'ဘာပြောလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ကောင် မင်း မရှုပ်စမ်းနဲ့ ငါနဲ့ ဝေးဝေးနေစမ်း၊ မင်းနဲ့ ဝေးလေ ငါ အသက်ပိုရှည်လေပဲတဲ့'

'ဟေ… ဟုတ်လား၊ ဟား… ဟား'

'ဘာဖြစ်လို့လဲ အဖေရယ် သားအဖအရင်းကြီးဟာဆိုတော့ ငါ့ကို စွေကြည့်ပြီး မင်းကိုငါပြောနေရတာနဲ့ ငါ့အလုပ်ပျက် စိတ်လည်း ဆင်းရဲတယ်တဲ့၊ ခပ်ဝေးဝေးနေတာပဲ ကောင်းတယ်၊ မဟုတ်လို့ အမြင်မတော်ရင် ပြောနေဆိုနေရဦးမယ်တဲ့လေ'

'သြော်… အဲ့လို့လား၊ ငါ့အဖေတော့ မင်းအဖေနဲ့ ကွာတယ်၊ အလကားနေ ပြောချင်ဆိုချင်နေတော့တာ'

နှစ်ယောက်သား ဖအေတွေရဲ့ အတင်းကို တုတ်ကောင်းနေတယ်။ ဒီအချိန်မှာပဲ သက်ထွန်းနဲ့ ရန်နိုင်ပြုံးပြုံးပြပြနဲ့ ဆိုင်ထဲ ဝင်လာတယ်။

'ရှာလိုက်ရတာကွာ၊ မင်းတို့ကတော့ ဒီမှာ လာနပ်နေတယ်ပေါ့'

နှစ်ယောက်သား ခုံတွေမှာ ဝင်ထိုင်ရင်း မျက်နှာကြီးတွေ မဲ့နေကြတယ်။ သက်ထွန်းက…

'ဟူး… ပူလိုက်တာကွာ'

'အအေးသောက်လေကွာ၊ ငါတိုက်ပါ့မယ်ကွ'

ပြောတော့ နှစ်ယောက်သား စိုးသူအောင်ကို ဝိုင်းကြည့်ကြတယ်။ ပြီးမှ မြတ်သူကိုကြည့်ပြီး…

'ဒီကောင့် အခွက်ကြီး သိပ်ပြုံးနေပါလား မြတ်သူ ဘာဖြစ်လို့လဲ'

'ဟာ… ဘာဖြစ်ရမှာလဲ၊ ဒီကောင်က လူကသာဖွတ်၊ အကြံက ဂေါ်ဇီလာလောက်ကြံတဲ့အကောင်၊ အတော်ကြီးတဲ့ အကြံနဲ့လေ'

'ဟုတ်လား ဘာအကြံလဲ'

စိတ်ဝင်တစားမေးတော့ မြတ်သူက…

'ဘာဖြစ်ရမှာလဲ၊ သီရိတို့ သုံးယောက်စလုံးကို ကြိုက်တယ်၊ အဲဒါ သုံးယောက်စလုံးကို လိုက်မလို့တဲ့'

'သြော်… အဲ့လိုလား'

'အေးလေ… ဒီကောင်ပြောတုန်းက တစ်ယောက်တည်းဆိုပြီး တော့'





ငနဲတွေ စိုးသူအောင်ကို 'ဘု' ဝိုင်းကြည့်ကြတယ်။ ဒီတော့မှ ခပ်ပြုံးပြုံးနဲ့…

'အဟဲ… ငါပြောတာက ဒီလိုပါကွာ၊ သုံးယောက်လုံးက ရှတယ်လေ၊ ဘယ်ဟာ ရွေးရမှာလဲ မသိတော့ မင်းတို့ ဟိုစကားပုံ ကြားဖူးလား'

'ဘယ်စကားပုံလဲ'

'အမှောင်ထဲ ခဲရမ်းပစ်တယ်ဆိုတာလေ၊ ထိချင်တဲ့အကောင် ထိဆိုပြီး ပစ်တာ၊ ငါလည်း အခုဒီလိုပဲ ရချင်တဲ့သူရပေါ့ကွာ'

'ဘာကွ… အဲလို ရကြေးလား'

'ဘာလို့ မရကမှာလဲ၊ မင်းတို့နဲ့ ဇာတ်လမ်းက ပြတ်သွားပြီလေ၊ အဟဲ… ဘော်ဒါအချင်းချင်း သဘောထားကြီးကြပါ၊ မစားရတဲ့မုန့် နှောက်မချချင်စမ်းပါနဲ့၊ အဟဲ… ဟဲ…'

'ခွေးသူခိုးကောင်'

ငနဲတွေ သံပြိုင်ဝိုင်းဆဲကြတယ်။ မြတ်သူက ဆရာလေသံနဲ့ ရှင်းပြတယ်။

'တကယ်တော့ အချစ်ဆိုတာ မကောင်းသူထိပ်၊ ကောင်းသူထိပ်ကွဆို အမှောင်ထဲ ခဲရမ်းပစ်လို့ရတာ မဟုတ်ဘူး၊ အစကတည်းက ရေရေရာရာမရှိရင် နောက်တော့ စမ်းတဝါးဝါးဖြစ်သွားရောကွ၊ မင်း တစ်ယောက်တည်းကိုပဲ ရည်ရွယ်ပြီးလိုက်ကွာ၊ ငါ့သီရိကိုတော့ ရှောင်ထိုက်၊ ကျန်နှစ်ယောက်ထဲက…'

'ဘာကွ'

စကားတောင် မဆုံးသေးဘူး သက်ထွန်းနဲ့ ရန်နိုင်က ဝိုင်းဆဲကြတယ်။ သူတို့လည်း ဇာတ်လမ်းပြတ်ကာမှ ပြတ်ရော တိုကြတာပေါ့။

'ဟေ့ကောင်… မင်းက အဲလို လုပ်လို့ရမလား'

'ဟုတ်တယ် စိုးသူ၊ မင်း သီရိကိုပဲ လိုက်ပါ၊ တို့ဟာလေးတွေ ချန်ထား'

'ဘာ… အဲ့လို ရမလားကွ'

ပြောတော့ သဘောထားကြီးသလေးဘာလေးနဲ့ ရှင်းပြနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိုးသူအောင်ကတော့ နက်နက်နဲနဲတွေးလို့ ပြုံးနေတယ်လေ။

❖ ❖ ❖

အခုတစ်လော အိပ်ရာက စောစောထတာ အကျင့်ဖြစ်သွားကြပြီ။ ဒါက သဲသဲစုရဲ့ ကောင်းမှုနဲ့လေ။ အခုလည်း အားကစား အဝတ်အစား ကိုယ်စီဝတ်လို့ ပြေးနေကြတယ်။

'တို့က အပြေးဝင်ပြိုင်ဖို့မှ မဟုတ်တာ၊ အဆီကျရုံလေးပဲဆိုတော့ အင်နဲ့အားနဲ့ ပြေးဖို့ မလိုဘူး၊ ပုံမှန်နဲ့ ကြာကြာလေးပြေးရင် ရပြီ၊ အဲဒါမှ ကျန်းမာရေးနဲ့ ညီညွတ်သလို အဆီလည်းကျမှာ'

သဲသဲကပြောတော့ သက်သက်ဇင်က ပြုံးတယ်။

'ညည်းကလေ… အပြောကတော့ သိပ်ကောင်း၊ အဆီကျမကျ တော့ မသိဘူး၊ ပြေးတာနဲ့တန်အောင် စားပြီး တို့တတွေ ပိုများ ဝလာတယ် ထင်တယ်'

'အေးဟဲ့… အစက သိပ်စားမကောင်းဘူး၊ အခု လေ့ကျင့် ခန်းတွေလုပ်မှပဲ၊ အဟီ ပိုစားကောင်းလာတာ'

'သီရိ ပြောတာ ဟုတ်တယ် မိသဲ၊ အရင်ကဆို တို့တစ်တွေ ထမင်းနှစ်ပန်းကန်စားတာ အခု သုံးပန်းကန်ဖြစ်နေတယ်၊ အဟီ… ဗိုက်ပဲ ချပ်မလား၊ ငါးပူတင်းဗိုက်ပဲ ဖြစ်လာမလား၊ စောင့်ကြည့်ရသေးတာပေါ့'

သဇင့်ရဲ့ စကားအဆုံးမှာပဲ သဲသဲစုက မျက်စောင်းထိုးတယ်။

'ဩော်… ဒါဆို ညည်းတို့က စားကောင်းသောက်ကောင်းအောင် ပြေးတာပေါ့လေ၊ ငါပြောပါတယ် အစားလျှော့ပါဆို တော်ကြာ ဖက်တီး ဖြစ်လာမှ ဘယ်သူမှ မကြိုက်ဘဲနေမှာ၊ ငါကတော့ လျှော့တယ်'

'ဘာ… နင်က လျှော့တယ် ဟုတ်လား၊ ဘာလဲ စားခါနီး ထဘီကို လျှော့တာလား၊ နင် အဆိုးဆုံးပဲ သူများ နှစ်ပွဲဆို နင်က သုံးပွဲမှ ဝတာ'

သီရိရဲ့ စကားနဲ့အတူ အားလုံး ဝိုင်းဟားလိုက်ကြတယ်။

သက်သက်ဇင်က နောက်ကို တစ်ချက်လှည့်ကြည့်တယ်။ ပြီးမှ တိုးတိုးပြောတယ်။





'ဟဲ့ကောင်မတွေ… ငါတို့နောက်ကို အကောင်တစ်ကောင် လိုက်နေတယ်၊ မသိမသာကြည့်ကြ'

ပြုံးပြုံကြည့်မှာစိုးတာနဲ့ သတိပေးရတယ်။ သဲသဲတို့သုံးယောက် ပြေးရင်း ဇက်ချိုးသလို ဘာလိုနဲ့ မသိမသာ ကြည့်တော့ မနီးမဝေးမှာ ခပ်ဖြောင့်ဖြောင့်ငနဲတစ်ယောက်ကို တွေ့တယ်။

'နင်တို့က စကားများနေတာကို၊ အဲလူ ငါတို့ လမ်းထိပ်ရောက် ကတည်းက လိုက်လာတာ'

'ဟယ်… သူ့ဘာသာ အပြေးလေ့ကျင့်တာနေမှာပါ၊ တခြားလူ တွေလည်း ကန်ဘောင်မှာ ရှိတာပဲ'

သဲသဲစုက ပြောတော့ သီရိကလည်း…

'မိသက် မဟုတ်မှလွဲရော ဒီကောင့်ကို စိတ်ဝင်စားနေပြီထင်တယ်'

'အေး… ပြောတော့ အချစ်ရေး စိတ်မဝင်စားဘူးဆို'

သဇင်ကလည်း ဝင်ပြောတော့ သက်သက်ဇင် မဲ့သွားတယ်။

'သွားစမ်းပါဟာ… ငါက အမှန်စကား မြေဝယ်မကျ နား ထောင်တာ၊ အကောင်းပြောတာဟဲ့၊ နင်တို့လည်း အရင်ပြေးနေကျ လူတွေ ကို သိနေတာပဲ'

ပြောတော့ သဲသဲက စွေကြည့်တယ်။

'မိသက်… နင်လေ… စပ်စုတတ်လိုက်တာ၊ သူ့ဘာသာ ပြေး တာနဲ့ ငါတို့နောက်လိုက်ရောလား၊ လိုက်တော့ရော ဂရုစိုက်စရာလား၊ ဟွန်း… ပါးကွဲသွားမယ်၊ ကိုယ့်အလုပ်ကိုယ်လုပ် ညည်းဟာလေ လျှာကို ရှည်တယ်'

ဒါနဲ့ပဲ ဆက်ပြေးကြတယ်။ နောက်ကလူကလည်း ပြေးနေတာပဲ၊ ကန်တော်ကြီးစောင်းကို ရောက်တော့ အပြေးကို ခဏရပ် လိုက်ကြတယ်။

အကြောလျှော့ သူလျှော့ ထိုင်သူထိုင်ပေါ့။ ဟိုလူလည်း သူ့ ဘာသာတစ်ယောက်တည်း ဟိုကူနန်းဒီကွနဲ့ လုပ်နေတယ်။ သက်သက်ဇင် က…

'ဟဲ့… နင်တို့ကောင်တွေကို ဖြတ်လိုက်တာ သူတို့ စိတ်ဆိုး နေကြမှာပဲ၊ သူတို့က တကယ်ချစ်ပုံရပါတယ်၊ နင်တို့ဟာ… တကယ့် အသည်းမာတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



သီရိတို့တတွေ ခဏတော့ ငိုင်သွားကြတယ်။ တကယ်လည်း ချစ်၊ မချစ် မရေရာပါ။ ထားတုန်းကလည်း ပြိုင်ထားကြတာ။ တစ်နှစ်တွဲတာဆိုတော့ သံယောဇဉ်တော့ရှိမယ်လို့ ထင်ကြတယ်။

အခု ပြိုင်ဖြတ်ပြီးခါမှ သနားသလိုတော့ ဖြစ်နေကြတယ်။ ဒါပေမဲ့ သီရိက…

'ဘာလဲ… နင်သနားရင် နင်ကြိုက်လိုက်ပါလား၊ သီရိတို့ကတော့တာပဲ၊ ဘာခံစားချက်မှကို မရှိတာ'

ကျန်နှစ်ယောက်ကလည်း မဲ့ရွဲ့သွားကြတယ်။ စိတ်ထဲဘယ်လိုပဲရှိရှိ ပြိုင်ဘက်တွေဆိုတော့ သဲသဲက…

'ငါက ပိုတောင် ပြတ်သေး၊ ဒီကောင့်ကို စိတ်ကူးထဲတောင် ထည့်တာ မဟုတ်ဘူး၊ ဟင်း… ဟင်း'

ပိုမာန်ပါအောင် ရယ်ပါပြတော့ သစင်ကလည်း…

'နင်တို့ကမှ စကားထဲ ထည့်ပြောနေသေး၊ ငါဆို ဟိုကောင်သက်ထွန်းကို တစ်ခါတစ်လေတွေ့ရင်တောင် သူ့နာမည်ကို မေ့တော့တော့'

ပြောလို့ မျက်နှာကို မာလိုက်တယ်။ အံမယ်… နာမည်မေ့နေပေမယ့်လို့ပဲ တွေးရင်း သက်သက်စင်ရယ်ချင်သွားတယ်။ တကယ်တော့ ဒီကောင်မတွေဟာ ဘာမှမဟုတ်ဘဲ ပြိုင်တတ်ကြတာလေ။

'ငါက ဒါတွေ မစဉ်းစားပါဘူး၊ ဒါပေမဲ့ နင်တို့တစ်ချက်လောက်တော့ ငဲ့သင့်တယ်၊ သူတို့က စာမေးပွဲတောင် အကျခံတာ၊ ညည်းတို့ကို ဘယ်လောက်ချစ်သလဲဆိုတာ ပေါ်နေတာပဲ၊ ပြိုင်ချင်တာနဲ့တော့ မလုပ်ကြနဲ့၊ နင်တို့ ဝဋ်လိုက်မယ်'

'ဟယ်… ဝဋ်လိုက်တော့လည်း ထပြေးတာပေါ့ ဟုတ်ဘူးလား သစင်ရယ်'

'အေး… ဟုတ်တယ်၊ ဒီကောင်တွေအကြောင်း မစဉ်းစားတာပဲ ကောင်းတယ်'

'ဟုတ်တယ် ရည်းစားရှိတာ နားပူတယ်၊ ကြာရင်ပူစရာတွေ ပိုများလာမယ်၊ စိတ်ပူတာ ပြောပါတယ်၊ ကဲ… ထားပါဟာ သူတို့ ဘာသာ စာမရလို့ ကျတာပဲနေပေါ့… ကြိုးခုန်ကြမယ်'

သီရိရဲ့ စကားအဆုံးမှာပဲ ခါးပတ်လာတဲ့ ခုန်ကြိုးကို ဖြုတ်လို့





ခုန်ကြတယ်။ ပထမတစ်ယောက်တည်းပဲ၊ အရှိန်လေးရလာတော့ နှစ်ယောက်တွဲ ခုန်တယ်။ တဝေးဝေးနဲ့ ခုန်ရတာ ပျော်စရာကြီးလေ။

တစ်တွဲမောရင် နောက်တစ်တွဲ။ ကလေးတွေကို ရွှင်မြူးနေကြတယ်လေ။ တကယ်တော့ လူတိုင်းဟာ ကိုယ့်ကို ကိုယ်လူကြီးလို့ သဘောမထားဘဲ ကလေးလို့နေကြည့်ခဲ့ရင် ပျော်စရာတွေကို အမြဲတွေ့ကြမှာပဲ။

ဒီအချိန်မှာပဲ ဓာဓာက ပြေးလိုက်လာတယ်လို့ ထင်ရတဲ့ လူတွေက အနားကပ်လာတယ်။

'ဒီမှာကွ… ဒီမှာ'

ခေါ်တော့ လှည့်ကြည့်ကြတယ်။ ပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်တယ်။ သီရိက ရှပ်တည်တည်နဲ့။

'ရှင်ဘာသာရှင်ကွတာ ဘာဖြစ်လို့ လာအော်နေတာလဲ၊ ဟိုဘက်ကိုသွား'

'အေးလေ… အူကြောင်ကြောင်နဲ့'

သဲသဲစုကလည်း မျက်စောင်းထိုးတော့ ဟိုလူ့အိုးတို့အန်းတာနဲ့…

'အေးလေ… ပေါင်ပွန်းလို့… ဟာ… မဟုတ်ဘူး၊ ငါကွတာ မဟုတ်ဘူး၊ မင်းတို့ကို ခေါ်တာ'

'သြော်…'

လေးယောက်သား ဝိုင်းပြီး သြော်တော့ မျက်နှာငယ်လေးနဲ့…

'မနောက်ပါနဲ့ကွာ၊ ငါက မင်းတို့ထက်ကြီးတယ်၊ အသက်ပြောပါတယ်'

'ရှင်ဘာသာကြီးတာ ဘာလို့လာကြွားစရာ အကြောင်းရှိလဲ၊ အသက်ကိုပြောတာ၊ ရှင်နဲ့ မသိဘဲနဲ့ ဘာလို့အသားလွှတ်လာသြော်တာလဲ'

'အေးလေ… မျက်နှာပြောင်ကြီးနဲ့'

ဝိုင်းပြောကြတော့ ငနဲက သွားကိုဖြီးလိုက်ကာ…

'ဒီလိုပါ… ငါက ဘောသမားလေ အဟဲ… အခုအခွင့်သာ လေ့ကျင့်နေတာ'

'သြော်…'

မြောက်ဆွ ပြောက်ဆွနဲ့ ပြောပြတော့ ဝိုင်းသြော်ပြကြပြန်တယ်။

www.burmeseclassic.com



'အဲ့ဒါ အခု မင်းတို့ ကြိုးခုန်နေတာ တွေ့မှ ကြိုးကျန်ခဲ့တာ၊ သတိရလို့ အဟဲ… ခဏငှားပါလားဟင်၊ ခဏပါ ငါက အားကစား သမားဆိုတော့ ကြိုးခုန်ခဏပဲ'

'ဩော်…'

ဝိုင်းဩော်ကြပြန်တယ်။ ကောင်မလေးတွေ တစ်ယောက်နဲ့ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြတယ်။ လာကြောင်နေတယ်ဆိုတာ အသိ သာကြီးလေ။ သက်သက်ဇင်က…

'အိုး… ကျွန်မတို့ ခုန်ကြိုးကို ရှင်ယူခုန်တော့ ဘုန်းနိမ့်မှာပေါ့'

'ဟာ… ရတယ်၊ ရတယ်… အဓိကက ကြောင်… အဲလေ… ခုန်ဖို့ပဲ ပေးသာပေး… အခု ခေတ်ကြီးမှာ ဖုန်းဆိုတာ လူတိုင်းကိုင်နေ ကြတာပဲ၊ ကိစ္စမရှိဘူး'

သီရိက ပြုံးတယ်။

'နေပါဦး ရှင်က တကယ် ဘောသမားလား'

သ 'ဟာ… ဒါပေါ့… ဒီမှာ ရီးယဲလ်ဂျာစီနဲ့ ဒီမှာ ဘောကန်တဲ့ ဖိနပ်လေ'

'ဩော်'

ထပ်ဩော်ကြတော့ ငနဲကိုယ်လေး ကျုံ့သွားတယ်။

'ဟာ… မနှောက်ပါနဲ့ကွာ၊ ဘာလဲ မယုံဘူးလား ငါကန်တဲ့ အသင်းက ဥဿာယူနိုက်တက်လို့ခေါ်တဲ့ မွန်ပြည်နယ် ကိုယ်စားပြု… ပြု…'

'ဘာ… ဥဿာယူနိုက်တက်က မွန်ကိုယ်စားပြု၊ ဟုတ်လား… အဟ'

သဇင်ရဲ့ စကားအဆုံးတော့ ငနဲက အသေအချာ စဉ်းစားတယ်။

'အဲ… မှားလို့… ဥဿာက… ဥဿာက…'

ဆို တထစ်ထစ်ဖြစ်နေတယ်။ တခြားနိုင်ငံက အသင်းတွေကို ကျတော့ သိတယ်။ အခု ဒီအသင်းက ဘယ်တိုင်းကို ကိုယ်စားပြုလဲ စဉ်းစားတယ်။ ကောင်မလေးတွက တခစ်ခစ်နဲ့ ရယ်ကြတယ်။ သဲသဲစုက ရယ်ချင်ပက်ကျိနဲ့…

'ကဲ… ထားတော့ ရှင့်ကို ငှားလိုက်ရင် ဘယ်နားမှာ ခုန်မှာလဲ'





'ဟိုဘက်'

မမြင်ရတဲ့ အကွယ်ဘက်ကို လက်ညှိုးထိုးပြတော့ ပြုံးတယ်။

'ငှားတော့ ငှားမယ်၊ အဝေးကြီးကို မသွားရဘူး ရှင့်ရုပ်က ယုံရတာ မဟုတ်ဘူး၊ ပြန်လာမပို့ရင် ကြိုးဆုံးမယ်'

'ဟာကွာ…'

မျက်နှာကြီးမဲ့သွားလို့ ခေါင်းကို ကုတ်တယ်။ ကိုယ့်ရုပ်ကိုယ် လည်း အတော်သနားသွားပုံရတယ်။

'ကဲ… ဒီတော့… ဒီမှာတင်ပဲ ခုံပြ၊ ဒါမှ ငှားမယ်၊ မဟုတ်ရင် မငှားဘူး'

'ဟင်… ဟိုလေကွာ၊ ဒီလို ငါက ကြိုးတစ်ချောင်းလောက် တော့ ဝယ်နိုင်ပါတယ်ကွာ၊ လာပြန်ပို့မှာပါ ယုံပါ'

'အိုး… မရဘူး၊ ဒီမှာပဲ ခုန်ရမယ်'

ငနဲ ဟိုလိုဒီလိုနဲ့ ခေါင်းကုတ်တော့ ကောင်မလေးတွေ ပြုံး ကုန်တယ်။

'အဟဲ… ငါက မင်းတို့ရှေ့ဆိုတော့ ရှက်တယ်၊ ခုန်ရဲဘူး၊ အဟဲ… မငှားတော့ဘူးကွာ'

'ဘာ… ရှင်ငှားတုန်းက ငှားပြီး မရဘူး၊ ခုန်ပြပါရှင် ကျွန်မ တို့က ကြိုးကို စနစ်ကျကျ မခုန်တတ်ဘူး၊ ရှင်ကတော့ ခုန်တတ်မှာပါ… နာမည်ကျော် ဘောလုံးအသင်းက အားကစားသမားဆိုတော့လေ ခုန်ပြ ပါနော်'

'အဲ… ဟို… လေ'

'ဟုတ်ပါတယ် ရှင်ခုန်ပြပါ'

'အေးလေ… ရှင်က ကျွမ်းတယ်ဆို ကျွန်မတို့ အတုခိုးရတာ ပေါ့ရှင် ပညာယူပါရစေ'

သဇင်နဲ့ သီရိကပါ ထပ်ထောင်တော့ ငနဲ အကြံအိုက်သွားတယ်။ ကြည့်ရတာ ကြိုးခုန်တတ်ပုံ မပေါ်။

'ကဲ… ရှင် ခုန်လေ'

'ဩော်… အင်း'

ယောင်တောင်ပေါင်တောင်နဲ့ ခုန်ကြိုးကိုယူပြီး ပေါ်ကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



လေးကြည့်တယ်။ ဘယ်လိုကိုင်ရမယ်ဆိုတာ စောစောက ကောင်မလေးတွေ ချန်နေတာကြည့်ထားတော့ သိနေတယ်။ ဒါနဲ့ လက်နှစ်ဖက်ကို ဘေးကပ်လို့ လက်ကိုင်နှစ်ဖက်ကို တန်း။ ကြိုးကို ရမ်းတယ်။

'ဖျန်း…'

'သေပါပြီဗျ'

ကြိုးက ကုပ်ကို သွားရိုက်တာနဲ့ ထအော်တော့ ကောင်မလေးတွေ ဝိုင်းရယ်တယ်။ ဒါနဲ့ ဖရိုဖရဲမျက်နှာကို အတင်းပြုံးကာ…

'ဒီကြိုးက ငါ့ကြိုးနဲ့ မတူဘူး၊ အဟဲ… တိုသလိုပဲ ကိစ္စမရှိပါဘူး။ အစမို့ပါ၊ ဟဲ… ကြည့်ထား…'

'ဗိုး… ဘုန်း…'

'ဟား… ဟား…'

ဒီတစ်ခါတော့ ဂုတ်ကို မထိပါ။ ဘောင်းဘီနပ်နဲ့ ငြိပြီး ဘုန်းခနဲ လဲတော့ ကောင်မလေးတွေ ဝိုင်းရယ်ကြလေရဲ့။ ငနဲရှက်လည်း ရှက် ဒေါသလည်း ထွက်သွားတယ်။ ပွန်းသွားတဲ့ ဒူးကိုပွတ်လို့ မျက်နှာကြီး မဲ့ရင်း ထလာတယ်။ ဒါတောင် မာန်က မလျှော့ချင်ဘူး။

'ကျွတ်… ကျွတ်… ရှော့ကွာ… မင်းတို့ ကြိုးက တယ်တိုကိုးကွ၊ တော်ပြီ၊ မခုန်တော့ဘူး'

'အဟီ… ရှင်က အားကစားသမားလည်း ပြောသေးတယ်၊ ကြိုးလည်း မခုန်တတ်ဘဲနဲ့၊ ဒီမှာကြည့် ကျွန်မ ခုန်ပြမယ်'

ပြောပြီး သဲသဲစုက္ခ ခြေကို စုံကြွခုန်တယ်။ တစ်ခါတစ်ဖက်စီ ကြွလို့ ခုန်တယ်။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ကြည့်ကောင်းနေရောပဲ။

'အဟဲ… လှတယ်ကွာ၊ အဟင်း… ဟင်း… ကြည့်ကောင်းလိုက်တာ'

ငှက်များတက်သလိုလို အသံပါ ထွက်လာတော့…

'ဟင်… ရှင် ဘာကြည့်တာလဲ'

သွားဖြဲကြီးနဲ့ အတင်းငမ်းတယ်ဆိုရင်ပဲ အကြွားလွန်သွားတဲ့ သဲသဲ ရှက်သွားတယ်။

'ဟ… မင်းပဲ ကြည့်ဆိုလို့ ငါက ကြည့်တာလေ၊ အဟဲ… လှတယ်နော်'





'ဘာ… ရှင့်ကို ကြည့်ခိုင်းတာက ကြိုးခုန်တဲ့ ပုံစံ'

'အေးလေ… ငါလည်း အဲ့ဒါပဲ ကြည့်တာပါဆို'

'တော်ပြီ… တော်ပြီ ကြောင်ပဲ သီရိရေ ပြန်ကြမယ်ဟေ့'

ရှက်ရမ်းရမ်းပြီး ရှေ့ကနေ ခြေဆောင့်ထွက်သွားတော့ သီရိတို့က လိုက်တယ်။ ပြေးကြမယ်ကြံကာမှ…

'ဒီမှာကွ ဒီမှာ'

'ဟဲ… ရှင်က ဘာဖြစ်ရပြန်တာလဲ'

ငနဲက ထပ်ကွပြန်တာနဲ့ သုံးယောက်သား ခါးထောက်လို့ ရန်တွေ့ကြတယ်။ သက်သက်ဇင်ကတော့ ကုတ်ဖေးဖေးပဲ။ ငနဲက သက်သက်ဇင် ကို မသိမသာ ကြည့်ပြီးမှ…

'ဒီလိုပါ၊ အခု မင်းတို့ဆီက ကြိုးငှားတဲ့အတွက် ငါဆိုင်တစ်ဆိုင် မှာတစ်ခုခု…'

'ဘာ… ပြောတယ်'

စကားတောင် မဆုံးဘူး၊ ကောင်မလေးတွေ အသံစွာစွာ စွာစွာ ထွက်လာတာနဲ့ ကုပ်သွားတယ်။

'ရှင်က ကျွန်မတို့ကို ဘယ်လိုများ ထင်နေလဲ'

'ဟုတ်ပါ့ သီရိရယ် ပြောလိုက်စမ်းပါ'

'ဟွန်း… အခုမြင် အခုလိုက်ထဲမှာ ကျွန်မတို့ မပါဘူး၊ စား သောက်ဆိုင်ပြောပါတယ်၊ ကိုယ့်ဘာသာ ဝယ်စားနိုင်တယ်ရှင့်၊ ဟွန်း… ရှင့်ကြောင်ပုံကြောင်နည်းက ရိုးလွန်းတယ်'

ပြောတော့ သဇင်ကလည်း နှုတ်သီးကောင်းဆိုတော့ ထခွပ် တယ်။

'ဒီတော့… ရှင့်ဘာသာပြန်ပါ၊ ကျွန်မတို့နဲ့ ရောရော ရောရော လာမလုပ်နဲ့၊ ပါးကွဲသွားမယ်၊ စီးထားတဲ့ ဖိနပ်တွေကလည်း ခွာကောင်း တယ်နော်၊ နှစ်ခါမပြောဘူး'

'လာပါဟယ် သွားကြမယ်၊ နင်တို့ကလည်း စိတ်လျှော့'

သက်သက်ဇင်ရဲ့ စကားအဆုံးမှာပဲ ပေစောင်းစောင်းရှိုးလို့ ပြေး သွားကြတယ်။ ဟိုငနဲ မျက်နှာမည်းကြီးနဲ့ ကုပ်ကျန်ခဲ့တယ်လေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သုံးယောက်သား မျက်နှာလွှဲလို့ ထိုင်နေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် စေ့စေ့ကြည့်ဖို့နေနေသာသာ စကားတောင် ဟဟမပြောကြဘူး။ သက်ပြင်းကိုယ်စီချလို့ တိတ်နေကြတယ်။

တွဲသွားတွဲလာနေကြတဲ့ အတွဲတွေကိုကြည့်လို့ မြတ်သူမနာလိုဖြစ်လာတယ်။ ဖြစ်နိုင်မယ်ဆို သီရိနဲ့ အဲလို တွဲသွားရင်း တီတီတာတာလေးတွေ ပြောချင်တာ။ အခုတော့...

သက်ပြင်းကိုထပ်ချလို့ ခေါင်းကို ရမ်းလိုက်တယ်။ ဟိုနှစ်ကောင်ကို ကြည့်လိုက်တော့လည်း အတူတူပဲ၊ မှိုင်နေကြတယ်။ ကိုယ်တွေက ချစ်တာဆိုတော့ ခံစားရတာပေါ့။ ဒါကြောင့် ရှေးလူတွေက သူချစ်ကိုရှာပါလို့ ဆုံးမကြတာ။

ကဲ... ကောင်းပြီ သူချစ်ကို ရှာတော့ရော။ သူက တကယ်ချစ်ရင် တော်သေး။ သက်သက်ခိုင်းစားချင်လို့ ချစ်တယ်ဆိုရင်နာပြီ။

ဟဲ့... ရှန်းလိုက်စမ်း ဖေ့သားကြီးရေဆို ကိုယ့်ဘာသာ အံကြိတ်ရုံ။ သူကတော့ ချိုရယ်၊ အမြီးရယ်တပ်ပြီး ကြိမ်လုံးလေးကိုင်ထားတာ 'ဟဲ့... ငနွား... ဟဲ့... ငနွား'နဲ့ မောင်းရုံပဲ။

ဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်ရှာတာပဲ ကောင်းတယ်လို့ တွေးတယ်။ တစ်လက်စတည်း ဟိုကောင် စိုးသူအောင်လည်း ဘယ်အခြေအနေရောက်နေပြီလဲ မသိ။ ကြိုးတော့ ကြိုးစားနေလောက်ပြီ။ ဒါပေမဲ့ ရမယ်





တော့ မထင်ပါ။ ခုတစ်လော လေးယောက်ပူးဆုံဖို့ ခဲယဉ်းနေတယ်။ မြတ်သူက ခေါင်းကို ယမ်းလိုက်ကာ...

'ကဲ... ငါတို့ ဘာလုပ်ကြမလဲ၊ ဒီအတိုင်း ထိုင်နေတော့မှာလား'

မေးတော့ သက်ထွန်းက...

'အခုမှ ကျောင်းစဖွင့်ရုံရှိသေးတာ၊ အတန်းတက်ရမှာ ပျင်းတယ်၊ တက်ချင်ဘူး'

'ဟုတ်တယ်၊ ငါကတော့ ဒီနှစ် ရည်းစားလေးနဲ့ တပျော်တက်ရမလား မှတ်တယ်၊ တက်ဘူးဟာ မင်းဘာသာတက်'

ရန်နိုင်က နှာမည်နဲ့လိုက်အောင် ရန်ထောင်တော့ မြတ်သူ မဲ့သွားတယ်။

'ငါပြောတာ အတန်းတက်ဖို့ မဟုတ်ဘူး၊ မင်းတို့ကမှ ဒါကို သတိရသေးတယ်။ ငါက အိမ်ကလာကတည်းက ဘာစာအုပ်မှကို ယူလာတာ အတန်းဆိုတာ သတိတောင် မရဘူး'

ပြောတော့ ရန်နိုင်က ဘုကြည့်ကြည့်တယ်။ ပြီး...

'ဒါဆို... မင်းဘာလို့ ဒီအတိုင်း ထိုင်နေမလားမေးတုံး၊ ဒါဆိုလည်း ထိုင်ခုံတွေ အလကားဖြစ်မှာပေါ့၊ ရပ်ချင်ရင် မင်းဘာသာရပ်'

'အေးလေ... ငါ့ဘာသာ အလွမ်းသယ်နေတာ၊ ဒီမှာ သဇင်နဲ့ နှင်းပါးသွားမြိုင်ထနေတာ၊ ခရီးအတော်ပေါက်မှ အသံဆိုးကြီးနဲ့ ဟွန်း... ဘာမှမဟုတ်ရင်တိတ်ကွာ'

သက်ထွန်းကလည်း မကျေမနပ်ပြောတော့ ခေါင်းကို စုံကုတ်တယ်။ ပြီးမှ...

'ဟာ... ငါပြောတာ အဲ့ဒါပဲ၊ မင်းတို့ကောင်တွေ ပြန်မကြိုးစားကြတော့ဘူးလား၊ နေကွာ... ငါကတော့ သီရိကို အဆုံးရှုံးမခံနိုင်ဘူး၊ ပြန်ကြိုးစားမယ်'

'စောစောကတည်းက အဲလို ပြောပါလားကွ'

'အေးလေ... ငါလည်း ဒီကိစ္စကိုပဲ တွေးနေတာ၊ ဒါပေမဲ့ လွယ်ပါ့မလား'

ရန်နိုင်က ပြောတော့ သက်ထွန်းကလည်း ညည်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ကွ၊ ငါတို့ကို အပြတ်ပြောသွားတာပဲ'

'မင်းတို့က သိပ်အားလျော့တာပဲ၊ ဘာတဲ့ စကားပုံတောင် ရှိသေးတယ်၊ ဂိတ်မရောက်ခင် ဂန့်ကုန်တယ်ဆိုလား'

'ဟ... စစ်မရောက်ခင် မြားကုန်တယ်လုပ်ပါဟ'

သက်ထွန်းက ဝင်ထောက်တော့...

'လျှာမရှည်နဲ့ ဒီအချိန် စစ်လည်းမရှိဘူး၊ မြားလည်း မသုံးတော့ဘူး၊ ငါက လက်ရှိပဲ ပြောတာ၊ ဘာပဲဖြစ်ဖြစ် ငါ ပြန်ကြိုးစားမယ်ကွာ'

ဟိုနှစ်ကောင်ကတော့ အင်လည်းမအင်း၊ အဲလည်း မအဲပါ။ မြတ်သူက အင်းနှိုးနှိုးအဲနှိုးနှိုး စောင့်နေတုန်း စိုးသူအောင်ကို ကွတာတာ နဲ့တဲ့တဲ့နဲ့ လာတာတွေ့ရတယ်။

'ဟိုကောင် ဘာဖြစ်လာတာလဲ မသိဘူး'

'အေးကွ... အဟဲ... မဟုတ်မှလွဲရော၊ သီရိတို့ ဆော်ထည့် လိုက်ပြီ ထင်တယ်'

'ဟုတ်မယ်၊ ဒီကောင့်ပုံက မဟန်ဘူး'

သုံးယောက်သား ကြိတ်ဝမ်းသာသွားကြတယ်။ စိုးသူအောင် ရှုံ့မဲ့ရင်း ဝင်ထိုင်တယ်။

'ကျွတ်... ကျွတ်... ကျွတ်... အီး ဒူးကလည်း ပွန်းသေး တယ်၊ သက်ထွန်း မင်းသဲသဲစုက ငါ့ကို အတော် ဒုက္ခပေးတာပဲ'

'ဘာကွ'

အမူအရာနဲ့ အပြောအဆိုကို ကြည့်ပြီး သက်ထွန်း နှာခေါင်းကြီး နီသွားတယ်။ စိုးသူအောင်ရင်ဘတ်ကို ဆွဲပြီး လက်သီးကြီးရွယ်ကာ...

'ဟေ့ကောင် မင်းပြန်ပြောစမ်း၊ မင်းငါ့ဟာလေးနဲ့ ဘာဖြစ်ခဲ့လဲ'

'ဟာ... ဘာဖြစ်တာလဲဟ'

'ဟေ့ကောင် လွှန်မယ်၊ မလုပ်နဲ့'

မြတ်သူနဲ့ ရန်နိုင်က အတင်းဝိုင်းဆွဲကြတော့ သက်ထွန်း ရှူးရှူး ရှူးရှူးနဲ့ထိုင်လို့ စိုးသူအောင်ကို မျက်ထောင့်နီနဲ့ ကြည့်တယ်။

မြတ်သူက...

'ဟေ့ကောင် မင်းစကားကို ရှင်းရှင်းပြောကွာ၊ ဘာဖြစ်ခဲ့တာလဲ'

စိုးသူအောင်က သက်ထွန်းကို ဘုကြည့်ကြည့်တယ်။





အဲ... ပြီးမှ ကိုယ့်စကားကိုယ်ပြန်တွေးပြီး ပြုံးသွားလို့ ပိုဆိုး သွားတယ်။

'ဟေ့ကောင် မင်းငါ့ကို လာရိတာလားကွ၊ ငါနော်'

သက်ထွန်းက ထထိုးမလိုဖြစ်နေတာနဲ့ ဟိုနှစ်ကောင်က ဝိုင်း ဆွဲရပြန်တယ်။ စိုးသူအောင်က ရီကြီးချက်မနဲ့...

'ဟာ... မင်းက တလွဲတွေးတာကိုကွ'

'ဟ... မင်းပြောတာကလည်း တွေးချင်စရာလေ၊ မဟုတ်ဘူး လား၊ ဟေ့ကောင်... ရယ်မနေနဲ့၊ ငါတိုလာပြီနော်'

သက်ထွန်းကို စိတ်မဆိုးဘဲ စိုးသူအောင် ရယ်တယ်။ ဟိုနှစ် ယောက်ကလည်း မျက်စောင်းဝိုင်းထိုးမှ...

'ဒီလိုကွ မနက်က ငါ ထပြေးတာလေ၊ အကျင့်ကလည်းမရှိတော့ ခေါင်တွေနာပြီး အခုကွနေတာ၊ ဒီကြားထဲ သဲသဲစုတို့နဲ့ တွေ့လို့ ဝင် ကြောင်လိုက်တာ၊ အဲမှာ ပြဿနာကစတာ'

သုံးယောက်သား စိတ်ဝင်တစား နားထောင်နေကြတယ်၊ တမင် ကြောင်တာကိုတော့ မပြောတော့ပါ။

'သူတို့က ကိုယ်လုံးလှမှာပေါ့၊ အားကစားလိုက်စားကြတာလေ၊ အဲ့ဒါက သူတို့ ကြိုးခုန်တာတွေ့တော့ ငါလည်း အကြံနဲ့ ကြိုးဝင်ငှားတာ ပေါ့၊ ငါတွေးတာပေါ့၊ ကြိုးခုန်ရတာ ဘာခက်တာလိုက်လို့ အခုမြင် တာတာပေါ့၊ သူတို့ဆို နှစ်ယောက်ပူးခုန်တာ အလွယ်လေးပဲ'

စိတ်ဝင်တစား မျက်ပြူးလေးတွေနဲ့ နားထောင်နေကြတယ်၊ ဒါနဲ့ အားကို ဖြတ်ပြီး ရေနွေးငုံ့သောက်လိုက်တယ်။ ပြီးမှ...

'ငါကတော့ မိတ်ဖြစ်ဆွေဖြစ်ဝင်ရောပြီး ကြိုးကို ခဏယူ၊ ခွယ်မှာ သွားထိုင်မယ်၊ ပြီးမှ ပြန်ပေးမယ်ပေါ့၊ အဲမှာ ငါ့အကြံကို သိတဲ့ သဲသဲစုက မရဘူး သူတို့ရှေ့မှာပဲ ခုန်ပြဆိုတာနဲ့ ခုန်လိုက်တာ၊ လဲပြီး ဒူးပွန်းပါရောလား အဓိကက တရားခံက သူလေ'

'ဟေ... ဟုတ်လား ...ဟား... ဟား... ဟား'

အခုမှပဲ သက်ထွန်းမျက်နှာ ပြုံးပြီး ရယ်နိုင်တယ်။ စိုးသူအောင်က ညည်းတယ်။

'ငါ့မှာ သူတို့နဲ့ မခင်လိုက်ရတဲ့အပြင် ပေါင်တွေနာ ကွပြီး ဒူးပါ

www.burmeseclassic.com



ပွန်းသွားတယ်၊ ဟူး… မင်းတို့ ဟာလေးတွေက တကယ် မလွယ်ပါ လားကွာ… ကျွတ်… ကျွတ် အခု အီစလန်ကို ဝေနေတာပဲ၊ ကြိုးနှ… တာကလည်းကွာ ကြည့်တာသာ လွယ်တာ အတော်ခက်တာပဲနော်'

'ဟား… ဟား… မင်းက ကြည့်ပြီး လွယ်တာကိုးကွ၊ မနှ… တတ်ရင် ခက်တယ်ကွ'

'ဟား… ဟား တော်သေးတာပေါ့၊ ဒူးပဲပြဲလို့ ငါကတော့ နဖူးပ… ကွဲပြီထင်တာ'

'အစကတည်းက ထင်တော့ထင်ပါတယ်၊ မင်းဒီလောက် အရူး… အချင်းမရှိဘူးဆိုတာ…'

ဝိုင်းလောင်ရယ်ကြတယ်လေ။ စိုးသူအောင်ကတော့ ရှုံ့မဲ့… တော့တာ။

'ငါလည်း ဒူးပြဲမယ့်အတူတူ အတင်းဝင်ရောတာပေါ့၊ ဟူး… ရောမရတဲ့အပြင် သဇင်နဲ့ သီရိကပါ စီးထားတဲ့ ဖိနပ်ချွာကောင်းတယ် ဆိုလို့ ငြိမ်နေလိုက်ရတယ်ကွာ၊ ဟူး… အခုတော့ ငါ့မှာ ပေါင်ကွဲပြီ ဒူးပြဲတာပဲ အဖတ်တင်တယ်'

'ဟား… ဟား တော်လိုက်တာ မင်းဒီပုံမျိုးနဲ့ သုံးယောက် မချော… နဲ့ တစ်ယောက်တောင်ရမှာမဟုတ်ဘူး'

'ဟား… ဟား ငါ့ကောင်က ပြောတော့ ဆင်ဖမ်းမယ်၊ ကျ… ဖမ်းမယ်နဲ့ ပြီးမှပဲ ဖွတ်နဲ့ ကင်းလိပ်လျှောမှားပြီး ပြေးရတယ်လို့၊ ဟား… ဟား'

ဝိုင်းလောင်ကြလေရဲ့။ ဒါနဲ့ပဲ တိတ်ဆိတ်ခြောက်ကပ်နေတဲ့ ဝိုင်း… ရယ်သံတွေနဲ့ ညံသွားတယ်လေ။

❖ ❖ ❖

ကုန်လွန်ခဲ့တဲ့ ရက်တွေနဲ့အတူ အချိန်တွေဟာ ကုန်ခဲ့တယ်။ မနှ… ခင်းတွေနဲ့အတူ စိုးသူအောင်နဲ့ ကောင်မလေးတွေ တော်တော်မျက်မှန်… လာပြီ။ သူတို့ရှေ့ကပြေးရင် နောက်ကလိုက်ပြေးတယ်။ သူတို့ပြုံ့တဲ့အ… မသိမသာလိုက်ပြုံတယ်။





ဟိုကောင်မလေးတွေကတော့ မျက်စောင်းထိုးရုံကလွဲပြီး ဘာမှ မပြောကြပါ။ ဒီနေ့တွေ့ရင် ဝင်ရောမယ်ဆိုတဲ့ အတွေးနဲ့ ပြုံးလိုက်တယ်။ စိုးသူအောင် ပြုံးတာကိုကြည့်ပြီး ဟိုသုံးယောက်က မသင်္ကာကြည့်ကြည့် တယ်။ မြတ်သူက ပုလိပ်ကြည့်ကြည့်လို့ ရှေ့နေလိုစိစစ်တယ်။

'မင်းဘာတွေ ကြိတ်ပြုံးနေတာလဲကွ၊ ဟေ'

'ငါ့အတွေးက အတော့်ကို ကောင်းနေတာကွ၊ ပြောပြရမလား'

'ပြောကြည့်လေ… မင်းငါတို့ကို ဘာမှမပြောဘဲ ဘာတွေလျှို့ ထားလဲဆိုတာ'

သက်ထွန်းကပါ ဝင်ပြောတော့…

'ဟာ… ငါရဲ့ လျှို့ဝှက်ချက်ကို မင်းတို့ကို ပြောပြရင် ငါ့အကြံ …ယ်အောင်တော့မှာလဲ၊ ခု လောလောဆယ် ငါ့အတွေးထဲမှာ ဘာတွေရှိလဲ …သိလား၊ ဟဲ…ဟဲ… ဟဲ အရမ်းပျော်စရာကောင်းတာ'

'ဟ… မင်းအတွေးထဲ ငါတို့က ဝင်ကြည့်လို့မှ မရတာ၊ မင်း …ပြောမှ သိမှာပေါ့'

ရန်နိုင်က မျက်စောင်းထိုးလို့ ရန်ထောင်တယ်။ မျက်စောင်းဝိုင်း …ထိုးကြတာနဲ့ပဲ ရှပ်ကို ပိုဖြဲလိုက်ပြီး မိန့်မိန့်ကြီးပြုံးလို့…

'ငါက ပက်လက်ကုလားထိုင်ပေါ် မျက်လုံးလေး မှေးပြီးထိုင် …နေမယ်၊ အဲ… ဇိမ်ယူတဲ့ သဘောပေါ့ကွာ၊ ငါ့ရဲ့ဆန့်ပြီးထားတဲ့ခြေထောက် …တွေကို သဲသဲစုက သက်တောင့်သက်သာနှိပ်၊ ပြီးတော့ သီရိကပါ ဇက် …ကြောလေးကို မနာအောင် ရွရွလေး ဆွဲနေမယ်၊ တွေးကြည့်စမ်း… …ဒီလောက်ကောင်းတဲ့ စည်းစိမ်လဲဆိုတာ၊ ဟဲ… ဟဲ…'

ဆိတ်သိုးသံကြီးနဲ့ ရယ်တော့ ဟိုကောင်တွေက ဆိတ်မလို မဒ္ဒီတရှိ …တပ်မလာပါ။ လက်သီးကြီးတွေ ဆုပ်ပြီး စွေကြည့်ကြတယ်။

'သဇင်ကလည်း သူ့နှုတ်ခမ်းလေးနဲ့ စပျစ်သီးကိုကိုက် ငါ့ …ခမ်းလေးနဲ့ တေ့ပြီး အဟီး…'

စကားတောင် မဆုံးလိုက်ဘူး ရန်နိုင်ရဲ့ အသံကြီးက ပေါ်လာ …တယ်။

'အေး… လောလောဆယ် မင်းနှုတ်ခမ်းကို ငါ့လက်သီးနဲ့ …နှင်တွေ့ရမယ် လာပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဟုတ်တယ်၊ ငါ့ရဲ့ သဲသဲစုက မနိုပ်ခင် မင့်ခြေသလုံးတွေကို ငါအရင် ထောင်းပေးရတာပေါ့ကွာ'

'ဟင်း… ငါ့ရဲ့ သီရိ မဆွဲခင် မင်းလည်းပင်းကြီးကို ငါအရင် လိမ်ချိုးပစ်ရမယ်၊ ဓိမ်ခံဖို့သာပြင်'

'ဟာ… ဟော့ကောင်တွေ ငါက တွေးတာလေ'

အနားကပ်လာတော့ ထွက်ပြေးရင်း ပြောတယ်ဆိုရင်ပဲ…

'အေး မင်းအတွေးကို လက်တွေ့ အကောင်အထည်ဖော်မယ် လာပါကွ'

'မင်းတို့ပြောတော့ သဘောထားကြီးတယ်ဆို အခု တို့နေကြပြီမို့လား၊ ဟား… ဟား ကဲ မင်းတို့နေခဲ့ကြတော့ ငါကတော့ သွားကြောင်လိုက်ဦးမယ်၊ အင်း… စိုးသူအောင်တို့ကတော့ ကံထလာပြီထင်တယ်'

စိုးသူအောင် မခံချင်အောင် တမင်စရင်း ကန်တင်းဘက်ကို သွားတယ်။ မြတ်သူတို့ ဆဲရင်း ကျန်ခဲ့တယ်၊ ပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်တယ်။ တကယ်တမ်းကျတော့ ဆုံးရှုံးသွားမှာကြောက်သား။

သုံးယောက်သား တိုးတိုးကြိတ်ကြိတ် တိုင်ပင်ကြတယ်။

❖ ❖ ❖

'ဟဲ့ သီရိ ခုတလော ဟိုသုံးကောင် ငါတို့နား ရစ်သီရစ်သီ ပြန်လုပ်နေကြတယ်နော်'

သဲသဲစုက ပြောတော့ သဇင်ကလည်း…

'ဟုတ်တယ်ဟဲ့၊ မနီးမဝေးကနေ မျောက်တုတ်ကွေးမိတဲ့ မျက်နှာတွေနဲ့ လာလာထိုင်ကြည့်နေတာ'

သီရိက မျက်နှာကို မော်လို့ ဝေ့ကြည့်တယ်။ သက်သက်ဇင်က သူ့အရာမပါတော့ ဘာမှမပြောဘဲ စာအုပ်တစ်အုပ်ကို ငုံ့ဖတ်နေတယ်။

'ဘာလဲ… နင်တို့ စိတ်ပြန်လည်နေပြီလား၊ ငါကတော့ မေ့ထားလိုက်ပြီ'





'အံမယ်… ငါကလည်း မစဉ်းစားပါဘူး၊ စိတ်သနလို့'

'အို… သဲသဲစုတို့က ပိုတောင်ဆိုးသေး… ဘူးဆို ဂေါ်ရခါးတို့ မသိတာ၊ သီးရင် ဘူးသီးလို ကြော်စားပစ်မယ်၊ ဟင်း… ဟင်း'

သဲသဲစုရဲ့ စကားအဆုံးတော့ သီရိက…

'အံမယ်… ကောင်မ စကားပြောတာ ရိုးရိုးမပြောဘူး၊ အစားလေးက ထည့်လိုက်သေးတာ၊ အငတ်မ'

'အဟီး… နင်တို့ကလည်း ဩော်… ဒါနဲ့ နင်တို့ကို ငါပြောထားတာ၊ ဘယ်လိုလဲ သင်တန်းတက်ကြမလား'

သီရိနဲ့ သဇင်က တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး သက်သက်ဇင်ကို မေးငေါ့ကြတယ်။

'ငါတို့ကတော့ ကွန်ပျူတာသင်တန်းတက်မှာပါ၊ ဒီကောင်မက ပေကပ်ကပ်နဲ့ သင်းက မနှစ်က တက်ထားတာဆိုတော့ ခေါ်မရဘူး'

သက်သက်ဇင်က သူ့အကြောင်းပါလာတော့ မော့ကြည့်တယ်။ သဇင်က…

'မိသက်ရယ် ငါတို့ အတူတက်ကြမှာ ပျော်စရာကြီးဟာကို'

'အေးလေ… နင်ကလည်း ခွဲခြားခွဲခြားနဲ့'

သဲသဲစုက နှုတ်ခမ်းချွန်ရင်း ပြောတော့ သက်သက်ဇင်က အပြုံးနဲ့ ပြောတယ်။

'ငါ မနှစ်က Basic ကို နှစ်ခါတောင် ပြန်တက်ထားလို့ပါ၊ အလကား ပိုက်ဆံကုန်လို့ပါဟယ် ခွဲခြားတာ မဟုတ်ပါဘူး၊ နင်တို့ Basic ကို တက်ကြလေ၊ နောက်တစ်ဆင့်ကျမှ အတူတူတက်ကြမယ်၊ ဟုတ်ဘူးလား'

သုံးယောက်သား မျက်စောင်းဝိုင်းထိုးကြတယ်။ လည်းတန်းမှာ ကွန်ပျူတာသင်တန်းတက်ဖို့ အဖော်ဆွယ်တာလေ။ ဒါပေမဲ့ သက်သက်ဇင်က ဘယ်လိုမှ ခေါ်မရဘူး။ သီရိက…

'ငါ ပိုက်ဆံ စိုက်ပေးမယ်၊ လိုက်ခဲ့ပါဟယ်'

'အေး… ဒီကောင်မ ပဲကို များတာ'

'ဟုတ်ပါ'

'မလုပ်ပါနဲ့ဟယ်… ပိုက်ဆံတွေ အလကားကုန်တယ်၊ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



တက်ကြည့်ရင် သိလိမ့်မယ်၊ ဒီပညာနဲ့ ဘာမှ လုပ်စားလို့ရတာ မဟုတ်ဘူး၊ သိတယ်ဆိုရုံပဲ၊ တကယ်တတ်တာ မဟုတ်ဘူး၊ မတက်တော့ပါဘူးဟာ'

'အေး… နေဟာ… နင့်ဘာသာ ဟွန်း… ကောင်မ'

'ဟုတ်ပါ့ဟယ်၊ လာပါ သီရိရယ် တို့ဘာသာသွားကြမယ်'

'ကောင်းတယ်၊ နင်မလိုက်ရင် ငါတို့ သွားပြီ'

သဲသဲစုတို့က မျက်စောင်းဝိုင်းထိုးလို့ ထလိုက်ကြတယ်။ သင်တန်းသွားအပ်ကြမလို့လေ။ သက်သက်ဇင်က စပ်ဖြဲဖြဲနဲ့ လောင်တယ်။

'အေး သွားကြ… ငါ စောစောပြန်ပြီး ထမင်းဟင်းတွေ ချက်ထားလိုက်မယ်၊ တကယ်တော့ဟာ မိန်းကလေးဆိုတာ ဘာပညာပဲတတ်တတ် ထမင်းမချက်တက်ရင် အလကားပဲ၊ ယောကျ်ားနားရင်းအုပ်တာ ခံရမှာလေ၊ သွားကြ… သွားကြ'

'နင်ပဲ အကန်မခံရအောင် ထမင်းချက်ပဲ ကျင့်၊ ကောင်မ… လူပါးကိုဝတယ်'

သုံးယောက်သား ဆောင့်အောင့်လို့ ထွက်သွားကြတော့မှ သက်သက်ဇင်ပြုံးလိုက်တယ်။ ရှေ့အအေးပုလင်းထဲက အအေးကို ပိုက်နဲ့ စုပ်လို့လေ။ ပြီးမှပဲ တစ်ယောက်တည်း တိုးတိုးပြောတယ်။

'အခုမှပဲ နားအေးတော့တယ်၊ ဟူး… အတော် စကားများတဲ့ဟာတွေ၊ အံမယ်… သူတို့ကို ကြိုက်တဲ့ကောင်တွေကို အံ့ဩပါရဲ့'

စာအုပ်ကို ငုံ့ဖတ်လိုက်ပြန်တယ်။ စကားပြောမယ့်သူမရှိမှ စာဖတ်ရတာ အရသာရှိမယ်မို့လား။ ဒါပေမဲ့…

'ဟင်… ရှင်… ရှင်…ကို ဥဿာ'

'အဟဲဟဲ ဥဿာမဟုတ်ပါဘူး'

'ဒါဆို ဘယ်သူလဲ'

'ယက္ခပူရ အဲလေ… စိုးသူအောင်ပါ၊ မင်းနာမည် သက်သက်ဇင်နော်၊ ဟဲ… ဟဲ… ဟဲ…'

စာအုပ်ကောင်းကောင်းဖတ်ရမလား မှတ်တယ်။ မနက်တိုင်း လိုက်လိုက်ကြောင်နေတဲ့ ကြောင်လာဝင်ထိုင်တာနဲ့ပဲ စိတ်ပျက်သွားတယ်။ ရှင်းရှင်းပဲ…





'ရှင် ဘယ်သူ့ကို ကြောင်တာလဲ ကျွန်မကတော့ ကန်တော့ဆွမ်းပဲနော်၊ ရှင့်လို ဥဿာမှန်းမသိ မွန်မှန်းမသိကို စဉ်းကို မစဉ်းစားတာ'

'ဟာ… ကွာ'

စိုးသူအောင် မဲ့သွားတယ်။ စစချင်းဆိုတော့ အခံဘက်ကချည်းပဲ။ ဒါပေမဲ့ နိုင်ကွဲက ရှုံးကွဲရဲ့ နောက်ကနေ လိုက်ရတာပဲမို့လား။ မဲ့သွားတာကို အတင်းပြန်ပြုံးလိုက်ကာ…

'ဟွန်း… ဟွန်း… ငါကလည်း မင်းလိုပုံတုံးကြီးကို နှိုးဟိုးပဲ၊ ဘယ်မလဲ ဟိုသုံးယောက်၊ ငါက သူတို့ကိုကြောင်တာ မင်းမပါဘူး'

'ဘာပြောတယ်'

စိတ်ဆိုးမာန်ဆိုး အသံထွက်လာတယ်ဆိုရင်ပဲ စိုးသူအောင် ပြုံးလိုက်တယ်။ သက်သက်ဇင်ကတော့ မျက်နှာလေးရဲလို့ မခံချိမခံသာ ဖြစ်နေတယ်လေ။

'ဟောဗျာ… မင်းပဲ ငါ့ကို စိတ်မဝင်စားဘူးဆို၊ ဘာလို့ စိတ်ဆိုးတာလဲ'

'အဲ'

သက်သက်ဇင် ပါးစပ်လေး လက်နဲ့အုပ်လို့ ကြောင်သွားတယ်။ ပြီးမှ ရုပ်ကို ပြန်မာလို့…

'ကျွန်မစိတ်ဆိုးတာက အဲဒါ မဟုတ်ဘူး၊ ရှင်သူတို့ကို ကြိုက်ရင် သူတို့နောက်လိုက်ပေါ့၊ ဘာလို့ ကျွန်မနားလာလဲ'

'ငါ မလိုက်ရဲလို့ပေါ့ဟ၊ အဲ… ဟွန်း… အဲလို မထင်နဲ့ သူတို့ ဘယ်သွားလဲ ငါမှမသိတာ၊ မင်းသိတယ်မို့လား ပြောပြလေ'

'ဘာ… ဘာလို့ ပြောရမှာလဲ၊ မပြောနိုင်ပါဘူး၊ ဟိုဟာတွေက ရှင့်ကို ရှိတယ်တောင် ထင်တာမဟုတ်ဘူး၊ မသိဘူး၊ သိလည်း မပြောဘူး၊ ကိုယ့်ဘာသာ စုံစမ်း၊ ဒါပဲ'

မိန်းမလေးပီပီ နှုတ်သီးကောင်းတော့ စိုးသူအောင် အ,သွားတယ်။ ပြီးမှ ပြုံးလိုက်ပြီး…

'ဪ… သူတို့က ရှိတယ်မထင်ဘူးဆိုတော့ မင်းကတော့ ရှိတာသိတယ်ပေါ့'

'ဘာ… ရှင်နော်… နာချင်ပြီထင်တယ်'

www.burmeseclassic.com

'အိုး...'

သက်သက်ဇင်က မျက်စောင်းထိုးကာ စာအုပ်ကို ပြန်ဖတ်နေတယ်။ ဒါပေမဲ့ ခဏကြာတော့ ပြန်မော့လာပြီး ရန်တွေ့တယ်။

'ရှင် ဘာလုပ်နေတာလဲ၊ ရှင်နဲ့ ဘာစကားမှ ပြောစရာ မရှိဘူး သွားတော့...'

*ပြောပြီး စာအုပ်ကို ပြန်ငုံ့ ဖတ်နေတယ်။ စိုးသူအောင်က မသွား*ဘူး။ ဒါနဲ့ ပြန်မော့ကြည့်လို့ မျက်စောင်းထပ်ထိုးတယ်။

'ဘယ်လိုလူလဲ၊ ဒီမှာ ရှင်လာတော စာဖတ်ပျက်တယ်၊ ဘယ်လို ဖြစ်နေတာလဲ၊ ကြောင်တောင်တောင်နဲ့ သွား...'

မသွားဘဲ စိုးသူအောင်က ပြုံးလို့ ကြည့်နေတာနဲ့ မျက်နှာလေး ရဲသွားတယ်။ မသွားရကောင်းလားဆို မျက်စောင်းကို ဈေးပေါပေါနဲ့ ပစ်နေပြီးမှ နှုတ်ခမ်းကို ကိုက်လို့ စာအုပ်ကို ပြန်ငုံ့ဖတ်နေတယ်။

'မင်း ငါ့အကြောင်း မသိဘူး ထင်တယ်၊ ဟင်း... ဟင်း'

'ဘာကို သိရမှာလဲ'

သက်သက်ဇင်ရဲ့ မျက်နှာကို အသေအချာစိုက်ကြည့်ပြီး နှာခေါင်းကိုပွတ်ကာ...

'ငါက ငါ့ကို မျက်စောင်းထိုးတဲ့လူတွေကို ဖက်နမ်းတတ်တယ်၊ ဟွန်း... ဟွန်း အရင် ငါ့ကို မျက်စောင်းထိုးတဲ့ (၉၉)ယောက်ကတော့ ပါးတွေ ချိုင့်ကျန်ခဲ့တယ်၊ မင်း မျက်စောင်းထိုးတာ ပြင်နော်၊ တော်ကြာ အယောက်တစ်ရာမြောက်သွားမယ်၊ ငါက အဲလိုယောင် တတ်တာ'

သက်သက်ဇင်မျက်ပြူးလေးနဲ့ ရှက်သွားတယ်။ ဒါပေမဲ့ မျက်နှာကို မာလို့ ပြောတယ်။

'ရှင်လည်း ကျွန်မ အကြောင်းမသိသေးဘူး ထင်တယ်'

'အဟဲ... ဘာလဲ... မင်းပါးကောင်းကြောင်းလား'

'ဟင်း... ရှင့်လို ပြောပြောပြီး ကျွန်မကို ရန်လာရှာတဲ့လူ အရင် (၁၉၉)ယောက် ဘာဖြစ်ခဲ့တယ်ထင်လဲ'

'ဘာဖြစ်ခဲ့လဲ ဟဲဟဲ'

မျက်နှာအပြောင်ကြီးနဲ့ မေးတော့...

'ဘာဖြစ်ရမှာလဲ၊ ကျွန်မ ပါးတွေ ဖြတ်ဖြတ်ချပစ်တာ၊ နားတွေ





နဲ့ သွားတွေ ကတ်လိုက် ကျွတ်ပြီး နားနဲ့သွားဆေးခန်းတွေရောက်ကုန် ပြီလေ၊ ရှင်နဲ့ဆို အယောက်နှစ်ရာဖြစ်သွားမယ်၊ စကားပြော ဆင်ခြင်ပါ၊ *ဒါနဲ့ ရှင့်မျက်နှာကို ဒီဘက်လှည့်ကြည့်စမ်း'*

'ဩော်... အင်း'

ယောင်တောင်တောင်နဲ့ ဘယ်ဘက်ကို လှည့်ပြတော့ သက်သက်ဇင်က...

'ရှေ့ပြီ ညာဘက်ပြန်လှည့်'

'ဩော်... အေး'

ဒါနဲ့ ညာဘက်ကို ပြန်လှည့်ပြတော့ တစ်ခါ...

'ရှင့် သွားတွေကို ပြပါဦး'

'ဟေ... အင်း'

ဒါနဲ့ပဲ စီထားတဲ့ သွားတွေကို နွားဝယ်ခါနီးပွဲစားလို အသေအချာကြည့်လို့ ခေါင်းတဆတ်ဆတ်ညိတ်တယ်။

'ရှေပြီ... ရှင့်ပါးတွေက ရိုက်လို့ကောင်းမယ့်ပုံပဲ၊ သိပ်လည်း မပိန်၊ သိပ်လည်း မဖောင်းဘူး'

'ဗျာ...'

'ပြီးတော့ သွားတွေက လေဆာနဲ့ တိုက်ထားပုံရတယ်၊ တော်တော် အမြစ်ခိုင်တော့ အင်း... ဘယ်ပြန်ညာပြန် အသွားအပြန် ဆယ်ချက် လောက်တီးလိုက်ရင်တော့ ကတ်လိုက် ပြုတ်ထွက်ကုန်မှာ'

'အဟ'

ယောင်ပေပေလေး ပါးတွေကို ပွတ်လို့ မျက်နှာလေးငယ်သွားတယ်။ သက်သက်ဇင်က ရယ်ချင်ပက်ကျိနဲ့ စာအုပ်ကို ပြန်ငုံ့ဖတ်နေတယ်။

'အဟီး... ဟိုလေ... ငါ... ငါ ယောင်တတ်တာက တစ်ခါတလေမှပါ၊ အဟဲ... ဒီအကျင့်တောင် ပျောက်သွားတာ အတော်ကြာပြီ၊ အဲ... ကြာဆို ဖြစ်ကို မဖြစ်တော့တာ၊ ဟဲ... ဟဲ... ဟဲ...'

မျက်နှာကို အတင်းဖြီးတာနဲ့ သက်သက်ဇင်က မော့ကြည့်ရင်း...

'ကဲ... ရှင်သွားတော့လို့ ပြောနေတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ခဏလေးပါကွာ၊ ငါသိရသလောက်တော့ မင်းတို့တွေထဲမှာ မင်းက လှသလို သဘောလည်း ကောင်းတယ်တဲ့၊ အဲဒါပေါ့နော်'

သက်သက်ဇင်ပြုံးရှင်း ရှက်သလို ဖြစ်နေတယ်။ လှတယ် ပြောတာကိုး။ ဒါပေမဲ့…

'ဘာလဲ ရှင်က ကျွန်မကို အမြှောက်ကြိုက်တယ်ထင်လား'

'ဘာလဲ အမြှောက်မကြိုက်ဘူးပေါ့၊ သြော်… သိပြီ၊ တော်ပီဒိုတို့ ဒုံးပျံတို့ အာပီဂျီတို့တော့ ကြိုက်တယ်ပေါ့'

'ဘာ… ရှင်နော်'

ပြုံးနေတဲ့ မျက်နှာလေး တင်းသွားတာနဲ့…

'ဟာ… မင်းကလည်း ငါက စတာပါကွာ၊ စိတ်မဆိုးပါနဲ့၊ မင်း သဘောကောင်းတယ်ဆိုတာ သိပါတယ်'

'ဟွန်း… သဘောနေရာတကာ ကောင်းနေရင် ကျွန်မ ဘာဖြစ်သွားမလဲ၊ အလကားနေ အလကား စကားလာများနေတယ်'

'အဟဲ… ဒီလိုပါကွာ၊ ငါ့ကို သူတို့ထဲက တစ်ယောက်ယောက်နဲ့ ဟိုလေ'

'ဘာ'

မျက်ပြူးကြီးနဲ့ မတ်တတ်ရပ်လိုက်လို့ စိုးသူအောင် လန့်သွားတယ်။ သက်သက်ဇင်က…

'ရှင့်လို အူကြောင်ကြွက်… ဟင်… ပဲခူးမှန်းမသိ မွန်မှန်းမသိ နေရာတကာ ပေါကြောင်ကြောင်နေတဲ့လူကို ကျွန်မသူငယ်ချင်းတွေနဲ့ ပြောပေးစရာလား၊ ရှင်သွားမလား၊ မသွားဘူးလား'

'မင်းက သဘောကောင်းတယ်လေ လှလည်း လှတယ်မို့လား။ အဲဒါ'

'တိတ်… ကျွန်မ သဘောကောင်းပြီး လှတာနဲ့ပဲ သူငယ်ချင်းတွေကို ပြောပေးရမလား၊ တောက်… ရှင်သွားနော် မသွားဘူးလား'

'မသွားဘူး'

သက်သက်ဇင်က ခါးလက်ထောက်လို့ ကြည့်တယ်။

'ရှင်မသွားရင် ကျွန်မ သွားတယ်'





ပြောရင်း စာအုပ်ကို အိတ်ထဲ ထည့်တယ်။ ပြီးမှ ပေကြောင်ကြောင်ကြည့်နေတဲ့ စိုးသူအောင်ကို ရပ်တည်နဲ့ ကြည့်လိုက်ကာ…

'ကဲ… သွားပြီ ရှင်စားပွဲပေါ်က ကျွန်မတို့ စားထားသောက်ထားတာတွေကို တွေ့လား'

'တွေ့သားပဲ'

'တွေ့ရင် ပြီးတာပဲ၊ ကဲ… ရှင်နေခဲ့တော့ တစ်ခါတည်း ပြောထားခဲ့မယ်၊ လိုက်လာရင် ပါးကျွတ်ကျွတ်ကျိုးဖို့သာပြင်'

'အိ'

ပါးလေးပွတ်လို့ မျက်နှာငယ်နဲ့ ငေးကြည့်တယ်။ သက်သက်ဇင်က လှုပ်လှုပ် လှုပ်လှုပ်နဲ့ လျှောက်သွားတော့ စိုးသူအောင် ငေးရင်း ကျန်ခဲ့တယ်။ စားပွဲပေါ်က ပန်းကန်တွေကို ကြည့်ပြီး…

'အံမာ… ဒီပန်းကန်တွေကို တွေ့သားပဲ အဲဒါ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ တောက်… တစ်အုပ်စုတည်းမှာ သဘောအကောင်းဆုံးမို့လို့ပဲ ဆိုးလိုက်တဲ့အပေါက် သွားတာပဲ အေးတယ်'

ခေါင်းတယမ်းယမ်းနဲ့ ဆိုင်ထဲက ထွက်မယ်ကြံသေး။

'အစ်ကို သွားမယ်ဆို ပိုက်ဆံရှင်းသွားဦးလေ'

စားပွဲထိုးကောင်လေးက ဘောင်းဘီကို အတင်းဆွဲတာနဲ့…

'ဟေ… တောက်… ခံစမ်းဟ'

'သြော်… ဒါကြောင့် တွေ့လားလို့ မေးသွားတာကိုး' တွေးရင်း ခံချိမခံသာနဲ့ ပိုက်ဆံရှင်းလိုက်ရတော့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တစ်ယောက်တည်းထိုင်ပြီး တစ်ခုခုကို အလိုမကျဘဲ တင်း… တယ်။ အရင်ကဆို ဒါမျိုးတွေ စိတ်ထဲ မရှိပါ။ ဂနာမငြိမ်ဘဲ နေ… ထိုင်မထိဖြစ်နေတယ်။ စိုးသူအောင်ရဲ့ မျက်နှာကို အတွေးထဲ ပြန်မြ… နေတယ်။

မခံချင်စိတ်နဲ့အတူ အံကြိတ်လိုက်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း… အားငယ်သွားလို့။ အေးလေ ငါက သဲသဲတို့လောက်မှ မလှတာလို့ စိတ်… ဖြေတယ်။ ဒါပေမဲ့ မရဘူး၊ ချက်ချင်းပဲ ပြင်ပြင်ဆင်ဆင်နဲ့ အရမ်း… လှချင်လာတယ်။

စိုးသူအောင်ရဲ့ မျက်နှာကို ပြန်မြင်ရင်းနဲ့ တွေ့မယ် ငါလှ… သင်းလာကပ်ရဲ့ ကပ်ကြည့် တွေ့မယ်၊ တွေ့မယ်လို့ အံကြိတ်တယ်။ လက်… ကိုင်ထားတဲ့ ဂျာနယ်ကြီးကို ဟိုအကောင့်မျက်နှာလို သဘောထား… အတင်းလုံးချေနေလေရဲ့။

ဒီအချိန်မှာပဲ သဲသဲစုတို့ သုံးယောက်ပြန်လာကြတယ်။ ထိုင်… မျက်နှာမာကြီးနဲ့ ဂျာနယ်ကို ချေနေတာကိုတွေ့တော့ အံ့သြသွားကြတ… သက်သက်ဇင်ကတော့ မသိဘူး။ ဂျာနယ်ကြီးကို အတင်းလုံးချေလို့ ထ… ကလည်း…

'တွေ့မယ်… ဟွန်း… တွေ့မယ် နေနှင့်ဦးပေါ့'

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ သဲသဲစုက လှမ်း… ဘယ်။

'ဟဲ့ မိသက်… အဲဒါ ဘာဖြစ်နေတာလဲ'





'ညစ်နေတာလေ မမြင်ဘူးလား'

'ဘာ…'

သီရိတို့တွေကိုမြင်မှ ရှက်ကိုးရှက်ကန်းနဲ့…

'အဲလေ… နင်တို့ မရှိတော့ ငါပျင်းတာနဲ့ အဟဲ… ဂျာနယ်ကိုလုံးပြီး အမှိုက်ပုံးထဲ ပစ်မလို့'

ဒါနဲ့ ဟိုဟာလေးတွေက ခြေပစ်လက်ပစ်ပဲ ဝင်ထိုင်လိုက်ကြတယ်။ သဇင်က…

'အဲဒါကြောင့် ငါတို့နဲ့ တက်ပါဆိုတော့ အခု ပျင်းနေပြီမို့လား'

'ပြောမနေပါနဲ့ သဇင်ရယ်၊ သင်းက ငါတို့ပြောရင် မရဘူး၊ …ည်းစားရမှ သူ့ဘဲပြောစကားနားထောင်မယ့်ရုပ်'

သီရိရဲ့ စကားကြားတော့ သက်သက်ဇင်က ပြုံးတယ်။

'ဟယ်… အဲဒါတွေ စိတ်မဝင်စားပါဘူး၊ အမေ့စကားကို မြေ…ယ်မကျ နားထောင်ပြီးသား၊ နင်တို့ရော အဆင်ပြေခဲ့ကြလား'

'ဒါပေါ့ ဘာမှ မပြောစရာ အကြောင်းမရှိဘူး၊ ပိုက်ဆံပေးလိုက်ရင် …တာပဲ၊ ဒါပေမဲ့ ဟိုသုံးယောက်လိုက်လာတာကိုတော့ ငါ အသည်း…တယ်၊ ပြောရင်း ဒေါသထွက်လာပြီနော်'

သဲသဲစုက အံကြိတ်လို့ပြောတော့…

'ဘယ်သုံးယောက်လဲဟဲ့'

'မြတ်သူတို့ပေါ့၊ ဒါလောက် အပြတ်ပြောထားတာကို'

'ဟုတ်ပါဟယ်၊ မျက်နှာတွေက ကျက်သရေကို တုံးတယ်၊ သင်း…ို့ နေရာတကာ လျှောက်လိုက်နေကြတာလေ၊ ဟွန်း'

သီရိကလည်း ဒေါသထွက်ဟန်နဲ့ ပြောတော့ သက်သက်ဇင် …ပြုံးတယ်။

'သြော်… သူတို့ခမျာလည်း နင်တို့ကို ချစ်ရှာတာကိုဟဲ့၊ ဒါနဲ့ …တို့ကို စကားလာပြောသေးလား'

'အမာ… ပြောကြည့်ပါလား၊ ဟွန်း… အခုဟာက ရိုက်လို့ …ည်းမမီ ပြောလို့လည်း မကြားတဲ့နေရာလောက်က လိုက်တာဟဲ့'

'ဟယ်… သနားပါတယ်'

'ဘာ… သနားရင် နင်ကြိုက်လိုက်ပါလားဟဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ငါ့ကို ကြိုက်တာမှ မဟုတ်တာ နင်တို့ကို ကြိုက်တဲ့ဟာ၊ သြော် နင်တို့ကို ပြောရဦးမယ်သိလား၊ နင်တို့လည်း သွားပြီးရော အကောင်တစ်ကောင် ငါ့ဆီရောက်လာတယ် သိလား'

'ဟုတ်လား ဘာလဲ နင့်ကို လာကြောင်တာလား'

'မဟုတ်ဘူးဟဲ့၊ နင်တို့ကိုတဲ့'

'ဟင်… နင်ဟာက ဘယ်လိုကြီးလဲဟဲ့'

သီရိက အူကြောင်ကြောင်မေးတော့ သဲသဲကလည်း…

'အေးလေ… နင့်ဟာကလည်း နင့်ဆီလာတယ်လည်း ပြောသေး၊ ငါ့တို့ကို ကြိုက်လို့ဆိုတော့'

'ဟုတ်ပါ့ မရှင်းမရှင်းနဲ့'

သဇင်ကလည်း မျက်စောင်းထိုးတယ်။

'နင်တို့က စကားကို ဆုံးအောင် နားထောင်လေ၊ သူက နင်တို့နဲ့ ငါ့ကို အောင်သွယ်ခိုင်းတာဟဲ့'

'ဟယ်… ဘယ်သူလဲ နင့်အသိလား'

'မဟုတ်ဘူး၊ ဟိုတစ်ခါ ငါတို့ဆီက ကြိုးငှားသွားတဲ့ ကောင်လေ၊ မနက်ခင်းဆို ငါတို့နောက်ကို အမြဲလိုက်တဲ့အကောင်'

'ဟင်… ဟုတ်လား'

သုံးယောက်သား စိတ်ဝင်စားသွားပုံရတာနဲ့ သက်သက်ဇင် မနော လိုဖြစ်သွားတယ်။ သီရိက…

'ဟဲ့… သူက ဘယ်သူ့ကို ကြိုက်တာတဲ့လဲ'

'အဲဒါတော့ ပြောမသွားဘူး၊ ငါလည်း ဘုတောပြီး ပြန်လာတာ သေချာတာကတော့ ငါတို့စားထားတာတွေကို သူရှင်းရပြီဆိုတာပဲ'

သဲသဲစုက တွေးတွေးဆဆနဲ့ ပြောတယ်။

'သူက မဆိုးဘူး၊ နည်းနည်းအူတာကလွဲလို့၊ ခက်တာက ဘယ်သူ့ကိုကြိုက်လဲ မသိတာပဲ'

သဇင်ကလည်း…

'ဟုတ်တယ်၊ သူက အသေအချာကြည့်လေ ချောလေပဲ၊ အဟီး… ရင်တောင် ခုန်ချင်လာတာ'

ပြောတော့ သီရိက မျက်စောင်းထိုးတယ်။





'ဟွန်း… ညည်းတို့ အတော်ဖြစ်နေကြတယ်ပေါ့၊ ကြည့်စမ်း… ဟိုက စတောင် မစရသေးဘူး၊ ယိုင်ချင်နေကြပြီ'

'ဘာဖြစ်လဲ သဘောကျလို့ ကျတယ်ပြောတာ'

'အေး သူက ကြိတ်ကြိုက်နေတယ်ထင်တယ်'

ဒါနဲ့ပဲ သုံးယောက်သား မျက်စောင်းပြိုင်ထိုးနေကြတယ်။ ပြိုင်ဘက်တွေဆိုတော့ စကားနဲ့တောင် အသာမခံကြဘူးလေ။ သက်သက်ဇင်က တိုသွားတော့တာ။ ဒါနဲ့…

'ဟဲ့… နင့်တို့ သုံးယောက် ကတိပြုထားကြတာကို မေ့သွားကြပြီလား၊ ရည်းစားမထားကြေးဆို ကတိဖျက်ရင် သိတယ်နော်'

'သြော်… ဟုတ်သား'

ဒါနဲ့ပဲ သုံးယောက်သား မျက်နှာသေလေးတွေနဲ့ ငြိမ်သွားကြတယ်။ ကိုယ့်စကားနဲ့ကိုယ်ဆိုတော့ တိတ်သွားကြတယ်လေ။ ဒါပေမဲ့ သဲသဲစုက မျက်နှာကို ပြန်တင်းလိုက်ကာ…

'ငါက စကားအဖြစ်ပြောတာပါဟာ၊ ဒီလိုကောင်မျိုးကို စိတ်ကူးထဲတောင် အကြာကြီး မဝင်ခိုင်းဘူး'

ကြည့် ပြောပုံကလေ။ ခဏတော့ ဝင်ခိုင်းမယ့်သဘော။ ဒီတော့ သီရိကလည်း အားကျမခံဘူး။

'အို… နင်ကမှ စိတ်ကူးထဲ ထည့်ကြည့်နေသေးတယ်၊ ငါဆို အိပ်မက်ထဲတောင် အကြာကြီး မထည့်ဘူး သိလား'

ခဏတော့ ထည့်မက်မယ့်သဘောလေ။ သဇင်ကလည်း အညံ့မခံဘူး မဲ့ရွဲ့လို့ ပြောတယ်။

'နင်တို့ကမှ စိတ်ကူးထဲ အိပ်မက်ထဲ ထည့်သေးတယ်၊ ငါက အတွေးထဲတောင် မထည့်ဘူး၊ လေးလို့'

ဒါနဲ့ပဲ သုံးယောက်သား မျက်နှာမာတွေနဲ့ တိတ်နေကြတယ်၊ စိတ်ထဲ ဘာတွေရှိကြလဲတော့ မသိပါ။ သက်သက်ဇင်က သဘောပြင်းတို့ ချလို့ ကြိတ်ပြုံးလိုက်တယ်။ နောက်ပြီးမှ…

'သြော်… ဒါဆို နင်တို့ သုံးယောက်က စိတ်မဝင်စားဘူးပေါ့၊ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သင်းကြောင့် ငါ ကတိအပျက်မခံဘူး၊ ဟုတ်တယ်နော်၊ ကောင်မတွေ'

သီရိက တစ်လက်စတည်း အဖော်လုပ်ဆွယ်တော့···

'အေး··· သူပြောသလိုပဲ'

'ဟုတ်တယ်၊ ငါတို့ သုံးယောက်တစ်သားတည်း'

သဲသဲစုနဲ့ သဇင်ကလည်း လိုက်သွားကြတော့ သက်သက်ဇင် ပျော်သွားတယ်။ နောက်ပြီး သဲသဲစုတို့ဝတ်ထားတဲ့ ဒီဇိုင်းတွေကို လိုက်ကြည့်ထားပြီး သူတို့သင်တန်းသွားတဲ့အချိန် အဝတ်အစားတွေ ဝယ်ရမယ် တွေးနေတယ်။ ခဏကြာတော့ သဲသဲစု ဗိုက်ကိုပွတ်ရင်း···

'ဗိုက်တောင် ဆာလာပြီထင်တယ်၊ မိသက် ဘာချက်ထားလဲ အတော်ဆာတာဟယ်'

'ဟွန်း··· အစားပုပ်မ အားအားရှိ စားဖို့ပဲ'

သီရိက မျက်စောင်းထိုးလို့ ပြောတော့ သဇင်က···

'ဟုတ်တယ် ကောင်မရဲ့၊ တကယ် ဆာတာ၊ မိသက် ဘာဟင်းချက်လဲ'

'ငါလည်း ပျင်းတာနဲ့ ငါးမြွေထိုးတစ်မျိုးတည်းပဲ အချဉ်ချက်ချက်ထားတယ်၊ စပ်တော့ စပ်တယ်'

'ဟယ်··· တကယ် ဂလု··· အံမယ် အသံကြားတာနဲ့တင် ဗိုက်က ပိုဆာလာပြီ၊ ကဲ သွားစားကြမယ်လေ'

သီရိက အတင်းထရင်းပြောတော့ သဲသဲစုနဲ့ သဇင်က မျက်စောင်းထိုးတယ်။ သဇင်က···

'ကောင်မ သူပဲ ဘာလေးညာလေးပြောထားပြီး၊ ရေလေးတော့ ချိုးကြဦးမယ်လေ'

'အေးလေ··· ဒါလောက်နံ့စော်နေတဲ့ဟာ နင့်ဘာသာစားနှင့်၊ သဇင်လာဟယ် ရေသွားချိုးကြမယ်၊ ဟွန်း··· ဒီကောင်မက ဝေါ်ကြီးကိုကျတာ'

သီရိက ပေကပ်နေသေးတယ်။ ဒါပေမဲ့ ရေချိုးတာ နောက်ကျရင် စားတာလည်း နောက်ကျမယ်လေ။ ဒါနဲ့ပဲ အတင်းပြေးလိုက်သွားတယ်။





'ဟဲ့ကောင်မတွေ··· ငါ့ကို စောင့်ပါဦးဟဲ့'

သက်သက်ဇင်ကတော့ တစ်ယောက်တည်းတွေးလို့ ပြုံးကျန်ခဲ့တယ်။ အတွေးထဲမှာတော့···

❖ ❖ ❖

ဒီနေ့လည်း လေးယောက်သား အတန်းတက်ပြီးတဲ့အခါ စားသောက်ဆိုင်ထဲထိုင်လို့ လေပစ်နေကြတယ်။ သိတဲ့အတိုင်း အားနေရင် စကားများကြတာလေ။

အဲဒီတုန်းမှာပဲ လူတစ်ယောက် ရုပ်တည်နဲ့ ဝင်ထိုင်တော့ မျက်စောင်းဝိုင်းထိုးကြတယ်။ သီရိက···

'ရှင်ဘယ်သူလဲ ဘာလာလုပ်တာလဲ၊ ရှင်နဲ့ ဘယ်သူမှ မသိဘဲနဲ့'

'အေးလေ ရုပ်ပြောင်ပြောင်ကြီးနဲ့ ရှင်ဘယ်သူလဲ'

သဲသဲစုကလည်း ဟောက်တော့ မျက်နှာသေလေးနဲ့ ငနဲက ပြောတယ်။

'ဟာ··· မင်းတို့နဲ့ငါက သိကြပါတယ်ကွာ၊ မင်းတို့ကလည်း မေ့တတ်လိုက်တာ၊ မနက်ကတောင် အတူပြေးကြသေးတယ်လေ'

'ဘာ··· ရှင်နဲ့ ဘယ်သူက အတူပြေးလို့လဲ၊ ကိုယ့်ဘာသာ လျှောက်လိုက်နေပြီးတော့'

သဇင်က မျက်စောင်းကို အတင်းထိုးပြောတော့ ငနဲက မျက်နှာကို အတင်းဖြီးလို့···

'အဟဲ··· တစ်လမ်းတည်းပြေးတာ အတူပြေးတာပဲ မဟုတ်ဘူး'

'အို··· ဘာပဲဖြစ်ဖြစ် ရှင့်ကို မသိဘူး'

'မင်းတို့နဲ့ မရင်းနှီးပေမယ့် သိတော့ သိနေပါပြီကွာ၊ အဟဲ··· ပြီးတော့ ငါက ဒီကောင်မလေးနဲ့ အတော်ခင်နေပြီလေ'

'ဟင်··· ဟုတ်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဇင်ကို လက်ညှိုးထိုးတော့ ဟိုဟာလေး မျက်လုံးပြူး သွားတယ်။ သီရိက သက်သက်ဇင်ကို မျက်စောင်းထိုးကာ…

'ဟုတ်လား၊ ကြည့်စမ်း နင်ငါတို့ကို ပြောတော့ တစ်မျိုးပါလား'

ပြောတော့ သဲသဲစုကလည်း…

'နင်ပြောတော့ ဘုတောခဲ့တာဆို အခု သူပြောတော့ တစ်မျိုး ပါလား'

'အေးလေ'

သဇင်ကပါ မျက်စောင်းထိုးတာနဲ့ သက်သက်ဇင် အတင်းငြင်း ရတယ်။

'ဟယ်… ငါက နင်တို့ကို ညာစရာလား၊ သူညာပြောနေတာ ဟဲ့… ကြည့်ပါလား၊ ရုပ်ကိုက ကလိမ်ရုပ်'

ငနဲ နင်သွားတော့တာ ဟိုဟာလေးတွေက မျက်စောင်းဝိုင်းထိုး ကြတယ်။ သဇင်က လေသံမာမာနဲ့ ပြောတယ်။

'ရှင်ဘာငြင်းဦးမှာလဲ၊ ဒီကောင်မလေးက ညာမပြောတတ်ဘူး ရှင် ကလိမ်ကျတာမို့လား'

'ဟုတ်တယ် သူ့ကို ယုံတယ်၊ ရှင်ညာတာမို့လား'

ရုပ်တည်တွေနဲ့ ဝိုင်းမေးကြတော့ ငနဲ ခေါင်းကုတ်လို့ မျက်နှာလေး ပြန့်ငယ်သွားတယ်။

'ဟုတ်ပါတယ်၊ သူနဲ့ မခင်သေးပါဘူး၊ ဒါပေမဲ့ မနေ့က မင်းတို့ စားထားတာတွေကို ငါ ရှင်းလိုက်ရတော့ အဟဲ… ခင်သွားတာပေါ့'

'ဘာမှကို မဆိုင်ဘူး၊ ရှင့်ဘာသာ တမင်ရှင်းတာပဲ၊ ကျွန်မတို့ မဆိုင်ဘူး'

မျက်နှာကြီး မဲ့သွားတယ်။ ရှင်းချင်လို့ ရှင်းတာမဟုတ်ဘူး ရှင်း မယ့်လူမရှိလို့ ရှင်းရတာလေ။ ဒါပေမဲ့…

'ကဲ… ထားပါကွာ၊ ငါ့နာမည်က စိုးသူအောင်တဲ့၊ မှတ်ထား ကြပါ'

'ဘာလုပ်ရမှာလဲ ဒီနာမည်ကို'

'အေးလေ… ဘာလဲ နာရေးဖိတ်စာထဲ ထည့်ဖို့လား'

'ဟာကွာ'





ကောင်မလေးတွေ ဝိုင်းနှိပ်ကွပ်တာနဲ့ပဲ စိုးသူအောင် ထွက်ပြေး ချင်သွားတယ်။ သက်သက်ဇင်ကို အားကိုးတကြီးကြည့်ပေမယ့် မသိ ယောင်ဆောင်လို့ စာဖတ်နေတယ်။ အတော်အသည်းမာတဲ့ဟာလေးတွေလို့ တွေးပြီး သက်ပြင်းချလိုက်တယ်။

'ဒီလိုပါ ငါက မင်းတို့နဲ့ ခင်ချင်လို့ပါ'

'အို… ခင်ချင်တိုင်း ခင်လို့ရမလား၊ ပြီးတော့ ရှင့်ပုံစံက ခင်တာထက်ကို ကြောင်ချင်တဲ့ပုံပေါ်နေတယ်'

'အဟဲ… ကြိုသိနေပါလား၊ အဲ… ဒါက နောက်မှပါ၊ လော လောဆယ် ရင်းနှီးထားရုံလေးပဲ၊ တစ်ဆင့်ချင်းတက်သွားမှာလေ၊ အဟဲ… ငါက လောဘမကြီးတတ်ပါဘူး'

'ရှင့်ကို ကြိုပြောထားရဦးမယ်၊ ကျွန်မကလွဲလို့ ကျန်တဲ့လူတွေ ကို ရှင့်ဘာသာ ခင်ချင်ခင် ကြောင်ချင်ကြောင်၊ ကျွန်မကတော့ စိတ် မဝင်စားဘူး'

သီရိကပြောတော့ စိုးသူအောင်မျက်လုံးက သဲသဲစုပေါ် ရောက် လာတာနဲ့…

'အို… ကျွန်မကလည်း ဒါမျိုးတွေ စိတ်မဝင်စားဘူး၊ သီရိ ပြောသလိုပဲ ကျွန်မလွဲပြီး ကျန်နှစ်ယောက်'

စကားတောင် မဆုံးဘူး၊ သဇင်ကလည်း တူးတူးခါးခါးပဲ အတင်းငြင်းတယ်။

'ကျွန်မကလည်း နိုးပဲ၊ စိတ်ကို မဝင်စားဘူး၊ ကျွန်မကလွဲလို့ ကျန်တဲ့လူ ကြောင်လို့ရတယ်'

ဒါနဲ့ သက်သက်ဇင်ကိုကြည့်လိုက်တော့ ဂရုတောင် မစိုက်ဘူး။ စိုးသူအောင်က သဇင့်ကို ပြုံးကြည့်ပြီး ပြောတယ်။

'ငါကလေ တကယ်တော့ မင်းတို့သုံးယောက် အဲလေ… မင်း တို့ထဲက တစ်ယောက်ကို စိတ်ဝင်စားတာ၊ မထူးပါဘူး၊ ပြောင်ပဲ'

'ဘာ… ရှင့်ကို ပြောထားတယ်နော် နိုးပဲ'

သဇင်က ပုတ်ထုတ်လိုက်တော့ စိုးသူအောင်က သဲသဲနှာဘက် မျက်နှာလှည့်လိုက်တယ်ဆိုရင်ပဲ…



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… သူများ အဲလေ… ကျွန်မကလည်း ကန်တော့ ဆွမ်းပါတဲ့ရှင်'

ထပ်ပုတ်ထုတ်လိုက်တာနဲ့ ပုတ်ဘောလုံးလို သီရိဆီ ပြန်လွင့်သွားတော့…

'ရှင်နော် ကျွန်မကို ရန်လာမရှာနဲ့ ဘာမှတ်လဲ၊ ကျွန်တဲ့သူကို သွားရှာ'

ဒါနဲ့ စိုးသူအောင် ကောင်မလေးသုံးယောက်ကြား လုံးလည်ချာလည်လိုက်နေတယ်။ ဟိုလူက ဟိုဘက် ပုတ်ထုတ်လိုက်၊ ဒီလူက ဒီဘက် ပုတ်ထုတ်လိုက်နဲ့ လည်နေတော့တာ။ တကယ်တော့ ကောင်မလေးတွေက စိတ်ဝင်စားပေမယ့် တစ်ယောက်နဲ့တစ်ယောက် ပြိုင်ပြီး ပုတ်ထုတ်နေကြတာလေ။ သက်သက်ဇင်ကတော့ အတော့်ကို နေနိုင်ပါတယ်။ စာဖတ်ကို မပျက်တာ။

စိုးသူအောင် မျက်နှာမာနဲ့ ကောင်မလေးသုံးယောက်ကို မျက်နှာငယ်နဲ့ ကြည့်တယ်။ သနားများသွားမလားလို့လေ။ မသနားတဲ့အပြင် သီရိက မျက်စောင်းထိုးကာ နာရီကိုကြည့်ပြီး…

'သဲသဲရေ သွားကြမယ်လေ၊ သင်တန်းချိန်နီးပြီ'

'အေး… သွားကြမယ်'

သုံးယောက်သား ထိုင်ရာမှ ထတယ်။ သဲသဲစုက…

'ဟွန်း… နောက်က တကောက်ကောက်လိုက်မယ်တော့ မကြံနဲ့၊ နောက်နေ့ လမ်းပါ မလျှောက်နိုင်ဘဲ ဖြစ်သွားမယ်'

'ဟင်… ဘာလုပ်မှာလဲဟင် သိချင်လိုက်တာ'

ချက်ချင်းရုပ်အပြောင်ကြီးနဲ့ မေးတယ်ဆိုရင်ပဲ သဲသဲစုက တစ်မျိုးတွေးပြီး ရှက်သွားတယ်။ အဲ… ပြီးမှ လက်ညှိုးလေးထောင်ပြီး…

'ဖြတ်ပစ်မယ်၊ အဲလေ ရိုက်ချိုးပစ်မယ်၊ ရှင့်ခြေထောက်တွေကို ရိုက်ချိုးလိုက်ရင် ဘယ်လိုလုပ် လမ်းလျှောက်နိုင်တော့မလဲ'

'သြော်… အဲလိုကြီးလား ဒါဆိုလည်း မလိုက်တော့ပါဘူး၊ ပြတ်… အဲလေ ကျိုးမှာ ကြောက်တယ်၊ လိုက်ပါဘူး လိုက်တော့ဘူး'

ခွေးခြေပေါ် ဆောင့်ကြောင့်လေးထိုင်လို့ သူ့ခြေထောက်တွေကို





သူဖက်ထားတယ်။ ကျိုးမှာ ကြောက်ပုံလေ။ သဲသဲစုက တစ်လက်စတည်း…

'ဟဲ့… မိသက် နင်ပြန်တော့လေ၊ ဘာလုပ်နေတာလဲ'

ဟောက်တော့ သက်သက်ဇင်က မျက်လုံးလှန်ကြည့်တယ်။ စိုးသူအောင်ကို စွေကြည့်ပြီး ထိမထင်လေသံနဲ့။

'ခဏနေခဲ့ဦးမယ်၊ နင်တို့ ငါ့အကြောင်း သိပါတယ်၊ ငါက ဒါတွေ စိတ်မဝင်စားဘူး၊ သူ နင်တို့နောက်လိုက်တာကိုပဲ ဂရုစိုက်၊ ရုပ်က မရရတာ အလစ်သုတ်မယ့်ပုံ၊ အိတ်တွေကို ရှေ့မှာထားလွယ်'

'ငါ့နော်… ငါ'

စိုးသူအောင် ဆောင့်ကြောင့်လေးထိုင်လို့ တင်းသွားတယ်။ သဲသဲစုက ကျေနပ်သလို ပြုံးလို့ စိုးသူအောင်ကို မျက်စောင်းထိုးတယ်။ သက်သက်ဇင်နဲ့တော့ စိတ်ချပြီးသားလေ။ သင်း သက်သက်ဇင်ကို အောင်သွယ်ခိုင်းဖို့ ကပ်တာ တွေးတယ်။ သီရိနဲ့ သဇင်ကလည်း ဒီနော ငါတို့ကို အောင်သွယ်ခိုင်းဖို့ သက်သက်ဇင်ကို ကပ်တယ်တွေးပြီး ကြိတ်ကျေနပ်နေကြတယ်။

'ဒါဆိုလည်း ပြီးတာပဲ၊ သြော်… မေ့တော့မလို့၊ နင် ဟင်းချက်ရင် မနေ့က ငါးဟင်းပဲ ပြန်ချက်ဟာ၊ စားလို့ သိပ်ကောင်းတယ်၊ နင်က ဟင်းချက်အရမ်းတော်တာ၊ ဟဲ… ဟဲ…'

အစားအကြောင်းပါလာလို့ သဇင်နဲ့ သီရိက မျက်စောင်းထိုးလို့ ပတစ်တစ်နဲ့ ပြောရင်း ကော့တော့ကော့တော့နဲ့ ထွက်သွားကြတယ်။ စိုးသူအောင်က တစ်ငေးကြီး ကြည့်တယ်။ ဟိုဟာတွေ ပျောက်သွားမှ စာဖတ်နေတဲ့ သက်သက်ဇင်ဘက် သွားဖြဲနဲ့ လှည့်ပြောတယ်။

'တော်တော်မလွယ်တဲ့ ကောင်မလေးတွေနော်၊ လှသလောက် မာနကလည်းကြီး အပြောကလည်းဆိုး မင်းနဲ့တော့ တခြားစီပဲ'

'ရှင်သိပြီမို့လား လိုက်သွားလေ၊ ဘာ မို့ ကျွန်မနားလာတာကရော ရပြန်တာလဲ'

'အံမာ… မင်းအနား ကပ်ချင်လွန်းလို့တော့ ခထင်နဲ့ တော လာဆယ် မလိုက်ရဲ၊ အဲ… မလိုက်ချင်သေးလို့ ဟွန်း… တောထဲကြီး တို့လုံ့လ အိုကာမှလျှော့တဲ့၊ ဟင်း… ဟင်း…'

www.burmeseclassic.com



တဟင်းဟင်းနဲ့ ဟင်းတောင်းသလို ရယ်တော့ သက်သက်ဇင်က ထမင်းရောယူဦးမလားလို့ မမေးဘဲ ရွဲ့ပြောတယ်။

'ရှင်ဟာလေ… အဘိုးကြီးဖြစ်တော့မှတော့ ဖွဲလျှော့မှ ရတော့မှာပေါ့၊ ရှင် ရူးနေလား'

'အင်းလေ… အသက်က ခုနစ်ဆယ်၊ အဲလေ… မင်းနော် ငါ့ကို လာမပြောင်နဲ့၊ ငါပြောတာက အိမ်ထောင်ကျလို့ အိုတာကို ပြောတာ သိပြီလား'

ပြောခါမှ ပိုဆိုးပြီး လောင်ရယ်တယ်။

'ဟား… ဟား… ကဲ… အဲလိုပဲ ရယ်လိုက်ချင်တယ်၊ ရှင့်ရုပ်ကြီးနဲ့ မိန်းမယူဖို့ တွေးသေးတယ်၊ အဟိ… စိတ်လျှော့လိုက်ပါရှင်၊ ဒီဘဝတော့ မရနိုင်ဘူး'

'ဒါဆိုလည်း နောက်ဘဝဟာ… ဘာဖြစ်လို့ မရရမှာလဲ၊ ငါ ဒီလောက်ချောတာကို… အံမယ်… ငါပြောရင် ဘယ်ကောင် မလေးဖြစ်ဖြစ် နှစ်ခါပြောစရာမလိုဘူး'

'ဘာလဲ… ပါးထရိုက်ရောလား'

အနည်းဆုံး နှစ်ချက်ပဲလို့ မပြောနိုင်တော့ဘဲ မဲ့သွားလေရဲ့။ သက်သက်ဇင်ကတော့ တခွီးခွီးနဲ့ ရယ်နေတယ်။

'ဒါဆို ဒီကောင်မလေးတွေကို ရှင်ဘာလို့ ပြောမရလဲ'

'ဒါကတော့ အဟဲ… ဒီလိုလေ'

ဖရိုဖရဲပြုံးရင်း ဘာပြောရကောင်းမလဲ စဉ်းစားပြီး မေးပွတ်နေတယ်။

'ဒါကတော့ သူတို့အကြောင်းမှ သေသေချာချာ မသိသေးတာ၊ ဒီတော့ မင်းပြောပြပါလားဟင်၊ ဉပမာ သီရိက ဘာအရောင်ကြိုက်တယ်၊ သူ့ ခရေဇီဖြစ်တာ ဘယ်မင်းသားဆိုတာ၊ ပြီးတော့ သဲသဲစုက ဘာကို ကြိုက်တယ်၊ သူ့အကြိုက်ဆုံးအစားအစာက ဘာလဲ၊ သဇင်ကရော ဘာ'

'တီတီ… ရှင်တီတီတော့'

သက်သက်ဇင်က ရုပ်တည်နဲ့ မျက်စောင်းထိုးတယ်။

'ဘာလို့ ပြောရမှာလဲ၊ ဒီမှာ သူငယ်ချင်းတွေကို ရောင်းစားတဲ့အထဲမှာ မပါဘူး၊ နားလည်လား၊ ကိုယ့်ဘာသာကိုယ် စုံစမ်းပါလား'





ဒါတောင် မျက်နှာငယ်လေးနဲ့…

'ဟာ… ပြောပါကွာ၊ မင်းကျေးဇူးမမေ့ပါဘူး၊ ငါ အဆင်ပြေသွားလို့ အိမ်ထောင်ကျသွားရင် ပထမဆုံး ယောက်ျားလေးရအောင်မွေးနိုင်ပြီး မင်းနဲ့ ပေးစားမယ်လေ၊ ကျေးဇူးဆပ်တဲ့သဘော'

'ဘာ…'

သက်သက်ဇင်က မျက်လုံးပြူးနဲ့အော်တယ်။ ဒါပေမဲ့…

'ဟုတ်တယ်… ဒီအတိုင်းဆို မင်းယောက်ျားရမှာ မဟုတ်ဘူး၊ ဒါကြောင့် ငါ့သားနဲ့ ပေးစားမယ်၊ အံမယ်… ဒါတောင် ငါ အသည်းအသန် အောင်ေါက်ပြီး ပေးစားရမှာနော်၊ မင်းရဲ့ ရုပ်ခံပါရမီက အဲလောက် ဆောင်းတာ'

သက်သက်ဇင် ဘာမှ မပြောနိုင်တော့ဘူး။ မျက်စောင်းကြီးထိုးလို့ ဆိုင်ထဲကနေ ဆောင့်အောင့်ထွက်သွားတယ်။ စိုးသူအောင် ကြိတ်ပြုံးလိုက်တယ်။ အဲ… ပြီးမှ စားပွဲပေါ်က ပန်းကန်တွေကို ကြည့်ပြီး မဲ့သွားတော့တယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

'ဟိုကောင်မ ဒီနေ့ ဘာဖြစ်တယ် မသိဘူး၊ ကျောင်းကို မလိုက်လာတာကြည့်'

'သူ့ဘာသာပျင်းလို့နေခဲ့တာ ဖြစ်မှာပါ'

သဇင်က သဲသဲစုကို မျက်စောင်းထိုးကာ...

'အိမ်မှာနေခဲ့ရင် ပိုပျင်းစရာ မကောင်းဘူးလား၊ ညည်းဟာက မဖြစ်နိုင်ပါဘူး၊ ဟဲ့... နင်တို့ သတိထားမိကြလား၊ ဒီကောင်မ မူမမှန်တာကြာပြီ၊ အစကဆို မနက်ခင်း ထပြေးရင် ဘာမှ မပြင်ဘူး'

သီရိကလည်း ဘာမွေးမှမရှိတဲ့ မေးကို ပွတ်ရင်း...

'ဟုတ်တယ်၊ အခု တစ်ခါထွက်ခါနီး ပြင်ဆင်ပြီး မှန်ကို သုံးလေးခါကြည့်တာ၊ ထူးတော့ ထူးတယ်'

'ဟယ်... မိန်းကလေးပဲဟယ် လှချင်မှာပေါ့၊ ပြီးတော့ ငါတို့ကလည်း ဝိုင်းပြီး ပြင်ဆင်နိုင်းနေမှတော့ စိတ်ပါပြီပေါ့'

သဲသဲစုရဲ့စကားနဲ့အတူပဲ ပြန်တိတ်ဆိတ်သွားကြတယ်။ သဇင်က မျက်နှာချင်းဆိုင်ထိုင်နေတဲ့ သီရိကို ပြောတယ်။

'ဟဲ့... နင့်နောက်နှစ်ဝိုင်းကျော်မှာ မြတ်သူတို့ရောက်နေတယ်'

'ပြောလို့ပြောတာမဟုတ်ဘူး၊ ခုတလော ငါတို့ ဘယ်သွားသွား လျှောက်လိုက်နေတာပဲ၊ အနေကျူးလိုက်တာ၊ တကယ်ပဲ ဘယ်လိုဟာတွေ မှန်းကို မသိဘူး'

သီရိက မသက်မသာညည်းတော့ သဲသဲစုကလည်း...

'ဟုတ်ပါ့ဟယ်၊ ဒီလောက်ပြောထားတာတောင် အရှက်မရှိ...





အခွက်ကြီးတွကို နာပြပြီး လိုက်လိုက်ကြည့်နေကြတာ၊ တကယ်ပဲ စိတ်ပျက်တယ်'

ဒါနဲ့ပဲ ဘယ်လိုဘယ်ချမ်းသာပြောရင်း မြတ်သူတို့ အတင်းကို ထိုင်တုတ်နေကြတယ်။ ဒီလိုပဲ မြတ်သူတို့ကလည်း မျက်နှာနာနာတွေနဲ့ သီရိတို့ အတင်းထိုင်ပြောနေကြတာလေ။

'တကယ်ပါပဲကွာ၊ အတော်အသည်းမာတဲ့ဟာလေးတွေ တွေ့မယ်၊ သင်းကို ကားတင်ပြေးမယ်၊ တင်ကို ပြေးမှာ'

မြတ်သူက အံကြိုးကြိတ်လို့ ကြိမ်းတော့ သက်ထွန်းက ဟိုဒီကြည့်ပြီး...

'ဟင်... တင်ကိုက ဘယ်ပြေးတာလဲ၊ မတွေ့ပါဘူး'

'တော့ကောင် မင်းကြီးတော်ရဲ့အငယ် တင်ကိုကို ပြောတာမဟုတ်ဘူး၊ သီရိကို ကားတင်ပြေးမယ်ပြောတာ'

'သြော်... အဲလို ရှင်းရှင်းပြောလေ၊ အဟဲ...'

ရန်နိုင်ကလည်း သက်ထွန်းကို မကြည့်ကြည့်ကာ...

'မင်းရဲ့ သောက်ဖော်ကြီး တင်ကိုက ခု စောစောစီးစီးထပြေး…နေနေသာသာ ညက အရှိန်ပြေမှာ မဟုတ်သေးဘူး၊ ပူမနေနဲ့၊ မင်းလုပ်…ာနဲ့ စကားတောင် ဘယ်ရောက်သွားတယ်မသိဘူး'

ပြောတော့ သက်ထွန်းက အခုမှ သတိရပုံနဲ့...

'တင်ကိုကိစ္စ ခဏထားစမ်းပါဟ၊ ဒီကောင်က သူ့ဘာသာ …ာက်ပြီး သူ့ဘာသာ ပြဿနာရှာတာ ကိစ္စမရှိဘူး၊ အရေးကြီးတာက …ိုကောင် စိုးသူပဲ'

'အေး... ဟုတ်တယ်၊ ခုတလော ဒီကောင် ခြေလှမ်းတွေ …ာ်တော်သွက်နေတယ်၊ သီရိတို့ကို အတင်းလိုက်လုံးနေတာလေ'

မြတ်သူက ပြောတော့ ရန်နိုင်က အရေးမကြီးသလို ပုံစံနဲ့ လက် …ပြလို့...

'ထားလိုက်စမ်းပါ၊ ဒီကောင့်ကို ဂရုစိုက်စရာ မလိုဘူး၊ မင်း… …ခုကို မတွေးမိဘူးလား'

'ဘာကိုလဲ'

နှစ်ယောက်သား စိတ်ဝင်တစားမေးကြတော့...



www.burmeseclassic.com

www.burmeseclassic.com



'ဒီအချိန်မှာ ဒီကောင်ဝင်လိုက်တာ ငါတို့အတွက် ကောင်းတယ်ကွ။ ဘာလို့လဲဆိုတော့ ဒီကောင်က ဘယ်သူရယ် သတ်သတ်မှတ်မှတ်ရှိတာ မဟုတ်ဘူးလေ၊ သက်သက်လိုက်နှောက်ယှက်တာနဲ့ ပိုမတူဘူးလား၊ သဲသဲတို့ စိတ်ရှုပ်ပြီး ငါတို့ဘက် ပြန်လှည့်လာနိုင်တယ်ကွ၊ ဟဲ… ဟဲ… ဒါကြောင့် ဒီကောင် ဘာလုပ်လုပ် ဝင်မစွက်နဲ့၊ ကြည့်သာနေ၊ အေး… ဒီကောင်နဲ့ ကောင်မလေးတွေနဲ့ တစ်ခုခုငြိရင် ငါတို့က မင်းသားဝင်လုပ်လိုက်ကြမယ်၊ ဒါဆို ငါတို့ကို ကျေးဇူးတွေတင်ပြီး အဟီး'

စကားကို ဆုံးအောင်မပြောဘဲ မြင်းလို တဟီးဟီးနဲ့ အသံထွက်လို့ဖီး(လ်)တက်နေတယ်။ မြတ်သူနဲ့ သက်ထွန်းကတော့ ဟုတ်နိုင်မလားစဉ်းစားနေကြတယ်။

'ဟော… ပြောရင်း အသက်ရှည်ဦးမယ်၊ သူတောင်းစား မေတ္တာတုံး ဆိုင်ရှေ့ရောက်နေပြီ'

လမ်းကို မျက်နှာပေးထားတဲ့ သက်ထွန်းက ပြောလို့ ကြည့်လိုက်ကြတော့ စိုးသူအောင်က ပြုံးဖြဲဖြဲနဲ့ လက်ထောင်ပြတာကို တွေ့လိုက်ကြတယ်။

ဆိုင်ထဲကို ဝင်လာရင်းနဲ့…

'ဩော်… ရောက်နေကြပြီကိုး အဟဲ'

'မင်းမမြင်ဘူးလား၊ အယ်…'

မြတ်သူက ဘုကြည့်လို့ ကောမယ်ကြံကာရှိသေး၊ ဟိုင်နဲ့က သူတို့ဝိုင်းကိုကျော်ပြီး သဲသဲစုတို့ဆီသွားတာနဲ့ အံ့သြသွားကြတယ်။ သုံးယောက်သား မျက်နှာနာလေးတွေနဲ့ စိုးသူအောင်တို့ကို ကြည့်နေကြတယ်လေ။

စိုးသူအောင်က ဘာကိုမှ ဂရုမစိုက်ဟန်နဲ့ သဲသဲစုတို့ဝိုင်းမှာ ထိုင်တော့ ဟိုဟာလေးတွေက ထရိုက်မယ့်ပုံစံတွေနဲ့ ဝိုင်းကြည့်ကြတယ်

'ဒါပေမဲ့ မသိယောင်ဆောင်လို့ သွားကို အတင်းဖြဲ…

'အဟဲဟဲ… နေကောင်းကြတယ်နော်၊ ပန်းကန်တွေကို ထပ်နေတာပဲ၊ နေကောင်းတုန်းကလိုပဲ စားကြတာကိုး၊ ဟီးဟိ'

ဟိုဟာလေးတွေ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ဘာမှ မပြောကြဘဲ မသိယောင်ဆောင်နေတယ်။ ဒါပေမဲ့ မျက်နှာနဂိုရှုံ့ကို အတင်းဖြီးကာ…





'အဟဲ… စား စား စားနိုင်မှ လှနိုင်မှာမို့လား၊ ဟဲ… ဟဲ… ဟဲ… ဩော်… ဒါကြောင့် လှလှချည်လား မှတ်တယ်၊ ဒါလောက်စားမှတော့ ဒါလောက်လှမပေါ့'

စားထားသောက်ထားတာတွေကိုကြည့်လို့ ပြောပေမယ့် ဟိုဟာလေးတွေက မလှုပ်ဘဲ မျက်နှာလေးတွေ မော်ထားကြတယ်။ မိန်းကလေးတွေကို မြှောက်ပြောရင် မာန်တက်သွားကြတာပဲလေ။ စိုးသူအောင် စိတ်ထဲအတော် ခံပြင်းသွားတယ်။ အရေးမလုပ်ပေမယ့် အမြှောက်ကြိုက်တွေဆိုတာ သိနေတော့…

'အင်း… မင်းတို့ ဒီလောက် လှနေကြတာ၊ မင်းသမီးသာ လုပ်လိုက်လို့ကတော့ ဘာပြောကောင်းမလဲ၊ ဝက်ဝက်ကိုကွဲမှာ အောင်မြင်တာပြောပါတယ်၊ အဟဲ ငါကတော့ ဒါရိုက်တာလုပ်မယ်၊ ဒါမှ ဟဲ… ဟဲ… ဟဲ…'

တစ်ယောက်တည်း မျက်နှာထိုင်ရှုံးပြနေတော့ ကောင်မလေးတွေကြာကြာ မမူနိုင်ဘဲ မျက်စောင်းဝိုင်းထိုးကြတယ်။ ဒါတောင် ငနဲကမျက်နှာကို လက်ကုန်ပြုံးလို့…

'ဟဲဟဲဟဲ မင်းတို့ ငါ့ကို စကားပြောချင်လာပြီမို့လား၊ မင်းတို့ဟာ တကယ်တော့ ဆိုးလ်မြို့မှာ မွေးရမှာ၊ ဒါပေမဲ့ ကိုးရီးယားသူတွေထက် ပိုလှနေတာတော့ အသေအချာပဲ'

မာန်တက်ပြီး မျက်နှာတွေ ပိုမာသွားကြတယ်။ စိုးသူအောင်က သဲသဲစုကို ကြည့်လိုက်တော့ မျက်နှာကို မော်ထားတယ်။ သီရိကို အကြည့်ပြောင်းလိုက်တော့ မသိချင်ယောင် ဆောင်နေလို့ သဇင့်ကို ကြည့်လိုက်တော့ တစ်ဘက်လှည့်သွားတယ်။

ဘယ်သူ့ကို ကြိုက်လို့ ကြိုက်ရမယ်မသိ ဖြစ်နေလေရဲ့။ ဒီလိုပဲ ကောင်မလေးသုံးယောက်ကလည်း ဘယ်သူ့ကို ကြူနေမှန်း မသိကြဘူး။ မျက်နှာကို တမင်မာထားကြပေမယ့် ယိုင်တော့ နေကြပြီ။

ဒီငနဲ ပုံစံကလည်း ငြင်းစရာအနေအထားသိပ်မရှိပါ။ ရုပ်ကြည့်တာနဲ့ ရေလှုံ့ပြီးသားဆိုတာမေးစရာမလိုဘူး။ ဟိုလူလိုလို ဒီလူလိုလို ကာလဝေါဖြစ်နေတော့ ဟိုသုံးယောက်ကလည်း သူနိုးနိုး ငါနိုးနိုးနဲ့ တအုံ့နွေးနွေးဖြစ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သြော်… ဒါနဲ့ ပုံမကျ ပန်းမကျ ငနဲမ မပါပါလား'

ဒီတော့မှ သဲသဲစုက…

'ရှင်မနေ့က သူ့ကို ဘာပြောလိုက်လဲ၊ ဒီနေ့ ကျောင်းမလိုက်လာတာ ရှင့်ကြောင့် ဖြစ်ရမယ်'

မေးတော့ စိုးသူအောင် ပြုံးသွားတယ်။

'အင်း… ငါဘာမှ မပြောမိပါဘူး၊ မနေ့ကပေါ့နော်၊ အဟဲ… ငါက မင်းတို့အကြောင်း သိချင်တာလေးတွေ မေးတာပေါ့'

'ဘာ… ရှင်မေးစရာလား'

'အေး ယောက်ျားကြီးတန်မဲ့ စပ်စုလိုက်တာ'

'ရှင့်ကို ဘယ်နှစ်ခါပြောရမလဲ ကျွန်မတို့ကို စိတ်မဝင်စားနဲ့ဆိုတာ'

ရန်တွေ ဝိုင်းတွေ့ကြတာနဲ့ပဲ လက်ကာပြပြီး…

'ခဏနေပါဦး ငါ ဆက်ပြောပါရစေ၊ အဲဒါနဲ့ သူက သူငယ်ချင်းတွေကို ရောင်းမစားဘူးတဲ့၊ လဲစား ဟာ… မှားလို့ အဲလိုပြောပြီး စိတ်ဆိုးပြန်သွားတာ၊ ငါဘာမှကို မပြောပါဘူး၊ သူ့ကို ဟိုလေ အောင်သွယ်'

'ဘာအောင်သွယ်လဲ သူလည်း လုပ်မှာ မဟုတ်ဘူး၊ ရှင်လည်း အောင်မသွယ်နိုင်းနဲ့၊ ရာရာစစ သူများသူငယ်ချင်းကို'

'အေးလေ… သူများ အားမကိုးနဲ့'

စိတ်ရှုပ်တဲ့ပုံစံနဲ့ ခေါင်းကုတ်လို့ ကောင်မလေးတွေကိုကြည့်လိုက်ကာ…

'ဟာ… အဲ့ဒါဆို ငါက ဘာလုပ်ရမှာလဲ'

'ကိုယ့်ဘာကိုယ်လိုက်ပေါ့၊ အဲလေ… ရှင့်ကို သတိပေးထားသားပဲ၊ ကျွန်မကတော့ အနေသာကြီး'

'ဒါဆိုလည်း'

သဲသဲစုက ငြင်းတော့ သဇင့်ကို စိုက်ကြည့်တယ်။ သဇင်ကလည်း စိုက်ကြည့်တော့ အလိုက်တသိပဲ။

'အို… ငါက စာသင်ဖို့လာတာ၊ စိတ်မဝင်စားပါဘူး၊ ဟွန်း… လေသံမာမာနဲ့တော့ မငြင်းဘူးလေ၊ ဒါနဲ့ သီရိဘက်လှည့်လိုက်တော့…





'နေပါဦး၊ ရှင့်ကို မေးရဦးမယ်၊ ကျွန်မတို့ သုံးယောက်ထဲက ဘယ်သူ့ကိုလဲ'

'သုံးယောက်လုံးပဲ'

'ဘာ…'

စိတ်ထဲရှိတာပြောတော့ ကောင်မလေးတွေ စိတ်ဆိုးပြီး မျက်လုံးပြူးနဲ့ ဝိုင်းကြည့်ကြတယ်။ ပျာပျာသလဲနဲ့ အတင်းရှင်းရတော့တယ်။

'ဟိုလေ… သုံးယောက်လုံးတော့ ဘယ်ဖြစ်ပါ့မလဲ၊ အဟဲ… တစ်ယောက်ပေါ့'

ပြောပြီး ကောင်မလေးသုံးယောက်ကို ဝှံ့ဝှံ့စားစားကြည့်တယ်။ ဒါပေမဲ့ ဘယ်သူ့ရယ်လို့ သတ်သတ်မှတ်မှတ် မရှိပါ။ သီရိက မျက်နှာမာနဲ့ ရန်တွေ့မယ် ကြံခါရှိသေး ဖုန်းက မြည်လာတယ်။

'တီ… တီ… တီ… တီ…'

'ဟယ်… အိမ်ကို ပိုက်ဆံလှမ်းတောင်းထားတာဟဲ့ ရပြီ ထင်တယ်၊ ဟဲလို…'

သူငယ်ချင်းမတွေကို ပြောပြီး တစ်ဆက်တည်း အသံကိုချဲ့ပြီး ဟဲလို လိုက်တယ်၊ တစ်ဘက်က အသံကို မကြားပေမယ့် ပြုံးလိုက်၊ ခဲလိုက် ဇွေလိုက်စောင်းလိုက်နဲ့ ပြောနေတော့ စိုးသူအောင် ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတယ်လေ။

'အဖေလား… အင်းပါ၊ သမီး စာကြိုးစားပါတယ်၊ အာ… အဖေပေးလိုက်တဲ့ ပိုက်ဆံက ဘာအသုံးခံတာလိုက်လို့ သိတဲ့အတိုင်း ပိုက်ဆံက ရှာရခက်ပြီး သုံးရလွယ်တယ်လေ'

သြော်… သူက ဘယ်နှစ်ပြားရှာနေရလို့လဲ…လို့ စိတ်ထဲက ထိုက်ပြောတယ်။

'အဲဒါ Shopping နှစ်ခါလောက်ပဲ ထွက်လိုက်ရတယ်၊ 'အခု ကားခပဲ ရှိတော့တယ်၊ အဖေသိပါတယ်၊ အဟင်း… သမီးက စာလည်း ကြိုးစား၊ တစ်ဘက်ကလည်း ဗဟုသုတရအောင် သင်တန်းတွေက တက်နေသေးတာ၊ ရည်းစားလည်းမထားပါဘူး၊ အင်း… သမီးက အချော သမီးပဲဟာ'

'စိတ်ချ… သမီး ဒါတွေ မစဉ်းစားဘူး၊ အနူးလာတာစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ ပါးချလွှတ်လိုက်တာချည်းပဲ အဟင်း… အဖေတူဆိုတော့ လက်သံကလည်း ပြောင်သလား မမေးနဲ့၊ နောက်တစ်ခါ လာမကပ်ရဲတော့ဘူး၊ အခုဆို သမီးနားကို ဘယ်နောမှ လာမကပ်ရဲတော့ဘူး၊ အေးဆေးပါ'

စိုးသူအောင် ပါးကို ယောင်ပွတ်မိသွားတယ်။ ဖအေတူသမီးဆိုတော့ မဟုတ်မှလွဲရော.သူ့အဖေက လက်ဝှေ့သမားလား၊ ဘောက်ဆာသမားလားပေါ့ မသက်မသာနဲ့ တွေးတယ်။

အတွေးထဲမှာလည်း ကြိုးဝိုင်းထဲမှာ လက်အိတ်ကြီးစွပ် ဟန်ရေးတပြပြနဲ့ ကိုယ့်ကို စိန်ခေါ်နေမယ့် မျက်နှာမာကြီးကို ချီကာချီကာနဲ့ သီရိကို မြင်နေတယ်။

'ဟုတ်… ဟုတ်ကဲ့ပါ၊ ပိုက်ဆံက ရောက်လာပြီလား၊ ဟင်… အဟင့် မနက်ဖြန်မှလား၊ သမီးက ဒီနေ့လိုချင်တာ၊ အဖေကလည်းလို့ဟာ… အဖေမအားမှန်း သိတာပဲ၊ သမီးလေးတစ်ယောက်တည်းပါဆိုပြီး ဂရုမစိုက်ဘူး၊ တော်ပြီ စိတ်ဆိုးတယ်'

နှုတ်ခမ်းကိုချွန်လို့ ဖုန်းကို ပိတ်ဟန်ပြင်တယ်။ ပိုက်ဆံကလည်း မနက်ဖြန်ရမှာ ကျိန်းသေနေပြီမို့လား၊ တတ်တာ ပြောပါ တယ်။ ဒါပေမဲ့…

'သမီးကောက်တာ မဟုတ်ဘူး၊ အဖေကကို မျက်နှာလိုက်တာ၊ သူ့သားသုံးယောက်ကျတော့ ကားတစ်စီးစီ ပေးထားပြီး သမီးကျတော့ ဒီပိုက်ဆံလေး ငါးသိန်းကို မပေးချင်ဘူး၊ ဘာလို့ မဟုတ်ရမှာလဲ၊ ဟုတ်တယ်'

အစ်ကိုသုံးယောက်ဆိုတာနဲ့ မျက်လုံးပါ ထပ်ပြူးသွားတယ်။ အတွေးထဲမှာ သီရိနဲ့အတူ အစ်ကိုသုံးယောက်လိုက်လို့ ခွက်ခွက်လန်အောင် ပြေးရမယ့်ပုံကို တွေးပြီး မဲ့သွားတယ်။

'ဟွန်း… ဒါဆိုလည်း ပြီးရော၊ အဖေ့အချော့ကောင်းလို့နော် မဟုတ်ရင် သမီးက ဖုန်းဘယ်တော့မှ မဆက်တော့ဘူး'

ပိုက်ဆံကုန်သွားရင်တော့ သင်းထပ်ဆက်ကို ဆက်ရမယ်လို့ စိတ်ထဲကလိုက်ပြောနေတယ်။ သီရိက ပြုံးလို့ ဆက်ပြောတယ်။

'အင်းပါ… တော်ရုံကောင်ကတော့ အဖေသင်ပေးထားတဲ့အကွက်တွေထဲက ခပ်ညံ့ညံ့အကွက်နဲ့တင် မှောက်သွားမယ်၊ ဟင်း… ဟင်း…'





သေချာပြီ သူ့အဖေ လက်ဝှေ့သမားဆိုတာ၊ ကိုယ်လို ဘာမှမတတ်တဲ့ကောင်ဆို ခပ်ညံ့ညံ့အကွက်တောင် မလိုပါဘူး၊ ဘယ်လို ထိုးထိုး မှောက်မှာလေ။ အတော့်ကို မလွယ်တဲ့ဟာလေးပဲ တွေးရင်း ကြောက်နေတော့တာ။

'အင်းပါ… ဟင့်အင်း… အမေ့ကို ဖုန်းမပေးနဲ့၊ မပြောချင်ဘူး၊ အဖေ့လို မဟုတ်ဘူး၊ အရမ်းအစစ်အဆေးထူတာ၊ စကားလည်း များတယ်၊ အားအားရှိ ညည်းနော် ဘာညာသာရကာနဲ့ ကြိမ်းမောင်းနေတာ၊ အမေ့ကို အဖေ့လောက်ကို မချစ်ဘူး၊ အဟင်း… တကယ်ပြောတာ၊ အင်းပါ… သမီးဆက်မှာပါ၊ ပိုက်ဆံပြတ်၊ အဲလေ… သိပါတယ်၊ စိတ်ချ၊ မိဘမျက်နှာမည်းမည်းမြင်ရာ သုတ်တဲ့အထဲမှာ သမီး မပါဘူး၊ ဒါပဲနော် အင်းပါ'

ရွှင်ရွှင်မြူးမြူးလေးပဲ ဖုန်းကို ပိတ်ပြီး ပျော်နေတယ်။ မိဘမျက်နှာမည်းမည်းမြင်ရာ မသုတ်ဘူးဆိုတော့ အခြားအရောင်သုတ်မယ့်ပုံလေ။ စိုးသူအောင်ကို မျက်စောင်းတစ်ချက် ထိုးလို့။

'ကဲ… သဲသဲရေ အတန်းသွားတက်ကြမယ်လေ၊ ဘာလဲ… ညည်းတို့က မခွဲနိုင်မခွာရက်ဖြစ်နေကြတာလား'

'ဘာ'

သဲသဲနဲ့ သဇင် စိတ်တိုသွားကြတယ်။ ဒါနဲ့ မျက်စောင်းကို ပြိုင်တူထိုးလိုက်ကြရင်း…

'နင် ဖုန်းပြောနေလို့ ထိုင်စောင့်နေတာလေ၊ ဒီရုပ်ကို ငါတို့က ဖြစ်စရာလား၊ ညည်းပဲ'

'ဘာ… ငါကလည်း နိုးပဲ ဒီမှာ…'

တစ်လက်စတည်း စိုးသူအောင်ကို ပြောတယ်။

'ရှင်လိုက်မလာနဲ့နော်၊ ကျွန်မလက်သီးက ပြင်းတယ်ရှင့်၊ အဖေဘ လက်ဝှေ့သမား၊ အစ်ကိုသုံးယောက်က ဘောက်ဆင်သမားတွေ'

'ဟင်… တကယ် ဟုတ်ပဲနဲ့'

ဖြူဖြူသွယ်သွယ်လက်ကလေးကိုကြည့်ပြီး မယုံမကြည်ပြောတော့ လက်သီးကို ဆုပ်ကာ…

'ဒါဆိုလည်း အထိုးခံကြည့်မလား၊ ကဲ… ရော့'



www.burmeseclassic.com

www.burmeseclassic.com



အထိုးခံရမှာ စိုးတာနဲ့ပဲ အတင်းယုံတော့ သီရိက မျက်စောင်းထိုးတယ်။

'ယောကျ်ားဖြစ်ပြီး သတ္တိကို မရှိတာ၊ ဒါနဲ့ပဲ ရည်းစားကထားချင်သေးတယ်၊ သွားကြမယ်'

'ဘာမှကို မဆိုင်ဘူး'

ကောင်မလေးတွေက ထလိုက်ကြမယ်ဆိုရင်ပဲ စိုးသူအောင်က ထရပ်လိုက်တော့…

'ရှင့်ကို ဘယ်သူခေါ်လို့လဲ'

'အဟဲ… သိဘူးလေ၊ ငါ မပါဘူးလား'

'ရှင့်ကို ခေါ်စရာလား၊ သူတို့ကို ခေါ်တာ'

'အေးလေ… ဘယ်လိုလူမှန်း မသိဘူး၊ အူကြောင်ကြောင်နဲ့ ရှင့်ကို ဘယ်သူမှ မလိုက်ခိုင်းဘူး'

သဇင်ကပါ ရန်တွေ့လို့ သုံးယောက်သား ပေစောင်းစောင်းနဲ့ ဆိုင်ထဲက ထွက်သွားကြတယ်။

'အစ်ကို ပိုက်ဆံရှင်းတော့မှာလား'

ထုံးစံအတိုင်းပဲ ကြောင်ခြင်းရဲ့ အကျိုးက ပိုက်ဆံကုန်ရခြင်းပဲ။ ဖွန်ကြောင်ရင် အခွန်ဆောင်ရတယ်ဆိုတာ ဒါပဲနေမှာလို့ မသက်မသာ တွေးလိုက်တယ်။ ပြီးမှ သွားကိုဖြဲလို့ မြတ်သူတို့ဘက် ခြေဦးလှည့်လိုက်တယ်။ ဒါပေမဲ့ ဟိုကောင်တွေကလည်း ပိုက်ဆံရှင်းပြီး မကြည်ကြည့်ကြည့်လို့ ဆိုင်ထဲက ထွက်သွားကြတယ်။ စိုးသူအောင် ပိုပြီးပြုံးသွားတယ်လေ။

❖ ❖ ❖

သက်သက်ဇင် ဝယ်လာတဲ့ အဝတ်အစားတွေကို ကြည့်လို့ ကျေနပ်နေတယ်။ ဝယ်ရတာ အဆင်ပြေလို့လေ။ ကိုယ်တိုင်မဝတ်ပေမယ့် သဲသဲစုတို့ ဝယ်တာ ဝတ်တာကို တွေ့ဖူးမြင်ဖူးနေတော့ လိုချင်တဲ့ပုံစံတွေကို သိနေတယ်။

တစ်လက်စတည်း စိုးသူအောင်ကို သတိရပြီး မဲ့သွားတယ်။





သင်းက ဟိုဟာတွေကိုပဲ ရှိတယ်ထင်တာလေ။ မိန်းကလေးအချင်းချင်း ဘောင်မှ ကိုယ့်ကို အထင်အမြင်သေးတော့ ဘယ်ခံချင်ပါ့မလဲ။

ထရပ်လိုက်ရင်း မှန်ထဲက ကိုယ့်ပုံကို ပြန်ကြည့်တယ်။ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ် နှုတ်ခမ်းမထူတထူနဲ့ လှပါတယ်။ ပြီးတော့ မျက်နှာပုံစံကလည်း ယောကျ်ားတွေကြည့်လောက်တဲ့ ပုံစံလေး၊ ဒါပေမဲ့ ဝတ်ထားတာက ရှပ်အင်္ကျီအပွနဲ့၊ အင်္ကျီက ရှည်တော့ ပေါင်လယ်လောက်ကို ရောက်နေပြီ။

အခုအချိန်က သိတဲ့အတိုင်းလှတာ အကုန်ဖော်မှ လူသိတာဆိုတော့ ဖော်ဝတ်ရင် ကောင်းမလား တွေးတယ်။ ကိုယ်လုံးကိုယ့် ပေါက်ပေါ်အောင် ပြောပါတယ်။ ဒါနဲ့ပဲ အဝတ်တွေကို စမ်းဝတ်ကြည့်မယ်တွေးပြီး ဘောင်းဘီကို ဆွဲကြည့်တယ်။ တစ်ယောက်တည်း တခိခိနဲ့ မလုံဘဲ ရှက်နေတော့တာ။ ပြီးမှ အဝတ်အစားတွေကိုလဲ ဝတ်လိုက်တယ်။

'ဟယ်'

မှန်ထဲက ကိုယ့်ပုံကိုကိုယ်ကြည့်ပြီး ရှက်သွားတယ်။ ကိုယ်လုံးပေါ်မှန်ထဲမှာ အင်္ကျီအကျပ် လည်ကသိပ်မဟိုက်ပါ။ ဘောင်းဘီက ချက်အောက်ကျပြီး ခြေသလုံးသားတစ်ဝက်ပေါ်တယ်။ အဲ… အခုမှ လှတဲ့နေရာတွေ ထင်းထင်းပေါ်လာတော့ ရှက်နေတယ်။

ဒါပေမဲ့ မဝံ့မရဲလေးကြည့်လို့ ကျေနပ်နေတယ်။ အတွေးထဲမှာတော့ ဒီလောက်ဆို ဟိုနှော ငါ့ကို ကြည့်လောက်ရဲ့လို့တွေးရင်း ပြုံးနေတယ်။ တစ်ခါ စကပ်တိုလေးတွေကို ကြည့်ပြီး တခစ်ခစ်နဲ့ ရယ်တယ်။ ဝတ်ရပါ့ဘဲ ကြည့်ပြီးတော့ကို ရှက်နေတာ။

အောက်ခံဝတ်တဲ့ ဘောင်းဘီးပါးပါးကျပ်ကျပ်တွေကိုကြည့်ပြီး မိန်းကလေးပီပီ ဝတ်ချင်လာတယ်။ ဒါနဲ့ပဲ ခဏကြာတော့ မှန်ထဲမှာ အတော့်ကိုလှတဲ့ ကောင်မလေးတစ်ယောက် ပေါ်လာတယ်။

'ဟယ်… ရှက်စရာကြီး၊ ခစ်… ခစ်… နေရာတာ ကျပ်လိုက်တာ၊ တော်ပြီ ဒါတော့ မဝတ်ဘူး၊ ငါ့ဘာသာ ဘောင်းဘီပဲ ဝတ်မယ်'

အဲ့ဒါတွေ လူရှေ့ မဝတ်ချင်တာနဲ့ပဲ ဘောင်းဘီကို တစ်ထည်ပြီး တစ်ထည် ဝတ်ကြည့်တယ်။ အတော်ကြည့်ကောင်းတာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ မိန်းကလေးတွေဟာ ဘောင်းဘီနဲ့ တကယ်လိုက်တာ တော်ရုံလှတာလေးတွေ ဘောင်းဘီဝတ်ကြည့် တကယ်လှသွားရော။

ကိုယ့်ဘာသာကြည့်ရင်း တခစ်ခစ်နဲ့ သဘောကျနေတယ်။ အဝတ်တွေကို မလဲတော့ဘဲ လျှော်ထားတဲ့ အဝတ်တွေကို အပြင်ထုတ်လှန်းဖို့ စဉ်းစားလိုက်တယ်။ ဒါနဲ့ ချိတ်နဲ့ အဝတ်ခြင်းကို ယူပြီး အခန်းထဲက ထွက်လိုက်တယ်။ လမ်းပေါ်မှာ လူက ရှင်းတယ်။ ရဲရဲဝံ့ဝံ့ပဲ အိမ်ထဲက ထွက်လိုက်တယ်လေ။ ဒါပေမဲ့ ကြည့်မယ်သူ မရှိတော့ ကိုယ်လှတာ အလကားဖြစ်သွားပြန်တာပေါ့။

တန်းမှာ အဝတ်တွေကို ချိတ်နဲ့ လှန်းရင်း သီချင်းတအေးအေးနဲ့ မြူးနေတယ်။

'အဟမ်း... အဟမ်း'

'ဟင်... သူ... သူ'

ခြံရှေ့မှာ စက်ဘီးပေါ်ကနေ ခြေတစ်ဖက်ထောက်ပြီး ရပ်ကြည့်နေတဲ့ စိုးသူအောင်ကိုတွေ့လို့ ရှက်သွားတယ်။

ဒါပေမဲ့ စိတ်ဆိုးထားတာဆိုတော့ ရုပ်တည်နဲ့ မသိချင်ယောင်ဆောင်နေတယ်။

'အင်း... တချို့တွေများ တယ်ထူးဆန်းကိုး၊ အိမ်နေရင်းကျတော့ လှလို့၊ အပြင်သွားတော့ စုတ်တီးစုတ်ပွဲနဲ့၊ အဟဲ... လူထူးဆိုတာ ဒါကို ပြောတာနေမှာ ထူးတာလား ရူးတာလားမသိဘူး၊ ဟဲ... ဟဲ... ဟဲ...'

မခံချင်အောင် ပြောနေတာနဲ့ မျက်စောင်းထိုးလို့ ရန်တွေ့ဖို့ ပြင်တယ်။ နောက်မှ ရန်ပြန်တွေ့နေရင် အကြောင်းမရှိအကြောင်းရှာ ခြံထဲဝင်လာမယ်တွေးလို့ ကြောက်သွားတယ်။ ပြောရတာ မဟုတ်၊ ဒီနားက လူခြေတိတ်တယ်။ လှန်းလက်စအဝတ်တွေကို ထားခဲ့ပြီး အိမ်ထဲ ရုပ်တည်နဲ့ ပြန်ဝင်သွားတယ်။

စိုးသူအောင် မျက်နှာကြီး မဲ့သွားတော့တယ်။ ဒါလောက်နေပူတဲ့ ကျကြီးထဲ ကျောင်းကနေ အိမ်ပြန်၊ အိမ်ကနေ စက်ဘီးနဲ့ ဒီလမ်းထဲ သလားပြနေတာ သုံးလေးခေါက်ရှိပြီလေ။ 'အခုတွေ့တာနဲ့ အထဲဝင်ပြေး သွားတယ်ဆိုတော့ တင်းသွားတယ်။





တစ်လက်စတည်း ဒီကောင်မလေးလည်း လှတာပါပဲလို့ တွေးတယ်။ ဒီလို ဝတ်စားထားတာတွေ့မှ မတွေ့ဖူးပဲ။ မနက်ခင်းဆိုလည်း ဟိုဟာတွေက အကျပ်ဝတ်ပေမယ့် သူက ထုံးစံအတိုင်း ပွပွကြီးကြီးတွေပဲ ဝတ်တာ။

အခုလည်း ဒီကောင်မလေးက စရတာ ကောင်းတယ်။ ပြီးတော့ ဘာရယ်မသိ၊ ဒီကောင်မလေးကိုပဲ သတိရနေတာနဲ့ လာခဲ့တာလေ။ အမှတ်မဲ့ အခုလို တွေ့လိုက်ရတော့ ရင်ထဲတစ်မျိုးဖြစ်သွားတယ်။ စိတ်ထဲမှာလည်း ကျောင်းလာတဲ့အခါ ဒီလိုလေး ဝတ်လာရင် ကောင်းမယ်လို့ တွေးတယ်။

အိမ်ထဲ ဝင်သွားတာ ပြန်ကို ထွက်မလာတော့ဘူး။ ဒါလောက်ဖြစ်တာ မလာမချင်းစောင့်မယ်ဆုံးဖြတ်လို့ စက်ဘီးပေါ်က ဆင်းပြီး ခြံဝအုတ်ခုံမှာ ဒူးနန့်လို့ ထိုင်စောင့်နေတယ်။

သက်သက်ဇင်ပြတင်းလိုက်ကာနောက်ကနေ ချောင်းနေတယ်။ ရင်တွေဘာတွေ ခုန်လို့ မျက်လုံးလေးဝိုင်းနေတယ်။ ဣန္ဒြေမရဖြစ်နေတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသထွက်နေတော့တာ။

'ဟယ်... ဟိုငနှာ မပြန်ဘဲ ဘာထိုင်လုပ်နေလဲ မသိဘူး၊ ဒုက္ခပဲ၊ သီရိတို့ ပြန်လာရင် ငါတို့ကို ဒီပုံနဲ့ တွေ့ရင် ငါနာပြီ တစ်မျိုးထင်တော့မှာပဲ'

တစ်ယောက်တည်း ဗျာများနေတယ်။

'မဖြစ်သေးပါဘူး၊ သွားပြောပြီး ပြန်ခိုင်းမှပါ'

ထပြီးသွားဖို့ ပြင်တယ်။ တစ်ခါပြန်ထိုင်ချလိုက်ရင်း တွေးလိုက်ပြန်တယ်။

'ဟယ်... တော်ကြာ သူကို ကြိုက်လို့တမင်ထွက်လာတယ် ထင်ဦးမယ်၊ မဖြစ်သေးပါဘူး'

ခေါင်းကို စုံကုတ်ရင်း ပြတင်းပေါက်ကနေ ချောင်းလိုက်ပြန်တယ်။ ငနဲက နေပူကြီးထဲမှာ ဂရုတောင်မစိုက်ဘူး၊ အံမယ်... ဒူးပါနန့်နေသေးတာ။

'စိတ်ညစ်ပါတယ်၊ သင်းက ဘာကိစ္စလာထိုင်နေတာလဲ၊ ကြည့်ရတာ ကျောင်းမသွားဘူး ထင်တယ်၊ သီရိတို့ရှိတယ်ထင်လို့ လာတာ နေလား'

အမျိုးမျိုးတွေးလို့ ထိုင်မရ ထမရဖြစ်နေတယ်။ သွားမယ် ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထလိုက်၊ တစ်ခါမသွားတော့ပါဘူးဆိုပြန်ထိုင်လိုက်နဲ့ မသိရင် ထိုင်ထဲ လုပ်နေတာလို။ ဒါပေမဲ့ နဂိုအညာလွယ်တာဆိုတော့ နေပူထဲ ထိုင်နေတာကို ကြည့်ပြီး သနားသွားတယ်၊ ဒါနဲ့ပဲ…

လူကသာ ဒူးနန့်နေတာ၊ အတွေးထဲမတော့ သက်သက်ဇင်ကို ခေါင်းလေးငါးချက်လောက်ခေါက်၊ နားရင်းတဖုန်းဖုန်းအုပ်နေတယ်။ နည်းနည်းလေးမှကို သနားစိတ်မရှိဘူးတွေးလို့ ပြန်ရကောင်းမလား တွေးတယ်။ ဒါပေမဲ့ လူကတော့ နည်းနည်းလေးမှကို ကြွမလာပါ။ ဒီအချိန်မှာပဲ ဟိုဟာလေး အိမ်ထဲက ပြန်ထွက်လာလို့ ပျော်သွားတယ်။ မျက်နှာတည်လေးနဲ့ ခြံတံခါးနားကပ်လာတယ်ဆိုရင်ပဲ ရုပ်တည်ကြီးဟာ ချက်ချင်း ပြန်ဖြဲသွားတယ်။

'ဟဲဟဲဟဲ မင်း ငါ့ဆီမလာဘဲ မနေနိုင်ပါဘူးမို့လား'

'ရှင်ပြန်တော့လေ'

'အံမာ… ဘာလို့ ပြန်ရမှာလဲ ငါ့ဘာသာ ခြံအပြင်ထိုင်နေတာ မင်းခြံထဲ ဝင်လို့လား'

ဟိုဟာလေးက ခေါင်းကို အတင်းကုတ်လို့…

'ရှင် မပြန်ရင် ဘေးလူတွေ တစ်မျိုးထင်ကုန်မှာပေါ့၊ ကျွန်မ အထင်မခံနိုင်ဘူး၊ ပြန်'

'ပြန်ပါဘူး၊ ဘာလို့ ပြန်ရမှာလဲ'

'ရှင်… တော်တော်ကပ်ပါလား'

'ဟဲဟဲဟဲ မင်းနဲ့ငါ ခြံစည်းရိုးခြားထားတာလေ၊ ကွာပါတယ် ကွ'

'ရှင်တော်တော် ပြောရခက်တာပဲ'

ထိုင်ရာကထရင်း ခြံတံခါးသံတိုင်တွေကိုကိုင်ပြီး သက်သက်ဇင်ကို အသေအချာကြည့်တယ်။ မသိရင် အချုပ်ထဲကျနေတဲ့ ချစ်သူကို ကောင်မလေးလာကြည့်တာလိုပဲ။ ကြည့်ရင်းနဲ့ အသည်းယားလာတော့တာ မျက်နှာလေးက စူပုပ်ပြီး စိတ်ရှုပ်နေတာ တစ်ချက်တစ်ချက် တိုက်လိုက်တဲ့ လေရူးက သူမရဲ့ ဆံနွယ်လေးတွေကို ဝင်ဝင်တိုးသွားတယ်။

တကယ့်ကို ရိုးရိုးရှင်းရှင်းနဲ့ ချစ်စရာအတော်ကောင်းပါတယ် ကြည့်နေရင်းနဲ့ပဲ ဟိုဟာတွေကို မကြိုက်ဘဲ ဒီကောင်မလေးပဲ လိုက်ရ





ကောင်းမလား စဉ်းစားတယ်။ အသေအချာစိုက်ကြည့်နေတာနဲ့ ရှက်ပြီး ခေါင်းငုံ့သွားတယ်။

'ရှင်ပြန်တော့လို့ ပြောနေတယ်နော်'

'ကြည့်စမ်း မင်းက ဒီလို ပုံစံလေးနဲ့ လိုက်တယ်၊ မင်း ဆံပင်ရှည်ကို ဒီအတိုင်းချထားတာ ရိုးတယ်၊ အကြေဖွလိုက်ရင် ဒါမှမဟုတ် နည်းနည်းကောက်ပြီးတော့ အင်း… အရောင်လေး နည်းနည်းဆိုးလိုက်ရင် ဒီအုပ်စုထဲမှာ မင်းအလှဆုံးဖြစ်သွားမှာ တကယ်ပြောတာ၊ ဒီအတိုင်းတောင် အတော်လှတာ'

ရှက်ပြီးလက်လေးတွေ ချိုးနေတယ်။ ယောကျ်ားလေးတစ်ယောက်က လှတယ်ပြောတော့ ရှက်ပေမယ့် အရမ်းကို ကျေနပ်နေပြန်တယ်။

'ရှင် ပြန်တော့ သီရိတို့မရှိဘူး'

'ဟာ… သူတို့မရှိတာ ငါသိပြီးသားပဲ၊ ငါ ကျောင်းရောက်ပြီးပြီ၊ အခု မင်းဆီ တမင်လာတာ'

ပြောတော့ မသက်သာသလို မော့ကြည့်တယ်။

'ရှင့်ကို ဘယ်နှခါပြောရမလဲ၊ သူတို့ကို ကြိုက်တာ သူတို့ဆီသွားလေ၊ ဘာလို့ ကျွန်မကို လာကပ်နေတာလဲ'

'ဟ… ဒါတော့ မင်းက ပြော်ရလွယ်လို့လေ'

'ဘာပြောတာ'

'မှားလို့… ဟဲဟဲ မင်းက အပြောမှ မဆိုးတာ၊ ငါက သူတို့ကို ကြောက်တယ်ကွ၊ ဒီတော့ မင်းအောင်သွယ်ပေးမှာလား'

'နေပါဦး ရှင်က ဘယ်သူ့ကို ကြိုက်တာလဲ'

မေးတော့ ဇဝေဇဝါပဲ သုံးယောက်ထဲက ဘယ်သူ့ကို ကြိုက်ရမယ်မသိဘူး။ သီရိကိုမြင်ရင် မြတ်သူမျက်နှာပေါ်လာတယ်။ သဇင့်ကိုမြင်ပြန်ရင် သက်ထွန်းကို မြင်လာပြန်တယ်။ သဲသဲစုကို ကြည့်ပြန်တော့ နန်းနိုင်မျက်နှာမာမာကြီးက ပေါ်လာပြန်တယ်။ အခု သက်သက်ဇင်ကိုမြင်တော့…

'ဒါတော့ မင်းအောင်သွယ်ပေးတာ သေချာမှ ငါပြောမှာပေါ့၊ မင်းပြောပေးမှာလား'

သက်သက်ဇင်က ခါးခါးသီးသီးပဲ ငြင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ ပြောပေးရမလဲ၊ ကိုယ့်ဘာသာ ပြောပါလား'

ကြားကပဲ သဝန်တိုတာလိုလို မခံချင်တာလိုလို ဖြစ်နေတယ်။ ဟိုက မျက်နှာကို အတင်းငယ်ပြီး…

'လုပ်ပါကွာ၊ ပြောပေးပါ၊ ငါ နင့်ကျေးဇူးမမေ့ပါဘူး၊ နော်… နော်လို့'

'ကဲ… စကားအပိုတွေ အရမ်းပြောရတာပဲ၊ ရှင်မပြန်သေးဘူးလား၊ ကျွန်မ သိက္ခာကျတယ်'

'အံမာ… ငါက ဘာလုပ်လို့ မင်းက သိက္ခာကျတာလဲ'

ဘေးဘီကို ဝေ့ကြည့်ကာ…

'ဒီပုံကြီးက လူမြင်ရင် သမီးရည်းစားလို့ ထင်မှာပေါ့၊ ဟိုဘက်ခြံက အန်တီကြီးက ကျွန်မအမေ သူငယ်ချင်း၊ ဒီတော့ ရှင်ပြန်ပါ'

'ထင်တော့လည်းထင်… အဲဒီ အန်တီကြီးက မင်းအမေနဲ့ ပြန်တိုင်တော့ အဟဲ… နားဖောက်ပြီးသားပေါ့၊ ဟုတ်ဘူးလား၊ ဟဲ… ဟဲ… ဟဲ…'

'ရှင်ပြောရဆိုရတယ်ခက်ပါလား၊ ကျွန်မမှာ အလုပ်တွေ ရှိသေးတယ်၊ ပြန်တော့'

'နိုးပဲ၊ မင်းတို့ နယ်သူမတွေဟာ တော်တော်အလိုက်မသိပါလား၊ ဧည့်သည်လာတာ အိမ်ထဲတောင် မဝင်ခိုင်းဘူး၊ သိပ်ရိုင်းတာပဲနော်'

'ရိုင်းရိုင်းပဲ အိမ်ထဲမှာ ကျွန်မ တစ်ယောက်တည်း၊ ဟွန်း… ရှင့်ရုပ်က ယုံရတာ မဟုတ်ဘူး၊ တော်တော်ကြာ'

'အဟဲ… ဆက်ပြောလေ ဘာဖြစ်လဲ'

'တော်ကြာ… အဲ… ရှင်က အလစ်သုတ်သွားရင် ဘယ့်နှယ်လုပ်မလဲ'

'သုတ်ချင်နေတာ၊ သုတ်ဦးမှာ၊ ဟဲ… ဟဲ…'

မျက်နှာရှူးကြီးနဲ့ ပြောတော့ သက်သက်ဇင့်က မျက်နှာနီသွားတယ်။

'ရှင်တို့မျိုးက အကျကောက် အကြေစားတဲ့ ကြက်မျိုးပဲ၊ စာတွေးတွေးပါရှင့် ကျွန်မပြောတာ ပစ္စည်းတွေကို ပြောတာ'

'ဟာ…ကွာ'





မျက်နှာကြီး ရှုံ့မဲ့သွားတယ်။ အပြောမတတ်တာနဲ့ပဲ ကြက်မျိုးကို ဖြစ်သွားတော့တာ။

'ရှင်ပြန်တော့'

'မပြန်ဘူး… မပြန်ဘူး… မပြန်နိုင်ဘူး'

မျက်နှာလေးငယ်သွားပြီး မော့ကြည့်တော့ ရုပ်ကြီးကို တမင်မော့ထားတယ်။ ဖြတ်သွားတဲ့လူတွေတစ်မျိုး အထင်ခံရလည်း မနည်းဘူးပေါ့။

'ရှင်ပြန်ပါတော့နော်၊ တောင်းပန်ပါတယ်'

'အံမယ်… ချက်ချင်း ပျော့သွားပါလား'

ခြောက်ထုတ်လို့ မရတာနဲ့ တမျိုးကြံလို့ ချော့ပြောတယ်။ သိတဲ့အတိုင်း အချော့ကြိုက်ဆိုတော့ ချက်ချင်းပဲ သနားသွားတော့တာ။ အေးလေ… သူက မိန်းကလေးဆိုတော့ ရှက်ရှာမယ်ပေါ့။ ပြီးတော့ ဒီနားမှာ သူ့ကို လိုက်နေတဲ့သူတွေ တစ်မျိုးထင်မယ် စာနာတွေးလို့။

'ကဲ… ဒါဆိုလည်း ပြန်မယ်၊ မင်းကို သနားလို့နော်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်'

'တစ်ခုပဲရှိတယ်ဆိုတော့ နောက်တစ်ခုကရော၊ ခစ်… ခစ်…'

'သူများပေးလိုက်တယ်၊ မင်းနော် ငါ သနားခါစပဲ ရှိသေးတယ်၊ ဘာလဲ မပြန်ဘဲနေလိုက်ရမလား'

'အဲလိုတော့ မလုပ်ပါနဲ့ မစတော့ဘူး၊ တော်ကြာ သိရိုတို့ ပြန်လာရင် တစ်မျိုးထင်မယ်'

အသေအချာစိုက်ကြည့်နေတော့ မလုံမလဲဖြစ်နေတယ်။ ပြီးမှ မူနွဲ့သို့ ပြောတယ်။

'ရှင်ဘာကြည့်နေတာလဲ၊ ပြန်တော့လေ'

'ပြန်မှာပါ၊ ဒါပေမဲ့ မင်း ကျောင်းလာရင် ဒီလိုလေးဝတ်ခဲ့ပါလားဟင်'

'အယ်… ကျွန်မဘာသာ ဘာဝတ်ဝတ်ပေါ့၊ ရှင့်အပူလား… ဟွန်း… လာပြီးတော့'

'မင်းက ဒီအတိုင်းလှတယ်၊ သိလား… ဟင်း… [illegible] မင်း စိတ်မပါရင်လည်း မဝတ်ပါနဲ့၊ တော်ကြာ မင်းကို လူတွေဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင် ငါက တိုနေရဦးမယ်၊ ကောင်းတယ်၊ အရင်အတိုင်းပဲနေသွားပြီးနော်၊ နောက်တစ်ခါ ပြန်မလာတော့ဘူး၊ အဟဲ… ဒီနေ့ ပြောတာ နောက်နေ့တွေ မပါဘူး၊ တာ့တာ… ဘိုင်ဘိုင်'

လက်တပြပြနဲ့ စက်ဘီးနင်းသွားတာကိုကြည့်လို့ သက်သက်ဇင် ရင်ထဲ ဟာကျန်ခဲ့တယ်။ ခြံတံခါးကိုဟလို့ မြင်ကွင်းထဲက ပျောက်သွားတဲ့အထိ အတင်းလိုက်ကြည့်တယ်။

ဒီတုန်းမှာပဲ စက်ဘီးကို ပြန်လှည့်လာတာနဲ့ ကပျာကယာ ခြံထဲဝင်ပြီး တံခါးကို ပြန်ပိတ်လို့ အဝတ်တွေကို သွားပြန်လှန်းနေတယ်။

မကြာပါဘူး၊ ခြံတံခါးနားမှာ စက်ဘီးကို ပြန်ရပ်ရင်း လှမ်းပြောတယ်။

'ဟိတ်… မွန်မလေး ခဏပြန်လာပါဦး'

ဒီတော့မှ စိတ်ရှုပ်ဟန်နဲ့ လှည့်ကြည့်ရင်း…

'ရှင်မပြန်သေးဘူးလား၊ ကျွန်မ စိတ်တိုလာပြီနော်'

'ပြန်မှာပါကွ၊ မင်းကို မေးစရာကျန်သေးလို့'

ခြံတံခါးနား ဒုတိယအကြိမ် သွားပြီး…

'ကဲပြော… ဘာမေးမှာလဲ'

'အဟဲ… ဒီလိုပါ၊ စောစောက ငါပြန်ပြီဆိုပြီး သွားတော့ မင်း ဘယ်လိုခံစားရလဲ၊ နည်းနည်းပါးပါးလောက်တောင် ဩော်… သူ့ခမျာ နေပူကြီးထဲ ငါ့ဆီလာရှာတယ်ဆို မသနားဘူးလားဟင်'

'ဘာ… ဘာလို့ သနားရမှာလဲ၊ ရှင်က ကျွန်မဆီလာတာမှ မဟုတ်တာ၊ အကျိုးလိုလို့ ညောင်းကိုင်းခုတ်တာဟာကို'

'ဟင်… အကျိုးလိုလို့ ညောင်ရေသွန်းတာမဟုတ်ဘူးလား'

'ဩော်… ညောင်ရေသွန်းတဲ့သူများတော့ ညောင်ကိုင်းခုတ်မယ်လေ၊ ဒီတော့မှ ညောင်းကိုင်းပိမှာစိုးလို့ လူရှင်းမယ်မို့လား'

'ဟာ… ရှုပ်နေတာပဲ၊ ကဲ မင်းပြောသလိုပဲထားပါ၊ ငါ မေးမယ်၊ မင်းမှန်မှန်ဖြေနော်'

ရုပ်ကိုတည်ပြီး အလေးအနက်ပြောတော့…

'အင်း… ဖြေနိုင်ရင် ဖြေမယ်၊ မေးလေ…'





ဒါနဲ့ ဟိုငနဲက အသေအချာ စိုက်ကြည့်နေပြန်တာနဲ့ မျက်လုံးလေးစွေပြီး ကြည့်တယ်။

'တကယ်လို့ သူတို့ဆီမဟုတ်ဘဲ မင်းဆီလာတာဆိုရင်ရော မင်း သနားမှာလား'

'ဟင်… ရှင်… ဒါ… ဒါကတော့'

ဘာပြောလို့ ပြောရမှန်းမသိဘဲ ရှက်နေပြန်တယ်။

နောက်ပြီးမှ မျက်နှာကို အတင်းမာတယ်။

'အိုး… မသနားဘူး၊ ဘာလို့ သနားရမှာလဲ၊ ရှင်နော် ဟိုအက်မရတာနဲ့ ကျွန်မဘက် လှည့်လာမယ် မကြံနဲ့၊ ဘာမှတ်နေလဲ'

'ဟာ… အဲလို သဘောမျိုး မဟုတ်'

'တိတ်… ဘာပဲပြောပြော ရှင့်သဘောက အဲလိုသက်ရောက်တယ်၊ မသနားဘူး၊ ဘယ်လိုမှကို ဒီရုပ်ကို သနားလို့မရတာ'

'အဟင့်… တကယ်'

'တကယ်ပဲ ပြီးတော့ ကျွန်မအမေက အသေအချာမှာလိုက်တာ၊ သမီး ရန်ကုန်သားတွေက တအားလည်တာ၊ လည်စရာမရှိ ခါတ်တိုင်ကို ပတ်နေတာ ဝေးဝေးရှောင်တဲ့၊ အမေ့စကား နားထောင်မှ တော်ကာကျမယ်'

'ဟာကွာ… ဝါးလုံးရှည်နဲ့ သိမ်းကြုံးရမ်းမှတော့ အကုန်ပါပြီပေါ့၊ အရင်လူတွေ မကောင်းတာနဲ့ပဲ'

'ကဲ… ရှင်ပြန်တော့ အလုပ်ပျက်တယ်'

'အေးပါကွာ၊ ဒီတစ်ခါတော့ တကယ်ပြန်ပြီ'

သက်သက်ဇင်ကို စူးစူးစိုက်စိုက်ကြည့်လို့ မျက်နှာငယ်လေးနဲ့ စက်ဘီးကို ပြန်လှည့်လိုက်တယ်။ ဟိုဟာလေးက ရှုပ်ကို တခင်မာထားတယ်။ အဲ… အတော်ဝေးဝေးရောက်မှ လိုက်ကြည့်တယ်။ ပြန်များလှည့်လာဦးမလား ရင်အခုန်စွာနဲ့ စောင့်နေတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ တကယ်ပြန်မလာတော့ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီနေ့ ကျောင်းပိတ်ရက်ဆိုတော့ အိမ်မှာနေကြမယ်လား ထင်တာ။ သုံးယောက်သား ပြင်ဆင်ပြီး ထွက်သွားကြတယ်။ ဒါနဲ့ပဲ သက်သက်ဇင်တစ်ယောက်တည်း ငေါင်လို့ ကျန်ခဲ့တယ်။ သီရိရဲ့ အစ်မဝမ်းကွဲက မော်ဒယ်သင်တန်းဖွင့်ထားတယ်တဲ့။ သုံးယောက်သား ခွင်ကိုတည့်နေရော။ သက်သက်ဇင်ကို ခေါ်ပေမယ့် စိတ်မဝင်စားလို့ မလိုက်သွားဘူး။ စဉ်းစားကြည့်ပါ။ လူတွေအများကြီးရှေ့မှာ နာမည်ကြီးဖို့ကို ဟိုလှည့်ပြလိုက် ဒီကော့ပြလိုက်နဲ့ အတော့်ကို မျက်နှာပြောင်တယ်လို့ တွေးမိတယ်။

ဒါနဲ့ပဲ အခု တစ်ယောက်တည်း ပျင်းကျန်ခဲ့တယ်။ နေ့လယ်စာကိုလည်း မိန်းကလေးပီပီ ချက်စားရမှာ ပျင်းတာနဲ့ လမ်းထိပ်ပဲ ထွက်စားတော့မယ် စဉ်းစားတယ်။ တစ်လက်စတည်း စာအုပ်နဲ့ အခွေဆိုင်ပါ ဝင်ရမယ် တွေးတယ်။

အလိုလိုနေရင်း စိုးသူအောင်ကို သတိရမိတယ်။ ဘဝမှာ ဘယ်ကောင်လေးကိုမှ မခင်တွယ်ခဲ့ဖူးပါ။ အရွယ်ကလေး စရလာကတည်းက ယောကျ်ားလေး အပေါင်းအသင်းမထားခဲ့ဘူး။ ဟော… အခု ကိုယ်က ယောကျ်ားတစ်ယောက်ကို ခင်တွယ်မိပြီဆိုတာနဲ့ ညညအိပ်မပျော်တာတို့ သူ့အကြောင်းတွေးမိပြီဆို ဘာမှကို မလုပ်ချင် မကိုင်ချင်တာ။ စားမဝင် သောက်မဝင်ဖြစ်လာတယ်လေ။ အိမ်ထဲကို ဟိုဒီလျှောက်လို့ ဣန္ဒြေမရ ဖြစ်နေတယ်။ အလကားနေ အလကား ဟိုင်နဲ့ကိုပဲ တွေ့ချင်မြင်ချင်၊ သူပြောမယ့် ရွှတ်နောက်နောက်စကားတွေကိုပဲ ကြားချင်နေတယ်။ ဒါဟာ အချစ်လားလို့ ကိုယ့်ဘာသာ ပြန်မေးတော့လည်း မသေချာပါ။





ကိုယ်က မိန်းကလေးဆိုတော့လည်း သူ့အိမ်ကို စုံစမ်းပြီး သွားအယောင်ပြဖို့က မဖြစ်နိုင်ပါ။ အဆက်ဆက် ထိန်းသိမ်းလာခဲ့တဲ့ အစဉ်အလာတွေကို ကိုယ့်အလှည့်ကျမှ ချိုးဖောက်ဖို့ဆိုတာ မဖြစ်နိုင်ပါ။ တစ်ခုရှိတာက သူလာမှာကို စောင့်ရင်စောင့် ဒါမှမဟုတ် လမ်းထိပ်စားသောက်ဆိုင်ကိုသွားရင်တော့ တွေ့လောက်ရဲ့ တွေးတယ်။

ကိုယ့်ဘာသာ တစ်ယောက်တည်း ရှက်လို့ပြုံးလိုက်တယ်လေ။ ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာတဲ့ စကားပုံလေ။ ဒါပေမဲ့ အခုတော့ ပြောင်းပြန်ဖြစ်ရမယ့်ကိန်း။ နာရီကိုကြည့်လိုက်တော့ (၁၁) နာရီခွဲ၊ အပြင်မှာ နေပူနေတယ်။ သွားရမှာ နည်းနည်းဝေးပေမယ့် ဘာမှချက်မထားတော့ သွားတော့ သွားရမှာပဲလေ။

ရေချိုးပြီးသားဆိုတော့ အဝတ်အစားပဲ လဲဝတ်လိုက်တယ်။ နေပူထဲ သွားရမှာ ထီးက မကိုင်ချင်တော့ လျှာထိုးဦးထုပ်လေးကို ဆောင်းပြီး မှန်ထဲက ကိုယ့်ရုပ်ကိုယ် ပြန်ကြည့်လို့ ပြုံးလိုက်တော့တာ။ ဒါနဲ့ပဲ ဖုန်းကို ဆောင်းဘီရှေ့အိတ်ထဲထည့်၊ အိမ်ခြံတံခါးတွေ သော့ခတ်ပြီး ထွက်လာခဲ့တယ်။ သော့ကိုတော့ ထုံးစံအတိုင်း ဝှက်ထားခဲ့တယ်။ ဟိုကောင်မလေးတွေ ပြန်လာရင်လည်း ထားနေကျနေရာကိုသိတော့ ဖွင့်ဝင်ရုံပဲ။ နေပူထဲမှာ မျက်နှာလေးမဲ့လို့ လျှောက်နေတယ်။ နောက်ကျောက စက်ဘီးဘဲလ်သံကြားလို့ ဘေးရှောင်လိုက်ပေမယ့် အသံက ထွက်နေတုန်းပဲ။ ဒါနဲ့ မျက်စောင်းလှည့်ထိုးလိုက်တော့…

'အဟဲဟဲ…'

'ဟင်… ရှင်… ရှင်က ဘယ်လိုလုပ် **ကျွန်နောက်နောက်** နေတာလဲ'

စိုးသူအောင်က စပ်ဖြဲဖြဲစိုက်ကြည့်နေပြီးမှ…

'မင်းက ခေါင်းကို အောက်ငုံ့လျှောက်တော့ **ငါတော့သွားသောတို့** ဘယ်တွေ့မလဲ၊ အဟဲ….မင်းဘာကျွံလျှောက်လို့လဲ'

'ဘာမှ မပျောက်ဘူး၊ **ကျွန်မက နေဒါတိုင်ကြီးလို့ ဟိုလည်း** ဒီလှည့် လျှောက်ရမှာလား၊ ရှေ့ပဲ ငုံ့လျှောက်မှာပေါ့'

'သြော်… မသိပါဘူး၊ ငါက **ဘာရှာတာလဲလို့**'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မရှာဘူး၊ ကိုယ့်ဘာသာသွားတာတောင် လိုက်စပ်စုနေတယ်၊ ဘယ်လိုလူလဲ'

မတွေ့တော့လည်း တွေ့ချင်နေပြီး တွေ့တော့လည်း မတည့်ပြန်ဘူး။

'မင်း နေပူပါတယ်ကွာ၊ လာတက်'

'အိုး… ဘာလို့တက်ရမှာလဲ၊ တက်ပါဘူး'

စက်ဘီးပေါ် တက်ခိုင်းတော့ မူနေတယ်။

'မင်း… ပြောမရဘူးလား၊ နေပူတယ်ကွ'

'ဘေးလူတွေ တစ်မျိုးမြင်မှာပေါ့'

မျက်လုံးလေး ထောင့်ကပ်ပြောတော့ ပြုံးနေတယ်။ ဝတ်ထား တာလေးတွေက ကြည့်ကောင်းနေတော့…

'မင်းဝတ်ထားတာ မင်းနဲ့ အရမ်းလိုက်ဖက်တာပဲ၊ ကဲပါကွာ… ဘေးလူတွေ ဘာထင်ထင် ငါ အထင်ခံနိုင်တယ်၊ တက်'

'ဘာ… ရှင်က အထင်ခံနိုင်ပေမယ့် ကျွန်မက မိန်းကလေး မဟုတ်ဘဲ၊ အထင်မခံနိုင်ပါဘူး'

'ဟာ… မင်း… လျှာသိပ်ရှည်ပါလား၊ ငါ စက်ဘီးနဲ့ မင်း တင်မပြေးဘူး၊ တက်ပါကွာ လာနော် နေပူတယ်၊ မင်းက လိမ်မာပါတယ်'

နှုတ်ခမ်းကိုစူပြီး ပေကပ်နေတယ်။ ဒါနဲ့ပဲ စက်ဘီးကိုရပ် ရပ်တည်နဲ့ မေးတယ်။

'မင်း ဘာသာတက်မလား၊ ငါ ပွေ့တင်ရမလား'

'ဟင်'

မျက်နှာကို ကြည့်ပြီး မျက်လုံးလေး ပြူးသွားတယ်။ တက လုပ်မယ့်ပုံဆိုတော့…

'ရှင်လုပ်တာနဲ့ ဘေးလူတွေ တစ်မျိုး ထင်ကုန်မယ်၊ တက်မ နင်း…'

'အဟဲ… အဲလို လုပ်ပါ၊ မင်းလိမ်မာရဲ့လားနဲ့'

ဒါနဲ့ပဲ စက်ဘီးပေါ် ဇွေ့ကနဲ ခုန်တက်လို့ ပါသွားတယ်။ စိုး အောင်က ဘယ်လိုနေတယ်မသိပေမယ့် သက်သက်ဇင်ကတော့ ဘေ သလိုဖြစ်နေတယ်။





'ဒါနဲ့ မင်းတစ်ယောက်တည်း ထွက်လာတာမဟုတ်မှလွဲရော ငါ့ကို လာရှာတာ ထင်တယ်'

'ဘာပြောတယ်၊ ရှင့်ကို ရှာစရာလား'

'မသိဘူးလေ အရင်ကဆို လေးယောက်ပူးပြီး အခုတစ်ယောက် တည်း ဆိုတော့'

'သြော်… ရှင်က ဟိုဟာတွေကို မတွေ့လို့ မေးတာလား၊ သူတို့ မော်ဒယ်သင်တန်းဆီသွားတယ်'

'ဟင်… ဟုတ်လား၊ အေးလေ သူတို့က လှတာကိုး၊ မင်းက ဘာလို့ မလိုက်သွားတာလဲ'

'အင်း… ကျွန်မက သူတို့လောက်မှ မလှဘဲ'

'ဟုတ်လို့လား၊ အဟဲ… ငါ့မျက်စိထဲ မင်းအလှဆုံးပဲ၊ သိလား တကယ်ပြောတာ'

'အပိုတွေ…'

စကားတပြောပြောနဲ့ လမ်းထိပ်ရောက်တော့…

'မင်းဘယ်သွားမလို့လဲ'

'တစ်ခုခု ထွက်စားတာ၊ ပြီးတော့ အခွေလည်း ငှားမလို့လေ၊ ကျေးရူးပဲ ဟိုစားသောက်ဆိုင်ရောက်ရင် ဆင်းမယ်'

'ဟာ… အတော်ပဲ ငါလည်း ဘာမှ မစားရသေးဘူး၊ အခုမှ ဗိုက်က ပိုဆာလာတာ၊ အဟဲ… ငါလည်း စားမယ်'

'ဟွန်း… ရှင်မကလည်းနဲ့နော်'

'ဟာ… အတည်… ဘာမှကို မစားရသေးတာ၊ ဓာတ်ရှင် ဗိုက်လှန်ကြည့်၊ ပြားချပ်နေတာ'

'ဒါဆိုလည်း ရှင့်ဘာသာ တခြားမှာစား'

'မင်းကွာ၊ အဲလိုတော့ မရက်စက်ပါနဲ့၊ အတူထိုင်တာလေးနဲ့တော့ ဘာမှမဖြစ်ပါဘူး'

ပွစိပွစိနဲ့ပြောနေပေမယ့် စိုးသူအောင်က ပြုံးနေတယ်။ ဦးဇော်ရဲ့ ဆိုင်ကိုပဲ ဦးတည်လိုက်တယ်။ ဦးဇော်တွေ့ရင်တော့ ကိုယ့်ကောင်ကြီး လှချေရဲ့ဆို အထင်လွှတ်ကြီးတော့မှာပဲ တွေးလိုက်တယ်။ ထင်တဲ့အတိုင်း ပဲ ဆိုင်ထဲဝင်လိုက်တာနဲ့ ရင်းနှီးနေတဲ့လူတွေက အထင်တကြီး ဝိုင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ သက်သက်ဇင်က မသက်သာလို ငေ့ကြည့်ကာ စားစရာတွေကို မှာလိုက်တယ်။ ဘာစကားမှ မပြောဖြစ်ကြသေးပါ။ စားစရာတွေ ရောက်လာတော့ ဟန်မဆောင်ဘဲ သက်သက်ဇင်က စားနေတယ်။ စိုးသူအောင်ကတော့ ဟိုတို့ ဒီတို့နဲ့ ဟုတ်တိပတ်တိ မစားနိုင်ဘူး။

ဘယ်စားနိုင်မလဲ စောစောကတင် စားထားတယ်။ ဒါပေမဲ့ ဟန်ဆောင်ပန်ဆောင် စားပြတယ်။ စားပြီးသွားမှပဲ စကားဆက်ပြောကြတယ်။

'မင်း… အားတယ်ဆိုရင် စကားခဏလောက် ပြောကြရအောင်'

'အချိန်က သိပ်မရဘူး၊ ပြောစရာရှိတာ မြန်မြန်ပြော'

ဘာအလုပ်မှ မရှိပေမယ့် နာရီကို တစ်ချက်ကြည့်လို့ မူတယ်။ ဟုတ်ပါတယ်၊ အားပါတယ်ဆို ဒါ အထင်သေးမယ်မို့လား။

'အေးပါကွာ… နေပါဦး မင်းက ဘာသင်တန်းမှမတက်ဘဲ ကျောင်းပိတ်ရက်တောင် မအားဘူးလား'

'လျှာရှည်တယ်၊ ကျောင်းပိတ်ရက်မှ အဝတ်တွေစုလျှော်၊ မီးပူတိုက်လုပ်ရတာ၊ ဘာသိလဲ'

မျက်စောင်းထိုးလို့ ပြောတော့ ဟိုတစ်ယောက်က ပြုံးနေတယ်။ သက်သက်ဇင် စိတ်ထဲမှာတော့ အတော့်ကို ပျော်နေပါတယ်။ ဒါပေမဲ့ မျက်နှာကတော့ တည်ထားတယ်။

'ဒီလိုလုပ်ပါလား၊ အဲ့အလုပ်တွေအတွက် အဝတ်လျှော်တဲ့သူ ခေါ်ပေးမယ်၊ မင်း ငါနဲ့ လိုက်ခဲ့ပေးပါလားဟင်၊ တစ်ခါတည်းပါ'

'ဘာပြောတယ်'

မျက်လုံးပြူးနဲ့ ထအော်တာနဲ့ ကပျာကယာရှင်းရတာ…

'ဟာ… ငါပြောတာကို ဆုံးအောင် နားထောင်ပါဦးဟဲ့၊ ဟိုဟာတွေသွားတဲ့ သင်တန်း ငါမသိလို့ အဲဒါ မင်းကို လိုက်ပို့ခိုင်းမလို့ပါ'

'အဲ့လို ရှင်းရှင်းပြောပါလား၊ မလိုက်ဘူး၊ မသိဘူး၊ မသွားဘူး။ ကိုယ့်ဘာသာသွား နေပါဦး ရှင်သူတို့ကို ကြိုက်တာ ဘာလို့ ကျွန်မကို လာကပ်နေတာလဲ'

'ဒါတော့ မင်းနဲ့ ခင်ထားမှ သူတို့နဲ့ အဆင်ပြေမယ်မို့လား၊ အဟဲ…





ဒါကြောင့် မင်းကို ကပ်နေတာ၊ ဘာလဲ ငါက မင်းကို ကြိုက်နေတယ် ထင်နေလား၊ ဟင်းဟင်း'

ထမင်းရော ယူဦးမလားလို့ မပြောတော့ဘဲ နှုတ်ခမ်းစူလို့ ကောက်သွားတယ်။ စိုးသူအောင်ကတော့ ပြုံးနေတယ်။ ဒီကောင်မလေးကို စရတာ ပျော်တာလေ။ ဒီအချိန်မှာပဲ ဆိုင်ရှင် ဦးဇော်က ပြုံးဖြဲဖြဲနဲ့ ဝင်ထိုင်တယ်။ မျက်နှာက တစ်ခုခုကို တောင်တော့မယ့် ပုံဆိုတော့ စိုးသူအောင် မျက်ခုံးလှုပ်သွားတော့တာ။

'ဩော်… ဦးလေး ဘယ်လောက်ကျသလဲဟင်'

'ဟာ… ငါရှင်းလိုက်မယ်၊ ထားပါ'

'မလိုပါဘူး၊ ကိုယ့်ဘာသာ ရှင်းနိုင်တယ်'

စိုးသူအောင် အတော့်ကို ခံပြင်းသွားတယ်။ အရင်တစ်ခါ သူတို့ စားထားတာတွေ ရှင်းရတာ နည်းတာမှ မဟုတ်တာ။ အခု လိုလိုချင်ချင်ရှင်းမယ်ဆိုတော့ သူ့ဘာသာ ရှင်းနိုင်တယ်တဲ့လေ။ ဦးဇော်က ကျသင့်ငွေကို ယူလိုက်ပြီး စိုးသူအောင်ကို ပြုံးကြည့်တယ်။

'အင်း… တူမကြီးပြောတာ မှန်တယ်၊ ဒီကောင်က ဟန်ဆောင်ပန်ဆောင်ပြောနေတာ၊ ငါ့ဆိုင်မှာ အကြွေးတွေအတော်များနေပြီ၊ တောင်းတော့လည်း မပေးဘူးလေ'

'ဟုတ်လား'

'ဟာဗျာ… ဦးဇော်ကို ကျွန်တော် အကြွေးဘယ်နှစ်ခါ မပေးဘဲနေလို့လဲ၊ လူကြားထဲ သက်သက်ဖွဲ့တယ်ပေါ့'

'အင်းပါ… ထားပါတော့ ဒါနဲ့ မင်း ပြောတော့ လေးယောက်လုံးကို ကြိုက်တာဆို၊ အခု တစ်ယောက်တည်းပါလားကွတော'

'ဟင်… သူက အဲလိုပဲ ပြောလား'

'ဟာ… မဟုတ်ဘူး'

သက်သက်ဇင်မျက်နှာ အတော်မာသွားပြီးမေးတော့ ဦးဇော်က ပြုံးနေတယ်။ စိုးသူအောင်ကတော့ ခေါင်းကိုတဖျင်းဖျင်း ကုတ်လို့ စိတ်ညစ်သွားတယ်။

'ဟုတ်တယ်… မနက်ဆို တူမတို့လေးယောက်ကို လာလာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပြီး လိုက်လိုက်ကြောင်နေတာ၊ ဦးလေးက မေးပါတယ်၊ ဘယ်သူလဲဆိုတော့…'

စကားကို ဖြတ်ပြီး သေသလိုဖြစ်နေတဲ့ စိုးသူအောင်ကို မိန့်မိန့်ကြီးပြုံးကြည့်တယ်။

'အဲတော့… သူက ဘုရင်တွေတောင် အယောက်သုံးလေးဆယ်ယူတာ၊ သူက တူမတို့ လေးယောက်ကို ရအောင်ယူပြီး တည့်အောင်ထားမှာတဲ့'

'ဟင်… ရှင် အကြံကြီးလှချေလား'

'ဟို့လေ… ဒီလိုပါ၊ ငါက စကားအဖြစ် ပြောတာပါ၊ တကယ်မဟုတ်ပါဘူး၊ ယုံပါ'

သက်သက်ဇင် မျက်လုံးအပြူးစားနဲ့ စိုက်ကြည့်တော့ အိုးနင်းခွက်နင်းနဲ့ ဖြစ်နေတယ်။ ဘာမှ မပြောတော့ဘဲ ဆိုင်ထဲကနေ ဆောင့်အောင့်ထွက်သွားတယ်။

'ဟေ… ခဏနေပါဦးလေ၊ တောက်… သွားပါပြီကွာ၊ ဦးဇော်ခင်ဗျားဗျာ လူကြီးတန်မဲ့ သိပ်ရှုပ်တာပဲ၊ ဒီတစ်ယောက်လေးကို ဒီလိုဖြစ်ဖို့ နည်းစည်းရုံးထားရတာ၊ ခင်ဗျားဗျာ'

'ဟား… ဟား… ဟုတ်လား၊ မသိပါဘူးကွာ'

ရယ်နေတဲ့ ဦးဇော်ကို မျက်စောင်းတစ်ချက်ထိုးပြီး စက်ဘီးဆီပြေးသွားလိုက်တယ်။ ဘာပဲဖြစ်ဖြစ်လိုက်တော့ ချော့ရဦးမယ်လေ။ ဟိုဟာလေးကတော့ စာအုပ်ဆိုင်ထဲ ဝင်သွားတယ်။ ဒါနဲ့ စာအုပ်ဆိုင်ထဲ လိုက်ဝင်သွားတော့ ဆိုင်ရှင်အစ်မကြီးက…

'ဟဲ့… အကောင် ဘာလာရှုပ်တာလဲ၊ နင် ငါ့စာအုပ်လည်း လာပြန်မအပ်တာ ဘယ်နှရက်ရှိပြီလဲ'

'အခုလာအပ်တာလေ'

'ဒါဆို ဘယ်မလဲ စာအုပ်'

'အဲ… စာအုပ်က မေ့ကျန်ခဲ့တယ်၊ ညနေလာအပ်မယ်၊ ဟွန်း… သူ့စာအုပ် ဘာလုပ်ရမှာလဲ'

'အေး… ညနေမှ မအပ်ရင် နှစ်အုပ်စာ လျှော်ရမှာ'

'လျှော်တယ်ဗျာ'





ဆိုင်ရှင်အစ်မကြီးနဲ့က တည့်လှတာ မဟုတ်ပေမယ့် သက်သက်ဇင်နားသွားလို့ စာအုပ်ရွေးတယ်။ မတည့်တာက ဒီလို။ စိုးသူအောင်က စာအုပ်တစ်ခါငှားပြီးရင် တစ်လကိုးသီတင်းကြာတာ။ ဒီတော့ ဆိုင်ရှင်စိတ်ဆိုးတာ နည်းတောင်နည်းသေး။ ဒါပေမဲ့ ပြောမရ ဆိုမရ ပြောမနိုင်ဆိုမနိုင်ဆိုတော့ မငှားဘူး ပြောလည်းမရ။

သည်းမခံနိုင်တော့ရင် သူ့အဖေနဲ့ သွားတိုင်လိုက်ရုံ။ ဒါဆိုရင်တော့ စိုးသူအောင်တို့ အိမ်ကနေ တစ်လကိုးသီတင်း ဖအေဖြစ်သူကို ပတ်ပြေးရပြီ။ ဒီထက်ဆိုးတာတွေ ရှိသေးတယ်။ စာအုပ်ပြန်အပ်ပြီဆို စာအုပ်ကြားထဲ ရည်းစားစာညှပ်ပေးတာ။

ဒီနားက လူတွေရဲ့ တစ်ဦးဦး နာမည်ကိုထည့်ရေး မသိမသာအပ်ပြီး လစ်သွားတယ်။ အဲ… ဒီစာအုပ်ကို ဆိုင်ပိုင်ရှင်က ပြန်စစ်ရင် ရည်းစားစာတွေ့ပြီ။ မသိရင် စိုးသူအောင်ကို ကြားကပဲ အောင်သွယ်ပေးတာလို့။ အဲလူကို မေးရင် ဘာမှမသိဘူးလေ။ ကြာတော့ စိုးသူအောင် စာအုပ်ထဲက ဘာစာပါပါ မီးရှို့ပစ်တော့တာ။ အခုလည်း ဆိုင်ထဲဝင်လို့ ဟိုကောင်မလေးဘေး အတင်းသွားကပ်တော့ ဘာများ ပြဿနာရှာမလဲ လိုက်ကြည့်နေရတယ်။

'မင်း ဘာစာအုပ် ဖတ်တာလဲ၊ ငါကတော့ ရယ်ရတာပဲ ဖတ်တယ်၊ ဟဲ… ဟဲ…'

သက်သက်ဇင်က ဘာမှ မပြောဘဲ တစ်ဖက်ကို ခွာသွားတယ်။ ဒါနဲ့ ဟိုစာအုပ်ကိုင် ဒီစာအုပ်ကိုင်နဲ့ အတင်းလိုက်ကပ်ပြန်တယ်။

'မင်းငါ့ကို စိတ်မဆိုးပါနဲ့ကွာ၊ သူက အဲလိုပဲ နောက်တတ်တာ၊ မင်းကို သက်သက်စလိုက်တာပါ'

ဒါနဲ့ တစ်နေရာရွှေ့လိုက် တစ်ခါလိုက်ကပ်လိုက်နဲ့ ကြာတော့ သက်သက်ဇင် မနေနိုင်တော့ဘဲ…

'ရှင် ဘယ်လိုဖြစ်နေတာလဲ၊ အရှက်ကို မရှိဘူး၊ စာအုပ်ကရွေးမရရတဲ့ ကြားထဲ ဆိုင်ရှင်နဲ့ တိုင်လိုက်ရမလား'

'အဟဲ… မင်း ငါ့ကို စကားမပြောဘဲ မနေနိုင်ဝါဘူး'

'ရှင့်ကို ပြောချင်လွန်းလို့ မဟုတ်ဘူး၊ မပြောမဖြစ်မို့ ပြောရတာ သိရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'သိပါတယ်ကွာ၊ မင်းပြန်ရင် ငါလိုက်ပို့ပေးမယ်နော်၊ နေပူတယ်'

'နီးပဲ... ကိုယ့်ဘာသာဆိုက်ကားငှားပြန်မယ် ရှင်နဲ့အတူ စီးရတာ သိက္ခာကျတယ်'

'ဟာကွာ'

'ရှင် လျှောက်မလိုက်နဲ့ စားသောက်ဆိုင်လည်း အကြွေးမကင်း၊ စာအုပ်ဆိုင်လည်း မလွတ်ဘူး၊ အခွေဆိုင်ထဲလည်း လွတ်မှာ မဟုတ်ဘူး၊ ရှင်လျှောက်လိုက်နေရင် ကျွန်မ ပြန်မှာ'

မျက်နှာကြည့်ရတာ မဟန်တာနဲ့ စာအုပ်ဆိုင်ထဲကနေ ပေစောင်းစောင်းနဲ့ ထွက်သွားတယ်။ ဒီတော့မှ ဆိုင်ရှင်အစ်မကြီး သက်ပြင်းချနိုင်တော့တယ်။ ဒီကောင်က ဒီနားတစ်ဝိုက်မှာ ပြဿနာကို ကြုံသလို ရှာနေတဲ့ အကောင်လေ။ သက်သက်ဇင်က အခွေဆိုင်ဘက် ကူးသွားပြန်တယ်။ စိုးသူအောင်က ဆိုက်ကားဂိတ်မှာ သွားထိုင်ရင်း ဆိုက်ကားသမားတွေကို ဆေးလိပ်တိုက်ပြီး စည်းရုံးထားတယ်။ သိနေတဲ့လူတွေချည်းပဲ ဆိုတော့ လွယ်ပါတယ်။

တော်တော်ကြာတော့ သက်သက်ဇင် အခွေတွေနဲ့ စာအုပ်တွေ ပိုက်ပြီး ဆိုက်ကားဂိတ်ရောက်လာတယ်။

'ဆိုက်ကား...'

အစီးနှစ်ဆယ်လောက်နဲ့ လူအယောက်နှစ်ဆယ်လောက်ဟာ တစ်ယောက်မှ မလှုပ်ကြပါ။ စိတ်မရှည်ဘဲ ထပ်အော်ပြန်တယ်။

'ဆိုက်ကားသွားမယ်'

ဘယ်သူမှ မလှုပ်ကြပါ။

'ဆိုက်ကားပါဆို'

ဒီတော့မှ အားနာတတ်ပုံရတဲ့ တစ်ယောက်က...

'အားတော့ နာပါတယ်၊ ဆိုက်ကားတစ်စီးမှ မအားဘူးကွယ်၊ စိတ်မရှိပါနဲ့'

'ဘာ... ဒီအတိုင်းကြီး ရပ်ထားတာကို မအားဘူးဆိုတော့ ရှင်တို့ ရူးနေလား'

'အင်း'





'တောက် မစီးဘူး... ဘယ်တော့မှ မစီးဘူး၊ ကိုယ့်ဘာသာ လမ်းပဲ လျှောက်တော့မယ်'

တစ်ယောက်တည်း ပစိပစိနဲ့ ပေါက်ကွဲပြီး လမ်းလျှောက်သွားတယ်။ ဆိုက်ကားသမားတစ်ယောက်က...

'တောက်... ဟိုကောင် ဇိုးသူ လုပ်တာနဲ့ စီးမယ့်သူတစ်ယောက်တော့ လျော့သွားပြန်ပြီ'

ညည်းတယ်ဆိုရင်ပဲ ကျန်လူတွေက ပြုံးကုန်တယ်။

'ကုသိုလ်ရပါတယ်ကွာ'

တစ်ယောက်က ထပ်ပြောတယ်။ မကျေမနပ်နဲ့ ရှူးအောင့်သွားတဲ့ ကောင်မလေးကိုကြည့်ပြီး ဘာရယ်မသိ ပြုံးမိလိုက်ကြတယ်။ သက်သက်ဇင် လမ်းထဲ ချိုးဝင်သွားလိုက်တယ်ဆိုရင်ပဲ စက်ဘီးကိုကိုင်ပြီး ရပ်နေတဲ့ စိုးသူအောင်ကို မျက်နှာငယ်နဲ့ တွေ့လိုက်ရလို့ တင်းသွားတယ်။

'ရှင်... တမင်လုပ်တာမို့လား'

မေးတော့ နားမလည်တဲ့ အရိုးခံပုံစံနဲ့...

'ဟင်... ငါက မင်းကို ဘာများလုပ်လို့လဲ'

'ကျွန်မကို ထိရင် ပါးဖြတ်ချလိုက်မှာပေါ့၊ ဆိုက်ကားငှားမရတာကို ပြောတာ'

'ဩော်... အဲ့ဒါ ငါလုပ်တာ မဟုတ်ဘူး၊ မင်းမသိလို့ပါ၊ ဒီအချိန်ဆို သူတို့နားချိန် မလိုက်ဘူးကွ၊ အဟဲ...လာပါ ငါပဲ လိုက်ပို့မယ်'

ဘာမှကို မပြောတော့ဘဲ နှုတ်ခမ်းကို ချွန်ပြီး လမ်းလျှောက်တော့ စက်ဘီးကို တွန်းရင်း အတင်းလိုက်ချော့တယ်။ မသိရင် သမီးရည်းစားတွေ စိတ်ကောက်လို့ လိုက်ချော့နေသလိုပဲ။

'ရှင် ဘယ်လိုဖြစ်နေတာလဲ'

'နေပူတယ်၊ မင်းအတွက် စိတ်ပူလို့ပါ'

'သေလိုက်ပါလား'

'မင်း ဒီအတိုင်း ဆက်သွားနေရင် ပိုဆိုးမယ်၊ ဟော... အခုတောင် ဘေးလူတွေက ဝိုင်းကြည့်နေပြီ'

'ဟင်'

သက်သက်ဇင် ဘေးဘီကို ကြည့်လို့ မျက်လုံးလေး ဝိုင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူတွေက ကောက်နေလို့ လိုက်ချော့တယ်ထင်ပြီး ပြုံးကြည့်နေကြတာနဲ့ မျက်နှာလေးရဲလို့ ရှက်သွားတယ်။ တဟဲဟဲရယ်နေတဲ့ စိုးသူအောင်ကို မျက်စောင်းထိုးတယ်။

'ကဲ… ဘယ်လိုသဘောရလဲ'

'နင်း'

တစ်လုံးတည်းပြောပြီး ကယ်ရီပေါ် ခုံတက်လို့ ခေါင်းလေးအောက်ငုံ့ပြီး ပါသွားလေရဲ့။ အပြန်လမ်းတစ်လျှောက်လုံး စိုးသူအောင်က အမျိုးမျိုးလှည့်ပတ်ပြီး ချော့သွားတယ်။ အိမ်ရှေ့ရောက်တော့…

'ရှပြီ… ရှင်ပြန်တော့ ကျေးဇူးတော့ မတင်တော့ဘူး'

'ဟင်… မင်းကွာ အိမ်လည်လေး ဘာလေး'

'နိုးပဲ အားတော့ နာပါတယ်ရှင်၊ အိမ်ထဲ ခေါ်ရလောက်အောင် ရှင်နဲ့ မရင်းနှီးသေးဘူး၊ ကဲ… လစ်တော့'

ရှပ်တည်နဲ့ ပြောတယ်ဆိုရင်ပဲ မျက်နှာငယ်လေးနဲ့ ငေးကြည့်လို့ စက်ဘီးကို ပြန်လှည့်လိုက်တယ်။

'ခဏနေဦး'

'ဟင်… ဘာလဲ… အိမ်လည်ခေါ်မယ်ပေါ့'

ချက်ချင်းပဲ သေမလိုမျက်နှာကြီး ဖြီးလာတယ်။

'ဟင့်အင်း… စိတ်ကို မကူးတာ၊ ရော့… ကျွန်မ ဦးထုပ်ယူသွား၊ ရှင် နေပူတယ်မို့လား'

'ရပါတယ်၊ မယူတော့ဘူး'

'ယူသွားပါ၊ နောက်မှ ပြန်ပေး'

ဦးထုပ်ကို အတင်းပေးတာနဲ့ ခေါင်းကို ငုံ့ကာ…

'ဒါဆို ဆောင်းပေးလေ'

'ရှင်ဟာလေ… တကယ်ပါပဲ'

ပါးစပ်ကသာ ပြောတာ လက်ကတော့ ခေါင်းကို ဦးထုပ်သွားစွပ်ပေးတယ်။

'အဟဲ… ဟဲ… ကျေးဇူးပါပဲကွာ၊ မင်းဦးထုပ်လေးက မွှေးနေတာပဲ၊ မင်းပါးလေးလိုပဲနေမှာ'

'ဘာ… ပြောတယ်'





စိတ်ဆိုးဟန်နဲ့ ခါးထောက်တယ်ဆိုရင်ပဲ စပ်ဖြဲဖြဲရယ်လို့ စက်ဘီးနင်းပြေးသွားတယ်။ အဝေးရောက်သွားတဲ့ စက်ဘီးကို အတင်းငေးတယ်။ ပြန်လှည့်မလာတာ သေချာတော့မှ အပြုံးလေးနဲ့ ပါးကိုပွတ်လို့ ဝက်ထားတဲ့သော့ကို ရှာယူတယ်။ ကျေကျေနပ်နပ်လေးကို ပြုံးနေတာလေ။

❖ ❖ ❖

'ပျင်းဖို့ ကောင်းလိုက်တာဟယ်၊ တကယ်ပါပဲ TV ကိုဖွင့်ရင်လည်း လင်ငယ် မယားငယ်တွေပဲ တွေ့တွေ့နေရတာ၊ ဒါတွေပဲ လွှင့်စရာရှိတယ်ထင်ပါရဲ့၊ မြန်မာဇာတ်လမ်းတွေကျတော့လည်း ဟာသကားတောင် ပီပီပြင်ပြင် မရိုက်ကြတော့ တခြားဇာတ်ဆို ပိုဆိုးပြီ'

သီရိက အိပ်ရာထဲကနေ ဘာမှ မဖွင့်ထားတဲ့ TV ကြီးကို ကြည့်ညည်းတယ်ဆိုရင်ပဲ သဇင်နွယ်က…

'ဟဲ့… ဒီည တနင်္ဂနွေမို့လား၊ ဘောလုံးပွဲတွေကြည့်ကြမယ်လေ၊ ဇပိန်က ဘောလုံးသမားတွေက ဖြောင့်တွေချည်းပဲ ကြည့်ကြမလား'

မေးတော့ သဲသဲစုက…

'ဟယ်… ဘောပွဲလား ပျင်းစရာကြီးပါဟယ်၊ သူတို့က စည်းအပြင် ထွက်ကန်လို့ မရဘူး၊ Music Channel ဖွင့်ဟယ်၊ သီချင်းနားထောင်ရအောင်'

ဖြေတော့ သီရိက…

'ညည်းသီချင်းလိုင်းက အဟောင်းတွေပဲ ပြန်လွှင့်ကာ ကျွိုအာလိုပက်(စ်)တို့ ရှာကီရာတို့လေ၊ ဒီအဘွားကြီးတွေရဲ့ သီချင်းတွေ နားထောင်ချင်ပါဘူး၊ အန်းတိတ်ကြီးတွေ'

ပြောတော့ သဇင်က…

'မြန်မာသီချင်းဆိုရင်ကော…'

'ပိုတောင်ဆိုးသေး နာမည်ကြီးလေ တော်ဝီတူးလေပဲ၊ ငါ့ဟာသီချင်းဆို ကိုယ်ပိုင်သံစဉ်ပဲ နားထောင်ချင်တာ'

သဲသဲစုရဲ့ စကားကို သီရိက ကန့်ကွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာအဆိုကျော်တွေ ကိုယ်ပိုင်သံစဉ်ဆိုတာကို နားထောင်ချင်တယ်ဆိုရင် ညည်းအဘွားကြီးဖြစ်သွားမယ်'

'ဟုတ်တယ်၊ အဲ့လောက် အရည်အချင်းမရှိကြဘူး၊ ဘာဖြစ်လဲပြောင်ပြောင်ပဲ၊ သူများ သီချင်းကူးဆိုတော့ ဆိုရတာ လွယ်သလိုပေါက်တာလည်း လွယ်တယ်လေ၊ အယ်… ဟိုကောင်မ ဘာဖြစ်နေတာလဲ'

'အေး… သူ့ဘာသာတစ်ယောက်တည်း ဘာတွေတွေးပြီး ပြုံးနေတာလဲ၊ မသိဘူး'

သက်သက်ဇင်က ဖက်ခေါင်းအုံးလေးပွေ့လို့ ပြုံးနေတယ်။ ဟိုဟာတွေပြောတာကိုလည်း ကြားပုံမပေါ်ဘဲ သူ့ဘာသာဘာတွေ ဖီးလ်ဖြစ်နေတယ်မသိ။ ဒါနဲ့ အနားက သဲသဲစုက ခါးကြောကို လှမ်းလိမ်တယ်။

'ဟဲ့ကောင်မ… ဘာဖြစ်နေတာလဲ'

'အံမယ်လေး… ကုလားကြီးဟဲ့'

လန့်ပြီးယောင်လိုက်တယ်ဆိုရင်ပဲ အားလုံး ဝိုင်းရယ်ကြတယ်။ ဒါနဲ့ သက်သက်ဇင်က ရန်တွေ့တယ်။

'ဘယ်လိုဖြစ်ကြတာလဲလို့ ငါ့ဘာသာ အေးအေးမနေရဘူး၊ ဒီမှာ အတွေးပျက်တယ်'

ပြောတော့ သီရိက မဲ့ရွဲ့လို့…

'အံမယ်… နင်က ကြီးကြီးကျယ်ကျယ် ဘာတွေတွေးနေလို့လဲ'

'အေး… ငါတို့ ဒီမှာ ပျင်းလို့ သေတော့မယ် ပြောပြပါဦး အပျင်းပြေလေးပေါ့'

ဝိုင်းပြောကြတော့ သက်သက်ဇင်က ရှက်ပြုံးလေး ပြုံးတယ်။

'အဟီး… ငါတွေးနေတာ၊ ဒီလိုဟာ ဖန်ဆင်းရှင်သာ မိန်းကို မဖန်ဆင်းပေးရင် အာဒမ်က သူ့ချစ်သူကို ဘယ်လိုရှာမလဲ တွေးနေတာ၊ အဟိ'

ပြောတော့ မျက်စောင်းဝိုင်းထိုးကြလေရဲ့၊ သဲသဲစုက ရယ်ချပက်ကျဲနဲ့…

'ညည်းဟယ်… ကြံကြံဖန်ဖန် နင်မှတ်ထား အရောဝတ္ထုတစ်



မှာ ဆန့်ကျင်ဘက်တစ်ခုဟာ အမြဲရှိတယ်၊ ဥပမာ အဖိုရှိရင် အမရှိရမယ်၊ အချစ်ရှိရင် အမုန်းရှိရမယ်'

'အဲဒါဆို ဥသြငှက်ကျတော့ ဘာလို့ အမ မရှိလဲ'

'ဒါတော့ လူတွေရဲ့ သတ်မှတ်ချက်ပါ၊ ငှက်တွေကို နာမည်မတပ်ဘဲ ဘာငှက်ဖြစ်ဖြစ် ငှက်လို့ပဲ ခေါ်ရင် အဖိုအမဆိုတာ မရှားပါဘူး'

သီရိက မျက်စောင်းဝင်ထိုးတယ်။

'ဟဲ… ငါတို့ပြောနေတာ အာဒမ်နဲ့ ဧဝလေ၊ ဘယ့်နှယ် ဥသြငှက်ဆီ ရောက်သွားတာလဲ'

'အဟဲ… အရာဝတ္ထုတစ်ခုဟာ ဆန့်ကျင့်ဘက်ကိုယ်စီရှိတယ်ဆိုတာ ပြောပြနေတာ'

'ကဲ… ထားကြပါ၊ ငါပြောတာက အာဒမ်ဟာ သူ့ဘာသာဒေင်ဥယျာဉ်ထဲကနေ ဆိုပါစို့ အပြင်ထွက်ရှာရင် ဧဝမဟုတ်တဲ့ တခြားတစ်ယောက်ကို တွေ့မလား တွေးနေတာဟဲ့'

'ဒါကတော့ မပြောတတ်ဘူးလေ၊ အဲတုန်းက ငါမှ မမွေးသေးတာ၊ ဘယ်သိမလဲ'

သဲသဲစုကပြောတော့ မျက်စောင်းပိုင်းထိုးကြတယ်။ သက်သက်ဇင်က တွေးငေ့တွေးဆဆနဲ့…

'တကယ်တော့ အာဒမ်ဟာ သူများအားမကိုးဘဲ ကိုယ့်ဘာသာ ချစ်သူရှာသင့်တယ်'

'ဟယ်… နင်ဟာလေ ရူးပါ့၊ အဲတုန်းက ကမ္ဘာပေါ်မှာ သူတို့နှစ်ယောက်ပဲ ရှိတာဟဲ့'

သီရိက ပြောတော့ သဇင်က ငြင်းတယ်။

'မဖြစ်နိုင်ဘူး၊ ကမ္ဘာကြီးက အကြီးကြီးဟာကို နှစ်ယောက်တည်းနဲ့ ဒါလောက် လူမျိုးတွေ ကွဲစရာမရှိဘူး၊ တခြားတစ်နေရာမှာလည်း တခြားလူတွေ ရှိဦးမှာပါ'

သီရိက သဇင့်ကို မျက်စောင်းထိုးတယ်။

'ကောင်မပြောပုံက အဲတုန်းက သူရှိနေတဲ့အတိုင်းပဲ အရှင်းအငြင်းသန်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သန်ဆို' အဲတုန်းက ငါလည်း ဒေဝဥယျာဉ်ကြီးထဲမှာရှိတယ်၊ အဟဲ… ငါက ဝေမို့ပေါ့'

ဒါနဲ့ပဲ တစ်ယောက်တစ်မျိုး ဝိုင်းဆဲကြပြီး ရယ်နေကြတယ်။ ဒီလိုပဲ ငြင်းစရာမရှိ ရှာရှာကြံကြံလေးတွေ ငြင်းကြတာ။ ဒီအချိန်မှာပဲ အသံတစ်သံကိုကြားလို့ သက်သက်ဇင် ခေါင်းထောင်သွားတယ်။

'ဟဲ့… နားထောင်ကြစမ်း၊ ဒါ ဂစ်တာသံလား'

အားလုံး ငြိမ်လို့ စိတ်ဝင်တစား နားထောင်ကြတယ်။

ဒီနားမှာ တစ်ခြံနဲ့တစ်ခြံဝေးတော့ တခြားသီချင်းသံ တစ်ခါမှ မကြားရပါ။ တီလုံးသံ ငြိမ့်ငြိမ့်လေးအရင်ကြားပြီးမှ သီချင်းသံဆွေးဆွေးလေးကို ကြားလိုက်ကြရတယ်။

'ကမ္ဘာဦးအစရဲ့ ××× အာဒမ်ချစ်သူ ××× ဧဝလိုလား၊ ရင်ကို အချစ် တို့ ကျွမ်းလောင်ထား ××× ဒါကို အချစ်ရဲ့အစတဲ့လား ××× ငြိမ်သက်ခဲ့တဲ့ ကန်ရေထက်ကို လှုပ်ခတ်သူလား ××× ရင်ကို ယစ်မူးခဲ့စေသလား ××× ဒါကို အချစ်ဦးလို့ ခေါ်မလား ×××'

နားထောင်လို့ ကော်တော်ကောင်းတာနဲ့ လေးယောက်သား ပြတင်းပေါက်လိုက်ကာကို ဖယ်လို့ ခေါင်းတွေ ပြူကြည့်ကြတော့…

'ဟယ်… ဟိုလူတော့ အသံကလည်း ရှိန်းမိုးနဲ့ တစ်ထပ်တည်းပဲ ဟဲ့'

'ဒီလူက ဘယ်ဆိုးလို့လဲ၊ ဒါမျိုးလည်းဖြစ်တာပဲ'

တစ်ယောက်တစ်ပေါက် ဝိုင်းချီးမွမ်းကြတော့ သက်သက်ဇင် မနာလိုတိုရှည်ဖြစ်သွားတယ်။ ခြံရှေ့မှာရှိတဲ့ မီးတိုင်အောက် အုတ်ခုံမှာ ဂစ်တာကို တီးပြီး သီချင်းဆိုနေတာ စိုးသူအောင်လေ။

ဟိုကောင်မလေးသုံးယောက်ကလည်း အပီပဲ ခံစားနေကြတယ်။ ဘယ်သူ့ကို ဆိုမှန်းမသိပေမယ့် ကိုယ့်ဘာသာပဲ ကိုယ့်ကိုယ်ကိုယ် ရွေးထားကြတယ်။

'အမိုးထိုက်တန်စွာ တုန့်ဖိုးထားစာတ်သူ ××× တစ်ပွင့်ဆို တစ်ပွင့်သာ ဆင်မြန်းပါ၊ ချစ်သူ အချစ်ဆုံးရာ ××× ဝိုး ဝိုး ဝိုး ×××'

'ဟဲ့… ဒါမှ ကိုယ်ပိုင်သံစဉ်ဟဲ့ နားထောင်လို့ ကောင်းလိုက်တာ၊ တကယ့်ကို သနားချင့်စရာ…'





'အဟီး… စိတ်တောင် ယိုင်ချင်လာပြီ'

သီရိနဲ့ သဲသဲစုကို သဇင်က မျက်စောင်းထိုးတယ်။

'ကောင်မတွေ အတော်ဖြစ်နေကြတယ်၊ ပြောတော့ ဘာလေး ညာလေးနဲ့ မိသက်လို 'ဣန္ဒြေရရနေစမ်းပါ'

ဒါနဲ့နှစ်ယောက်သား သက်သက်ဇင်ကို ကြည့်လိုက်တော့ ဟုတ်ပါတယ်၊ ငြိမ်ငြိမ်သက်သက်လေးပဲ နားထောင်နေတယ်။ သူ့အတွေးထဲ ဘာရှိမှန်းမသိကြတော့ အထင်တကြီးပဲ ဝိုင်းကြည့်ကြတယ်။ ဒီကောင်မက အေးတယ်ပေါ့။ အဲ… သက်သက်ဇင်အတွေး ထဲဝင်ကြည့်လို့ရရင်တော့ ဝိုင်းဆဲကြမှာ။

သက်သက်ဇင်ရဲ့ အတွေးထဲမှာ စိုးသူအောင်နဲ့ စကားတီတီတာတာလေးတွေ ပြောလို့ ပလူးနေကြတာလေ။ အပြင်မှာကတော့…

'ရင်ခုန်သံဟာ ကာရံသံစဉ်တူညီ ××× ဒါဟာ အချစ်ဆိုရင် ××× ကြင်နာခြင်းအနမ်းတွေ ဦးဆုံးဖြစ်ပါစေသား ××× အချစ်တစ်ခုကိုးစားတော့ အရာရာကိုလေ ပိုင်ဆိုင်မယ်ဆို ရင်ခွင်ကိုသာ ဦးစေမယ် ××× ပထမဆုံး ညသာ ဘဝအတွက် ဖြစ်ပါစေသား ××× စိတ်တစ်ခုကို စားလို့ ဦးဆုံး ××× ကမ္ဘာဦးအစရဲ့ ××× အာဒမ်ချစ်သူ ×××'

သီချင်းသံလေးနဲ့အတူ ညဟာ သာယာနေပါတယ်။ ကောင်မလေးတွေက ငြိမ်ငြိမ်သက်သက်ပဲ နားထောင်နေကြတယ်။ သီချင်းလည်းဆုံးရော သက်ပြင်းကိုယ်စီချလိုက်ကြတယ်။ သက်သက်ဇင်ကတော့ အိပ်ရာထဲသွားပြန်အိပ်နေတယ်။ ဟိုကောင်မလေး သုံးယောက်ကတော့ ပြတင်းပေါက်ကနေ မသိမသာကြည့်နေကြတယ်။

စိုးသူအောင်ပြုံးလိုက်ပြီး အုတ်ခုံ နောက်မှာ မမြင်အောင် ဖွက်ထားတဲ့ ဘတ္တိရီအိုးတစ်လုံးရယ်၊ စီဒီဖွင့်စက်ရယ်၊ အင်ပလီဖာယာဆါတဲ့ ဘောက်တစ်လုံးကိုယူပြီး ကွယ်ရပ်ထားတဲ့ စက်ဘီးခြင်းထဲထည့်၊ ဘတ္တရီအိုးကိုတော့ ကယ်ရီယာမှာချိတ်ပြီး အသေအချာတင်တယ်။ ကြည့်လား မကြည့်လား မသိဘဲ အိမ်ဘက်ကို လက်လှမ်းပြလို့ အတွယ်ထဲ ပြန်သွင်းပြီး ဂစ်တာကို လက်တစ်ဖက်က ကိုင်၊ စက်ဘီးကို နှင်းထွက်လိုက်တယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မြတ်သူ၊ သက်ထွန်းနဲ့ ရန်နိုင်က သီရိ၊ သဇင်နဲ့ သဲသဲစုတို့ သုံးယောက်ရှေ့မှာ မျက်နှာငယ်လေးတွေနဲ့ ထိုင်နေကြတယ်။ ကောင်မလေးသုံးယောက်ကတော့ ရပ်တည်နေကြတယ်။ မခံချင်စိတ်နဲ့ ပြိုင်ဖြတ်လိုက်ကြပေမယ့် သနားသလိုတော့ ရှိကြတယ်။ မနှစ်ကလည်း တစ်နှစ်လုံးတွဲလာကြတာဆိုတော့ သံယောဇဉ်က ရှိပြီးသား။

သက်သက်ဇင်ကတော့ တခြားဝိုင်းမှာထိုင်လို့ စာဖတ်နေတယ်။ ပုံစံကတော့ပြောင်းသွားပြီ။ အင်္ကျီအကျပ်နဲ့ ဘောင်းဘီဝတ်ထားတယ်။ မျက်နှာလေးကိုလည်း ပြင်ထားပြီး ဆံပင်ကိုလည်း ဖွလို့ ကောက်ထားတယ်။ ဒီတော့ တော်ရုံလူ မမှတ်မိတော့ပါ။

'သီရိရယ် နင်ငါ့ကို စဉ်းစားပါဦးဟာ၊ ငါနင့်အပေါ် သစ္စာရှိပါတယ်၊ နင်ကလွဲပြီး တခြား ဘယ်သူ့ကိုမှ မလိုက်ဘူး၊ မကြိုက်ဘူး။ နင်မှနင်ပဲ'

ညောင်နာနာပြောတော့ သီရိက အသံစွာစွာနဲ့…

'အဲ့ဒါ ငါက ဘာလုပ်ရမှာလဲ'

'ဘာမှမလုပ်ပါနဲ့ ငါတို့ အရင်လို ချစ်သူတွေ ပြန်ဖြစ်ကြမယ်လေ'

ပြောတော့… အင်းလည်းမအင်း ငြင်းလည်းမငြင်းဘဲ မျက်နှာတစ်ဖက်လှည့်သွားတော့ မြတ်သူ မျက်နှာနာကြီးနဲ့ ငြိမ်ကျသွားတယ်။ ရန်နိုင်ကလည်း သဲသဲစုကို အသနားခံတဲ့အကြည့်နဲ့ ကြည့်နေပေမယ့်





ဘာစကားမှ မပြောဘူး။ သက်ထွန်းကလည်း သဇင့်ကို ငေးကြည့်နေတယ်။ ပထမတစ်ယောက် အဆင်မပြေမှတော့ သူတို့လည်း ပြောစရာမလိုတော့ပါ။

ပထမတစ်ယောက်က အင်းဆို ကျန်ကောင်မလေးနှစ်ယောက်လည်း လိုက်အင်းမယ့်ပုံ။ ဒီကောင်မလေးသုံးယောက်က ဒီလိုပဲ အဖြေပေးတုန်းကလည်း ပြိုင်တူ။ အဆက်ဖြတ်ကြတော့လည်း ပြိုင်တူပဲဆိုတော့ အခုလည်း…

'အေးပါဟာ၊ နင်လက်ခံတဲ့အချိန်ထိ ငါ မျှော်လင့်နေပါမယ်၊ ငါသွားတော့မယ်ဟာ'

မြတ်သူက ကြေကြေကွဲကွဲလေး ပြောပြီး မျက်နှာသေလေးနဲ့ ထရပ်တော့ ဟိုနှစ်ကောင်ကလည်း သက်ပြင်းကိုယ်စီချလို့ ထရပ်လိုက်ကြတယ်။ ကုပ်ဖေးဖေးနဲ့ ဆိုင်ထဲက ထွက်သွားကြတယ်ဆိုရင်ပဲ ကောင်မလေးတွေက စိတ်မကောင်းဟန်နဲ့ လိုက်ကြည့်ကြတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက်ကြည့်လို့ မျက်နှာတွေ ပြန်မာသွားကြတယ်။

ဒီတော့မှ သက်သက်ဇင်က ဒီဘက်ဝိုင်းပြန်ကူးလာတယ်။ သုံးယောက်သား ဝိုင်းကြည့်ကြတော့ မနေတတ်မထိုင်တတ်နဲ့ ရှက်နေပြန်တယ်။ ပြီးမှ မြတ်သူတို့ကို လိုက်ကြည့်ပြီး ပြောတယ်။

'သနားပါတယ်ဟယ်၊ နင်တို့ကလည်း ပြိုင်မနေကြပါနဲ့တော့၊ တကယ်မချစ်တာလည်း မဟုတ်ဘဲ၊ သူတစ်ပါး စိတ်ဆင်းရဲအောင်လို့ လုပ်နေကြတယ်'

သီရိက မျက်နှာကို မဲ့လိုက်တယ်။

'ငါကတော့ မသနားပါဘူး၊ ယောကျ်ားတွေပေါ်လို့'

ပြောတော့ သဇင်ကလည်း ထောက်ခံတယ်။

'ဟုတ်တယ်၊ အခု ကွန်ပျူတာ သင်တန်းမှာ ငါတို့ကို ကြောင်နေတဲ့ ငနဲတွေ ရှိပါ့'

ကြွားတော့ သဲသဲစုကလည်း…

'သူတို့က ပိုလန်းတယ်ဟဲ့၊ ပြီးတော့ ဒီကောင်တွေလို မနုံ…

သက်သက်ဇင် စိတ်ပျက်သွားတယ်။

'နင်တို့က နုံတာကို သဘောမကျဘူးပေါ့လေ၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာတွေက နင်တို့ကို ချစ်လွန်းလို့ မထိရက် မကိုင်ရက်ဖြစ်နေတာ ဟိုကဟာတွေက နင်တို့ကို တစ်ခါစားကြံတာ ဖြစ်မှာပေါ့'

ပြောတော့ ကိတ်နေကြလို့ ဆရာလေသံနဲ့…

'မြတ်သူတို့က အကြောင်းသိတွေလေ၊ သူ့အိမ်မှာ ချွေးဘယ်နှကောင်ရှိတာကအစ နင်တို့ သိတာ၊ ဟိုကလူတွေအကြောင်း နင်တို့ ဘယ်လောက်သိလဲ၊ ငါကတော့ သူတို့သုံးယောက်နဲ့ပဲ သဘောတူတယ်'

တစ်ယောက်နဲ့တစ်ယောက်ကြည့်ရင်း တွေဝေနေကြတယ်။ ပြီးမှ သက်သက်ဇင်ကိုကြည့်လို့ သဲသဲက…

'နေပါဦး မိသက် ညည်းက အချိုးတွေ ပြောင်းနေပါလား'

'အေး… ကောင်မ ဝတ်စားထားတာ၊ သိပ်ရွှနေပါလား၊ ဘာလဲ ရည်းစားရပြီလား၊ ငါတို့နဲ့ တိုင်ပင်နော်၊ ဘယ်ကကောင်လဲ'

'နင်တော့ မနှုးမနပ်နဲ့၊ ခံရဦးမယ်'

ဝိုင်းမေးကြတော့ ရှက်နေတယ်။

'ဟယ်… မရှိပါဘူးဟဲ့၊ နင်တို့နဲ့ပေါင်းပြီး ဒါလောက်တော့ ဝတ်မှာပေါ့၊ ငါက အမေ့စကားကို မြေဝယ်မကျ… ဟင်'

စကားတောင် မဆုံးသေးဘူး၊ စိုးသူအောင်ကို တွေ့လိုက်တော့ မလုံမလဲနဲ့ ခေါင်းငုံ့သွားတယ်။ ငနဲက တဟဲဟဲနဲ့ ဝင်ထိုင်ရင်း အားလုံးကို စေ့ကြည့်တယ်။

'ဒီနေ့တော့ လူစုံတက်စုံပါလား၊ အဟဲ သင်တန်းမသွားကြဘူးလား'

'သွားမယ်၊ အခုပဲ သွားတော့မလို့ အဟင်း…'

ဒီတစ်ခါတော့ ဘာစွာသံမှ မကြားရဘဲ သဲသဲစုက စကားစတော့ သီရိကလည်း အားကျမခံ…

'ဟုတ်တယ် ကိုစိုးသူရဲ့၊ ဒီမှာ စကားမပြတ်သေးလို့ ရှင်ရော သင်တန်းလေး ဘာလေး မတက်ဘူးလား၊ အားနေတာပဲ'

'အေးကွာ… ငါက တက်ပြီးသား၊ ဟို ကိုးတန်းလောက် ကတည်းက ဘြော်… အတော်တတ်ပြီလား'

မေးတော့ သဇင်က ကန့်ကလန့်နဲ့…





'အခုမှ သင်စပဲရှိသေးတာ၊ လက်က မလည်ပါဘူး၊ လက်ကွက်ကျင့်တုန်းပဲ၊ ဒါနဲ့ ညက သီချင်းဆိုတာ ကောင်းသားပဲ'

'အဟဲ… ငါက ဂစ်တာတီးတတ်တယ်လေ'

သီရိကလည်း ညို့ကြည့်ကြည့်လို့…

'တကယ် နားထောင်ကောင်းတာ ရိုန်မိုး အသံနဲ့တစ်ထပ်တည်းပဲ တကယ်တော်တာ'

'ဟုတ်တယ်၊ အဆိုရော အတီးရော ကွက်တိကျတယ်'

သဲသဲစုကပါ ဝင်မြှောက်တော့ နဂိုရှူးမျက်နှာကြီး ပိုဖြဲသွားပြီး…

'ဟာ… ကောင်းရမယ်လေ၊ ကောင်းဆို စက်နဲ့ဖွင့်ထားတာ ကိုး… တူမပေါ့'

'ရှင်'

'အဲလေ… စက်နဲ့ ဖွင့်ထားတယ်လို့ မထင်ကြဘူးလား မေးတာ၊ တကယ်တော့ ငါတို့ မျိုးရိုးမှာ အနုပညာပါရမီ ငါ့လောက် ဘယ်သူမှ မကောင်းကြဘူး၊ အဟဲ… ငါကျမှ ဖြစ်တာ၊ တစ်လောကပဲ မော်ဒယ်အေဂျင်စီတစ်ခုက ကြော်ငြာရိုက်ဖို့ ကမ်းလှမ်းသေးတယ်၊ ဟဲ… ဟဲ…'

ဟုတ်လည်း မဟုတ်ဘဲ အတင်းကြွားတော့ ဟိုသုံးယောက်က ပါးစပ်အဟောင်းသားလေးတွေနဲ့ အံ့သြပြတယ်။ သက်သက်ဇင်က အမြင်ကတ်ကတ်နဲ့…

'ဘာလဲ ဟိုကြော်ငြာလား HIV ပိုးမကူးစက်ရေး ပညာပေးကြော်ငြာလေ'

'အိန့်'

မျက်နှာကြီး မဲ့ရွဲ့သွားတော့တာ ပြီးမှ သက်သက်ဇင်ကို မျက်စောင်းထိုးလို့…

'ဟာ… ဘယ်ကလာ… အင်္ဂလိပ်ကြော်ငြာကွ၊ မင်း အဲလို အမြင်မကောင်းလို့ ကြိုက်မယ့်သူမရှိတာ'

'ဘာ… ရှင်နော်'

သူများကျတော့ ပြောပြီး သူ့ပြောတော့ မျက်နှာကြီး ရှုံ့မဲ့ကျ ချိုးနဲ့ ကောက်သွားတယ်။ သီရိက…

'ရှင် ညကျရင် လာဆိုဦးမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ မကြိုက်လို့လား'

'မဟုတ်ပါဘူး၊ သီရိကလည်း ဝါသနာပါတယ်လေ၊ အဲဒါ လာဆိုမလို့'

'ဟင်… တကယ်'

'ဟုတ်တယ်၊ တကယ်… သဇင်လည်း ဆိုတာကို ဝါသနာ ပါတယ်၊ လာခဲ့နော်'

'ဟင်… နာပြီ'

ဂစ်တာကို ဟိုမရောက် ဒီမရောက် တီး၊ သီချင်းကို ဟိုမရောက် ဒီမရောက်ဆိုတတ်တာကလွဲလို့ အဖြစ်မရှိပါ။ အခု ဟိုဟာတွေက အထင် ကြီးပြီး တကယ်လာဆိုခိုင်းနေပြီ။ ချွေးကို ပျံနေရောပဲ။ အမှန်အတိုင်း ပြောပြန်ရင်လည်း ဒီလိုအခွင့်အရေးရမယ် မထင်တော့ပါ။ သဲသဲစုကပါ မှန္တဲ့လို့ ပြောတယ်။

'သဲသဲကလည်း မဆိုတတ်ပေမယ့် လာနားထောင်မှာနော်၊ ဘာလဲ ချေးကိုင်နေတာလား'

'ဟာ… မဟုတ်ပါဘူးကွာ၊ ကိုယ့်အဖေက အရှမ်းစည်းတင်း ကြီးတာ ညဘက် သူရှိနေရင် စာပဲ ကျက်ရတာ၊ အားတဲ့အခါကျမှပဲ လာခဲ့တော့မယ်၊ အဟဲ… ညတွေ အများကြီးရှိပါသေးတယ်။

ကိုယ့်ဝမ်းနာ ကိုယ်ပဲ သိတော့ အတင်းငြင်းရတယ်။ သီရိက…

'ကောင်းပါပြီ၊ ရှင်အားတဲ့အခါ လာခဲ့ပေါ့၊ ကျွန်မတို့က အနုပညာကို တအားဝါသနာပါတာ'

'အေးပါကွာ၊ ငါလည်း တတ်သလောက် ပြောပြမှာပါ'

လေးယောက်သား ပလူးပလူးဖြစ်နေကြတော့ သက်သက်ဇင် တိုနေတော့တာ။

'ဟယ်… မိသဲ နင်တို့ သင်တန်းချိန်နီးပြီလေ မသွားသေးဘူး လား'

'အဲ… ဟုတ်တယ်၊ သီရိရေ သွားကြစို့'

'ဟုတ်တယ် သြော်… ကိုစိုးသူ အားရင်လာခဲ့နော်၊ ကဲ… အခုတော့ သွားလိုက်ပါဦးမယ်'

'အေးပါ… အေးပါ အဟဲ… လာဦးမှာ'





ဟိုသုံးယောက်က အမြင်ကတ်လောက်အောင် ညှသွားကြတယ် ဆိုရင်ပဲ သွားဖြဲကြီးနဲ့ သဘောကျနေတယ်၊ သက်သက်ဇင်က ကောင်မတွေ ကဲကို ကဲတယ်တွေးလို့ မဲ့ရွဲ့နေတယ်။ ဒီကောင်မတွေလား အနုပညာဝါသနာ ပါတာ သီချင်းတောင် ဖြောင့်အောင်မဆိုတတ်တာလို့ မနာလိုစွာ တွေး နေလေရဲ့။

ဟိုကောင်မလေးတွေ မြင်ကွင်းထဲက ပျောက်သွားတော့မှပဲ မျက်နှာ ရှုးက သက်သက်ဇင်ဘက်လှည့်လို့…

'အဟဲ… အခုမှပဲ ရှင်းသွားတော့တယ်၊ မင်းနဲ့ စကားအေး အေးဆေးဆေးပြောလို့ရပြီ'

'ကျွန်မ ပြန်တော့မယ်'

ပြောပြီး ဆိုင်ထဲက ထွက်သွားတယ်ဆိုရင်ပဲ စိုးသူအောင် ပျာပျာ သလဲနဲ့…

'ဟေ့… ဟာ… ငါ့ကို စောင့်ဦးလေကွာ၊ ဟာ… သိပ်ခက်တဲ့ ဟာလေးပဲ'

ပြောရင်း ဆိုင်ထဲကနေ ပြေးလိုက်မယ်ကြံကာရှိသေး…

'ဟို အစ်ကိုကြီး… ပိုက်ဆံရှင်းသွားဦးလေဗျာ'

'အရေးထဲ မင်းကတစ်မျိုး'

ဘောင်းဘီအတင်းဆွဲထားတဲ့ စားပွဲထိုးကို ပိုက်ဆံအတင်းထိုး ပေးပြီး ပြေးလိုက်သွားတယ်။ သက်သက်ဇင်က အတော်ဝေးဝေးကို ရောက်သွားပြီလေ။

'ဟေ့… စောင့်ပါဦးဟ တကတည်း မြန်လိုက်တာ'

အူယားဖားယား ပြေးလိုက်လာတာကို မသိယောင်ဆောင်လို့ ဆက်လျှောက်တယ်။ ဒီငနာကို စကားမပြောချင်ဘူး။ ဟိုဟာတွေရှေ့ ရောက်ရင် လေသံတာ တစ်မျိုး၊ ကွယ်ရာရောက်ရင်တစ်မျိုး အညာလွှတ် တယ်ဆိုပြီး လာလာကပ်တယ်တွေးလို့ မျက်စောင်းထိုးတယ်။

'အဟဲ… မင်း ဒီနေ့ သိပ်လှနေပါလားကွ၊ ကြည့်စမ်း ဖုံးအာ ရှယ်လန်းနေတာ'

ဘေးနားအတင်းကပ်လို့ ပြောပေမယ့် မသိယောင်ဆောင်လို့ နှုတ်ခမ်းကို ချွန်ထားတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးတစ်ယောက်ကို ဒီလို စိတ်ကောက်ပြဖို့ ဘယ်တုန်းကမှ မတွေးမိခဲ့ပါ။ အခုတော့…

'ဟာ… ဒီကောင်မလေးရှေ့မှာ ခတ်တိုင်ကြီးလေ၊ ဝင်တိုက်တော့မှာပဲ'

'ဟယ်…'

ဘေးကနေ အော်ပြီး အတင်းလက်ကိုဆွဲထားမှပဲ ခတ်တိုင်ကြီးကို တွေ့ပြီး လန့်သွားတယ်။ လန့်ဆို ဝင်တိုက်မိတော့မှာလေ။ ဒါပေမဲ့ လက်ကို အတင်းဖယ်ကာ…

'လျှာရှည်ပါနဲ့၊ တွေ့သားပဲ ဖယ်ပါ… သူများကို လာပြီး အသားယူနေတာ'

'အဟဲ… မင်းက ငုံ့လျှောက်နေတော့ မမြင်ဘူးမှတ်လို့ပါကွာ၊ ဆောရီး… ငါစိုးရိမ်လွန်သွားတယ်'

ပြုံးစိစိနဲ့ပြောတာကို မျက်စောင်းထိုးရင်း သွက်သွက်လျှောက်လာတယ်။ ဘေးကနေ အတင်းကပ်ပါလာတာလေ။ ဒါနဲ့ပဲ ခြေလှမ်းကို ပုံမှန်လှမ်းရင်း သွားလာနေကြတဲ့ အတွဲတွေကို ငေးကြည့်နေတယ်။ ပြီးမှ စိုးသူအောင်ကို မသိမသာ မော့ကြည့်လို့ စဉ်းစားတယ်။ သူများတွေများ အတူတွဲလျှောက်ရင်း ပျော်လို့ ကိုယ့်မှာသာ အခုချိန်ထိ ဘာမှန်းကို မသိတာ။

သူက ကိုယ့်ကို ချစ်တာလား ဒါမှမဟုတ် တစ်ပါးသူကို ချစ်တာလားလည်း မသိ။ ကိုယ်ကိုယ်တိုင်တောင် ဘာမှန်းမသိတော့ ကိုယ့်ဘဝရဲ့ အဓိပ္ပာယ်ကို ဘယ်လိုသိတော့မှာလဲ။ ကိုယ့်ဘဝကိုယ်တောင် ဘာမှန်းမသိတော့…

'အင်း… ဟာ'

'ဖုန်း'

ပလက်ဖောင်းပေါ်မှာ ဘယ်သူထောင်ထားတယ်မသိတဲ့ ရေသန့်ဘူးတစ်ခုကိုတွေ့တော့ တင်းပြီး ကန်ထုတ်လိုက်တယ်။ ရေထည့်ထားတဲ့ ရေသန့်ဘူးက ခပ်ဝေးဝေးကို လွင့်သွားတယ်။

'ဟာ… မင်းမတွေ့ဘူးလား'

စိုးသူအောင်မေးတော့ ဘေးဘီကို ဝေ့ကြည့်ပြီး ရန်တွေ့တယ်။





'တွေ့တယ်… တွေ့တယ်၊ တမင်ကန်ထုတ်ပစ်တာ၊ လမ်းပေါ်မှာ ရှုပ်ကို ရှုပ်တယ်၊ အလကား ငရှုပ်၊ ဘာမှန်းကို မသိဘူး၊ ဟွန်း…'

ရေဘူးနဲ့အတူ လူကိုပါ ရောချတော့ တစ်ယောက်က ကြောင်နေတုန်းမှာပဲ…

'ဝါး… ဝါး… တားတားရေဘူးကို ဟိုမမ ကန်ထုတ်ပစ်တယ်၊ လျှော်ပေး၊ လျှော်ပေး၊ ဝါး… ဝါး…'

'ဟင်'

နံရံဘေးကနေ ခွက်လေးကိုင်ပြီး ကလေးတစ်ယောက် ထွက်ငိုတယ်။ ကြည့်ရတာ သူတောင်းစားလေးထင်တယ်။ နေပူလို့ နံရံဘေး ကပ်တောင်းနေတာ။ သူ့ရေဘူးကို ကန်ထုတ်လိုက်တော့ ခြေဆောင့်ငိုပါရောလား။ နှစ်ယောက်သား ဘာလုပ်ရမှန်းမသိအောင် ကြောင်သွားတယ်။

'ဝါး… ဝါး… ပြန်ကောက်ပေး၊ ဟီး… ကြီးတယ်ဆိုပြီး အနိုင်ကျင့်တယ်၊ ဝါး…'

'ဟယ်… မငိုပါနဲ့ ကလေးရယ် မမ ပြန်ကောက်ပေးမယ်နော်၊ ခဏလေး'

ကပျာကယာနဲ့ ရေဘူးကိုသွားပြေးကောက်ပြီး ကလေးရှေ့မှာ ချပေးပေမယ့် အငိုက မရပ်ဘူး။

'ဝါး… ဝါး ကြီးတယ်ဆိုပြီး အနိုင်ကျင့်တယ်၊ တိတ်ဘူးငိုမှာပဲ'

'တိတ်ပါ ကလေးရယ် မမက မသိလို့ပါ'

ချော့ပေမယ့် မရပါ။ ဘေးလူတွေက ဝိုင်းကြည့်တော့ ခေါင်းလေးကုတ်လို့ ရှက်နေတယ်။ စိုးသူအောင်က ပြုံးပြီး ကလေးရှေ့မှာ တစ်ရာတန်တစ်ရွက်ကို ယမ်းပြပေမယ့်…

'ဝါး… ဝါး… အကောင်သေးတယ်၊ တိတ်ဘူး၊ ငိုမှာပဲ'

ဒါနဲ့ ဘောင်းဘီအိတ်ထဲက နှစ်ရာတန် တစ်ရွက်ကို ထုတ်ပြတော့လည်း…

'ဝါး… ဝါး… သေးတယ်၊ သေးသေးတယ်၊ ငိုမှာပဲ'

ဆက်ငိုတာနဲ့ ဘောင်းဘီအိတ်ထဲက ငါးရာတန်ကို ထုတ်ပြတော့လည်း ငိုပေမယ့် သိပ်အားမပါတော့…



www.burmeseclassic.com

www.burmeseclassic.com



'အီးဟီး… ရွတ်… ဒီကောင်က နည်းနည်းကြီးပေမယ့် သေးသေးတယ်၊ အီး… ငိုမှာပဲ'

'ဟွန်း… ငါနော်… နည်းနည်းတော့ တင်းလာပြီ၊ ရှော… အဲသမှာ တစ်ထောင်တန်၊ စေတနာပျက်အောင်တော့ မလုပ်နဲ့၊ တိတ်တော့'

'အုဟု… အင်း… ငိုတော့ဘူး၊ တိတ်ပြီ၊ ဒီကောင်က ကြီးတယ်၊ တိတ်ပြီ… အဟီး'

'ဟွန်း… အတော်ဆိုးတဲ့အကောင်'

တစ်ထောင်တန်တစ်ရွက်ကို တွေ့တယ်ဆိုရင်ပဲ အငိုရပ်ပြီး ချက်ချင်း ထရယ်တယ်လေ။ စိုးသူအောင်က ပေးပြီးပေစောင်းစောင်း ကြည့်နေတာနဲ့ သက်သက်ဇင်က လက်ကို အတင်းဆွဲလို့…

'ကဲပါ… ရှင်ဟာလေ… ကလေးနဲ့ရန်ပြိုင်ဖြစ်နေတယ်၊ လာ… သွားကြမယ်'

'မင်းတွေ့တဲ့အတိုင်း လူပါးကိုဝတာ'

'ကဲပါရှင်… လာပါ လူတွေ ဝိုင်းကြည့်ကုန်ပြီ၊ ရှက်စရာကြီး'

ကားဂိတ်နားရောက်မှ သတိရပြီး ဆွဲထားတဲ့ လက်ကို သက်သက်ဇင်က ရှက်ကိုးရှက်ကန်းနဲ့ လွှတ်လိုက်တယ်။ စိုးသူအောင် မသိဟန်ဆောင်လို့…

'မင်းခဏစောင့်ဦး၊ ငါ ဂျာနယ်သွားဝယ်လိုက်ဦးမယ်၊ မင်း တစ်ယောက်တည်း မသွားနဲ့နော်'

'အင်းပါ… သွား'

ကားဂိတ်ထဲ မသွားတော့ဘဲ ကွမ်းယာဆိုင်မှာ ဖြန့်ထားတဲ့ အားကစားဂျာနယ်တွေဆီသွားတဲ့ စိုးသူအောင်ကိုကြည့်ပြီး သက်ပြင်းချတယ်။ ပလက်ဖောင်းပေါ် ဆောင့်ကြောင့်လေးထိုင်လို့ သူ့ကို ဘာလို့များ စိတ်အကြာကြီး ဆိုးမရလဲ ထိုင်စဉ်းစားနေတယ်။ လူတစ်ယောက်ကို အတော်စွဲစွဲလမ်းလမ်း ချစ်မိမယ်လို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး။ ကိုယ်တကယ်ချစ်မိတဲ့လူကလည်း ကိုယ့်ကို ချစ်လား မချစ်လား ရိပ်ခြေ သံဖမ်းလေးတောင် မသိဘူး။ ဆောင့်ကြောင့်လေးထိုင် ဒူးပေါ် လက် ကလေးတင် လက်ပေါ်မေးလေးတင်ပြီး စိတ်ပျက်လက်ပျက်ပဲ ထိုင်ငိုင် နေတော့တာ။





'ဟာ…'

စိုးသူအောင် ဂျာနယ်ဖိုး ပိုက်ဆံပေးပြီး သက်သက်ဇင်ကို ကြည့်လိုက်တော့ ဆောင့်ကြောင့်လေးထိုင်နေတာတွေ့ပြီး မျက်လုံးပြူးသွားတယ်။ ထိုင်နေပုံက ရှေ့မှာ ခွက်တစ်လုံးသာချထားလို့ကတော့ တောင်းတဲ့လူနဲ့ နင်လား ငါလားပဲလေ။ အမြင်မတော်တာနဲ့ အမြန်ရောက်အောင်သွားပြီး ခေါင်းကို ဂွပ်ခနဲ ခေါက်လိုက်တော့ 'အားလား' အော်လို့ မော့ကြည့်တယ်။

'မင်း… အဲ့ဒါ ဘာထိုင်လုပ်နေတာလဲ'

'ရှင့်ကို စောင့်နေတာလေ၊ သူများကို ဘာလို့ခေါက်တာလဲ၊ နာပါတယ်ဆို'

ခေါင်းလေးပွတ်လို့ မတ်တတ်ရပ်ရင်း ရန်တွေ့တယ်။

'ဟာ… မင်းထိုင်နေတာ ဟိုကလေးနဲ့ ဘာမှမထူးဘူး၊ တောင်းနေတဲ့အတိုင်းပဲ၊ ရုပ်ခံကလည်း တော်တော်ပီတာ'

'ရှင်နော်…'

'ရှင်နော် လာမလုပ်နဲ့၊ နောက်တစ်ခါ ဒီလို မထိုင်နဲ့ ငါ မကြိုက်ဘူး'

နားထောင်မလား မှတ်တယ်၊ မျက်စောင်းကို ပယ်ပယ်နယ်နယ်ထိုးလို့…

'ရှင်နဲ့ ဘာဆိုင်လဲ၊ ကိုယ့်ဘာသာ ထိုင်တာတောင် အတင်းလိုက်ချုပ်ချယ်တယ်၊ တော်ပြီ ရှင်နဲ့ မပြန်ဘူး၊ ကိုယ့်ဘာသာ ပြန်မယ်'

'ဟေ့ နေဦးလေ… ဟေ့… ဒီကောင်မလေးတော့'

ကောက်သွားပြန်တာနဲ့နောက်ကနေ လိုက်ချော့ရပြန်တယ်။

❖ ❖ ❖

တဖြည်းဖြည်းကုန်လွန်သွားတဲ့ ရက်တွေနဲ့အတူ သူတို့ရဲ့ ခင်မင် ရင်းနှီးမှုလည်း ပိုလာကြတယ်။ မနက်ခင်းဆို အတူတူ ပြေးကြ၊ အားကစား လုပ်ကြ၊ စားသောက်ဆိုင် အတူထိုင်ကြပေါ့။ သက်သက်ဇင်က အမြဲများ [illegible] ယ်လေးနဲ့…

အားလုံးနဲ့ ရင်းနှီးသွားတော့ စိုးသူအောင်က သူ့နား သိပ်မထာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့သလို ဟိုကောင်မလေးသုံးယောက်ကလည်း သူ့တို့ကို ဘယ်အချိန်များ ရည်းစားစကားပြောမလဲ မျှော်လင့်နေကြတယ်။

စိုးသူအောင်ကိုယ်တိုင်ကလည်း ဒီကောင်မလေးတွေကို ဘယ်သူ့ချစ်လို့ချစ်မှန်း မသိဘူး။ စကားစလို့ ချစ်စကားပြောမယ်ကြံတာနဲ့ အရိပ်တစ်ခုက မျက်လုံးထဲ အမြဲတမ်းမြင်နေတယ်။ အဲဒါက သက်သက်ဇင်ရဲ့ အရိပ်လေးလေ။ ဒီတော့ ပြောမယ် ပြောမယ်နဲ့ အချိန်သာ ကြာလာတယ်၊ ဒီအတိုင်းက ဒီအတိုင်းပဲ လူလေးယောက် ဆုံပြီဆို စိုးသူအောင်လာတာ တွေ့တာနဲ့ သက်သက်ဇင် အတန်းတက်ရင်တက် မတက်ရင် အိမ်ပြန်တယ်။

သူ့ဒဏ်ရာကို သူ့ဘာသာ ကြိတ်ကုတယ်။ ချစ်ပေမယ့် ဟိုသုံးယောက်ဘက်ကို အလေးသာနေတော့ မျှော်လင့်ချက်ကမရှိပါ။ ဒီတော့ လူစုံပြီဆို မျက်နှာငယ်လေးနဲ့ ရှောင်ပြေးပြီ။ အစပိုင်း မသိသာပေမယ့် နောက်ပိုင်း စိုးသူအောင် ရိပ်မိလာတယ်။

❖ ❖ ❖

ပန်းချီကားနဲ့တာကနေ မြင်နေရတဲ့ လရဲ့ ဘဲဥပုံမျက်နှာကို ကြည့်ပြီး စိုးသူအောင် ငိုင်နေတယ်။ အိပ်မပျော်ပါ။ ရင်ထဲမှာ တင်းကျပ်တဲ့ နာကျင်မှုတစ်ခုကို ခံစားနေရတယ်။ ကဗျာဆရာတွေဟာ လကိုမြင်ရင် ဖွဲ့နွဲ့ချင်ကြတယ်။ သီချင်းရေးဆရာတွေက သီချင်းရေးပြီး စာရေးဆရာတွေကတော့ အတွေးကောင်းမှာ။

ဒီလိုမဲ့ အသည်းကွဲတဲ့လူတွေဟာ လမင်းကို တိုင်တည်မယ်။ ရည်းစားနဲ့ အဆင်ပြေသူတွေကတော့ အလကားနေ လမျက်နှာကြည့်လို့ ကြည်နူးနေကြမှာ။ နက္ခတ်ပညာရှင်တွေကတော့ လမျက်နှာရဲ့ ထူးခြားမှုတစ်ခုခုကို စောင့်ကြည့်နေကြသလို သူခိုးကြမ်းပိုးတွေကျတော့ အလကားကောင်ကြီး ငါတို့ လုပ်စားလို့မရအောင် တမင်ရှုပ်တာဆို၊ ဆဲကြမှာထားပါတော့ ရှည်ပါတယ်။

အခု စိုးသူအောင် လကို ငေးကြည့်ပေမယ့် မျက်လုံးထဲမှာ လကိုမမြင်ဘဲ ကောင်မလေးတစ်ယောက်ကို မြင်နေတယ်။ သက်သက်ဇင်ကို





ချစ်မိနေပြီဆိုတာ သေချာသလောက်ကို ဖြစ်နေပြီ။ တကယ်တော့ အစကတည်းက ဂယောင်လေ။ သီရိတို့ သုံးယောက်ထဲက တစ်ယောက်ကို ချစ်လိမ့်မယ်လို့ ထင်ထားတာ။ ဒါပေမဲ့ သက်သက်ဇင်ကို ချစ်မိသွားတယ်ဆိုတာ သိလိုက်ရတာ မကြာသေးပါ။ ကိုယ့်ကိုတွေ့တာနဲ့ ရှောင်ရှောင်ထွက်သွားတတ်တာ ဘာကြောင့်လဲ တွေးရင်း ကိုယ့်ဘယ်သူ့ကို ချစ်လဲဆိုတာ အသေအချာ သိသွားခဲ့တယ်။ လမင်းကိုငေးလို့ သက်ပြင်းကို မှုတ်ထုတ်လိုက်တယ်။ တကယ်တော့ မြတ်သူပြောတာ အမှန်ပဲ။ အချစ်ဆိုတာ အမှောင်ထဲ ခဲယမ်းပစ်လို့ရတာမှ မဟုတ်တာ။

ဘာပဲဖြစ်ဖြစ် မနက်ဖြန် အားလုံးကို တောင်းပန်ရမယ်လို့ ဆုံးဖြတ်လိုက်တယ်။ သီရိတို့ကို လှည့်စားသလို ဖြစ်ခဲ့လို့လေ။ တကယ်တော့ ကိုယ့်ကိုယ်ကိုယ် လှည့်စားနေခဲ့တာပဲလေ။ ကျန်ခဲ့တဲ့နှစ်ရက်လောက်က မျက်နှာငယ်လေးနဲ့ ရှောင်ထွက်သွားတဲ့ သက်သက်ဇင်ကို အမှတ်မဲ့ကြည့်လိုက်မိရာကနေ အတော်သနားသွားတယ်။ ဟိုဟာလေးကလည်း တစ်ချက်ခိုးကြည့်ရင်း ကုပ်ဖေးဖေးလေး ပြန်သွားတယ်။ အဲဒီကတည်းက ဒီကောင်မလေးဟာ အတွေးထဲက ပြန်ထွက်မသွားတာ ခုချိန်ထိပဲ။

မတွေ့ရတာ အဲ့ဒီနေ့ကတည်းက။ အိမ်သွားကြည့်တော့လည်း အရိပ်တောင် မတွေ့ရသလို မနက်ခင်းလည်း လိုက်မပြေးတော့ပါ။ ဒီကောင်မလေး အရိုးခံဆိုတာ သိရဲ့နဲ့ လှည့်စားသလို ဖြစ်သွားခဲ့တယ်လေ။ ကိုယ့်ကိုမချစ်လောက်ဘူးထင်ပြီး စခဲ့မိတာ။ အခု အတော်ခံစားနေရပြီထင်တယ်။ သဲသဲစုတို့ပြောကြတာကတော့ သက်သက်ဇင်က တအားရိုးတာတဲ့။ ဒီအရိုးခံလေးကိုပဲ ချစ်တော့မယ်လို့ တွေးလို့ ပြုံးလိုက်တယ်။

'ရှောင်စမ်း… မင်း ဘယ်လောက် ရှောင်နိုင်မလဲ တွေ့ကြပြီ *ပေါ့ကွာ၊ အတင်းရှာပြီး ရည်းစားစကားပြောရမယ်၊ ဟဲ… ဟဲ… မင်း* သည်တယ်ဆိုတာ ငါ ပျင်းသလောက်ပဲ ရှိပါတယ်ကွာ'

တစ်ယောက်တည်းပြောရင်း အိပ်ခန်းထဲ ပြန်ဝင်လာတယ်။ နာရီကြည့်တော့ ဆယ်နာရီ။ ဂစ်တာနဲ့အတူ ချိတ်ထားတဲ့ သက်သက်ဇင်ရဲ့ သျှာထိုးဦးထုပ်ကို တယုတယနဲ့ပိုက်လို့ အိပ်ရာပေါ် ပစ်လှဲလိုက်တယ်။ ယူထားတာကြာပြီဆိုပေမယ့် ဒီအတိုင်းအလှချိတ်ထားတော့ ဘာ[illegible] ဦးထုပ်ကို နမ်းလို့ သက်သက်ဇင်ရဲ့ ရနံ့ကို ရှူရှိုက်လိုက်[illegible]ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်လေးကို အိပ်ရာပေါ်တင်ပြီး ပြုံးကြည့်နေတယ်။ သက်သက်ဇင်ရဲ့ မျက်နှာလေးကို တွေ့လိုက်ရတော့ အိပ်မပျော်တော့ဘူး။ အိပ်မရမယ့်အတူတူ ဂစ်တာသွားတီးတာ ကောင်းမလား စဉ်းစားတယ်။ ဒါပေမဲ့ ဟိုတစ်ခါက စက်နဲ့ဖွင့်တာဆိုတော့ နားထောင်ကောင်းပေမယ့် ကိုယ်တိုင်ဆိုရင် ကောင်းပါ့မလား တွေးတယ်။ အို… ဘာဖြစ်လဲ… ရသလောက်တော့ ဖြစ်အောင်တီးမယ်တွေးရင်း ထိုင်ရာက ထလို့ ဦးထုပ်ကိုဆောင်း ဂစ်တာကို ယူပြီး အသာ အောက်ထပ်ကိုဆင်းလာခဲ့တယ်။ မအေရော ဖအေရော အိပ်နေလောက်ပြီ။ ဒါနဲ့ စက်ဘီးကိုထုတ်ပြီး အသာလစ်ထွက်လာခဲ့တော့တာ။

❖ ❖ ❖

သက်သက်ဇင် အိပ်မရပါ။ ဒီလို အိပ်မရတဲ့ ညပေါင်းတွေကြာပေါ့။ အချစ်ဆိုတာကို စသိလိုက်တဲ့အချိန်မှာပဲ အချစ်ရဲ့ ကျေးကျွန်လေးဖြစ်သွားခဲ့တယ်။ အစကတည်းက ကိုယ့်ကို မချစ်မှန်းသိပေမယ့် မျှော်လင့်မိခဲ့တာတော့ အမှန်ပဲ။

'ဟယ်… ဒီကောင်မက တစ်မျိုးပဲ ကိုယ့်ဘာသာကြေကွဲတာတောင် ကောင်းကောင်းမခံစားရဘူး'

သဲသဲစုခြေထောက်က ပေါင်ပေါ် လာခွလို့ စိတ်ညစ်သွားတယ်။ သဲသဲစုက အိပ်ရင်ခွတတ်တော့ အစွန်မှာထားလို့ သူ့ဘေးမှာ သက်သက်ဇင်အိပ်တယ်။ အရင်က ခွတာ ဘာမှမဖြစ်ပေမယ့် မကြည်သာတဲ့အချိန်ဆိုတော့ ပြန်တွန်းချတယ်။

မရဘူး။ အတင်းပဲ ပြန်ခွလို့ လက်ကပါ ခါးကို လာဖက်ထားတယ်။ ဒါနဲ့ပဲ မျက်စောင်းထိုးပြီး ကြိတ်ဆဲလိုက်တယ်။ ပြီးမှ စိုးသူအောင်အကြောင်း ပြန်တွေးတယ်။ တကယ်တော့ သင်းမကောင်းတာ၊ ကိုယ့်ဘာသာ နေတာကို အတင်းလာကပ်ပြီး စိတ်မယိုင်ယိုင်အောင် လုပ်တာလေ။ ဒီတစ်ခါလာစမ့် သင်းပါးကို အတိုးနဲ့ ရိုက်ရမယ်တွေးလို့ အံကြိတ်လိုက်တယ်။





ဟိုသီချင်းထဲကလိုပေါ့ လွမ်းစရာရှိရင် နာစရာနဲ့ ဖြေရမှာပဲ တွေးလို့ လက်သီးကိုဆုပ်ပြီး အမှတ်မဲ့ သဲသဲစုရဲ့ပေါင်ကို ထုလိုက်တယ်။

'အား… သေပါပြီတော့… ဟင်… မိသက်… နင်ဟယ် နာလိုက်တာ၊ ကျွတ်ကျွတ်'

သဲသဲစုက ငုတ်တုတ်လေးထထိုင်ရင်း ပေါင်ကို ပွတ်နေတယ်။ ကပျာကယာပဲ…

'ဟယ်… ဆောရီးပဲ သူငယ်ချင်းရယ်၊ ငါ တမင်လုပ်တာ မဟုတ်ပါဘူး၊ ယောင်သွားတာ'

ပြောတော့ မျက်စောင်းကြီးထိုးကာ…

'ဘာ… ယောင်တာ ဟုတ်လား၊ နင့်ကို ငါခွအိပ်လာတာ တစ်နှစ်ကျော်ပြီ၊ ခုမှ ယောင်ရလားဟဲ့'

'တကယ် အတွေးလွန်သွားတာပါဟယ်'

'ဟွန်း… တမင်လုပ်တာကိုများ'

နှစ်ယောက်သား ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ ရန်ဖြစ်နေကြတော့ သဇင်နဲ့ သီရိကပါ အိပ်ချင်မူးတူးနဲ့ ထထိုင်ရင်း…

'ဘာဖြစ်ကြတာလဲဟယ်၊ ညည်းတို့ကလည်း အိပ်ကောင်းမှ ဘာထဖြစ်ကြတာလဲ'

'အေးဟယ်… မိသက် နင် ငါ့ဘေးမှာ ဟိုဘက်လှိမ့်လိုက်၊ သက်ပြင်းချလိုက်၊ ဒီဘက်လှိမ့်လိုက်၊ အဲ… သက်ပြင်းချလိုက်နဲ့ ဘာဖြစ်နေတာလဲ၊ ကောင်းကောင်းမအိပ်ရဘူး၊ တကတည်း'

သဇင်က ပြောတော့ သဲသဲစုက မျက်စောင်းထိုးပြီး ပြန်လှဲချကာ…

'ကောင်မ အကျင့်ကို မကောင်းဘူး၊ သူအိပ်မရတိုင်း လိုက်နှိုးတယ်'

ပြောလို့ စောင်ကို ခေါင်းမြီးခြုံလိုက်တယ်။ သက်သက်ဇင်သာ အားနာနေတယ်။

'ဆောရီးပါဟယ်၊ ငါ အိပ်မရဘူးဖြစ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို သွား… ဧည့်ခန်းထဲက ခုံပုလေးအံဆွဲထဲမှာ ဘာမီတွန်ဘူးရှိတယ်၊ သွားယူသောက်၊ နင်အိပ်ချင်မှ ပြန်လာ၊ တကတဲ… သိပ်ရှုပ်တာပဲ'

ပြောပြီး နှစ်ယောက်သား ခေါင်းမြီးခြုံလို့ အိပ်သွားကြတယ်။ သက်သက်ဇင်တစ်ယောက်ပဲ ငုတ်တုတ်လေး။ ခဏကြာတော့ အသက်ရှူသံ ပြင်းပြင်းနဲ့အတူ ဟိုဟာတွေ ပြန်အိပ်သွားကြတယ်။

ဘယ်လိုမှကို အိပ်လို့ မဖြစ်တာနဲ့ သီရိပြောသလို ဘာမီတွန်ပဲ သောက်အိပ်တာ ကောင်းပါတယ်တွေးလို့ အသာပဲ အခန်းထဲက ထွက်လိုက်တယ်။ ပြတင်းပေါက်နား သွားထိုင်ရင်း ဘောင်ပေါ်လက်တင်လို့ ပြည့်ခါနီး လကို ငေးတယ်။ အံဆွဲထဲက ဆေးတစ်လုံးကို ယူသောက်ပြီး ပြန်ထိုင်ငေးနေပြန်တယ်။

ခြံဝက အုတ်ခုံလေးမှာ ဂစ်တာထိုင်တီးနေတဲ့ ဟိုင်ငနဲရဲ့ပုံကို ဖော်ကြည့်နေမိတယ်။

'ဟင်'

ဒီအချိန်မှာပဲ အုတ်ခုံပေါ်ကို စိုးသူအောင် တကယ်ရောက်လာတာနဲ့ မျက်လုံးပြူးသွားတယ်။ အိပ်ဆေးရဲ့တန်ခိုးပါ ပျောက်သွားတော့တာ။

'တကယ်… ငါ စိတ်ထင်တာ ဖြစ်မှာပါ'

ခေါင်းကို အတင်းယမ်းလို့ ပြန်ကြည့်ပေမယ့် ရှိနေတုန်းပဲ။ ရင်အခုန်သားနဲ့ ပျော်သွားတယ်။ ချက်ချင်းပဲ ပြေးသွားလိုက်ချင်ပေမယ့် မျက်နှာလေးငယ်ပြီး မှိုင်သွားတယ်။

'ဟွန်း… သင်းက ငါ့ဆီလာတာမှ မဟုတ်ဘဲ၊ ဆို… ဆို… အဲသမှာ လိပ်ခေါင်းထွက်အောင်အော်လည်း ရှင့်ကောင်မတွေက နိုးဘူးတော့ သိလား ကိုအာဒမ်ကြီးရဲ့'

ဟိုတစ်ခါဆိုတဲ့ သီချင်းထဲက အာဒမ်ကို ပြောတာလေ။ အဲဒီအာဒမ်က တစ်ယောက်ဆို တစ်ယောက် ဒီအာဒမ်ကတော့ အတော့်ကို မျက်နှာရှုံးတာလို့ တွေးနေတယ်။ ဆောင်းထားတဲ့ ဦးထုပ်ကို တွေ့ပြီး…

'မသာကြီး ငါ့ဦးထုပ်ကို ပြန်မပေးတော့ဘူး၊ ပြန်ကို တောင်းရမယ်၊ သင်းကို မုန်းတယ်'





ဆွေးဆွေးလေး ငေးနေတယ်။

ဟိုင်ငနဲကလည်း သီချင်းဆိုဖို့ကို စာအုပ်ကို လျှောက်လှန်ရင်း တီးမရတဲ့ သီချင်းကများတော့ ဘယ်သီချင်းဆိုရမယ်မသိဖြစ်နေတယ်။

သက်သက်ဇင်ကလည်း ခေါင်းလေးကိုပုလို့ နားထောင်ဖို့ စောင့်နေတယ်။ အတော်ကြာကြာ ကကျိုးကကြောင်သံတွေ ကြားရပြီးမှ လက်ကွက်ညီညီနဲ့ သံစဉ်နဲ့ အတူပဲ။

*'အချစ်ဆိုတာဟာ ××× ကောင်းကင်က ငှက်တစ်ကောင်လိုပဲ၊ ဘဝဆိုတာ ××× ဖြတ်သန်းမှ အဓိပ္ပာယ်တွေ ရှိမယ်၊ တစ်ချိန်လုံး ××× ဖြတ်သန်းလာခဲ့ရတဲ့ အမောတွေကို ××× ချွေးသိပ်ဖို့ ခိုနားရမယ်၊ အချစ်သစ်ပင်ကို ××× ဦးခိုက်ရင်း အရှိန်ဟုန်ပြင်း လေကိုထိုးခွင်လိုက်ရင်းနဲ့ ×××*

*အတော်ပဲ ခတ်သံ ××× အချက်တိုင်းမှာ ××× ချစ်တယ် ××× ချစ်တယ်ဆိုတဲ့ ရိုက်ချက်များ ××× ရွှေနားတော်အပါးဆီ ပွဲတင်မြည်ဟီးလို့ ××× ချစ်တယ် ××× အရမ်းပဲ ချစ်နေပြီ ××× ချစ်တယ် ××× အရမ်းပဲချစ်နေပြီ၊ ချစ်တယ် ××× အရမ်းပဲ ချစ်နေပြီ ×××'*

သီချင်းသံကို ကြားပြီး ဘယ်လိုမှ နေမရတော့ဘူး၊ ဟိုလျှောက်ဒီလျှောက်နဲ့ စကားသွားပြောရကောင်းမလား စဉ်းစားတယ်။ ဟိုကောင်မတွေများ နိုးကုန်ပြီလား သွားချောင်းတော့ လှုပ်တောင် မလှုပ်ကြ။ ဒါနဲ့ အပြင်က လော့ခ်ချလိုက်ပြီး…

'အိပ်ကြ… အိပ်ကြ… အဟိ… ငါကတော့ ဦးထုပ်သွားတောင်းလိုက်ဦးမယ်'

အားရပါးရပြုံးလို့ အိမ်တံခါးကို ဖွင့်မယ်ကြံတယ်။ ပြီးမှ ဖြစ်ပါ့မလား တွေးလို့ ကြောက်နေတယ်။ ဒီနောရုပ်က ပြောရတာ မဟုတ်တာကြာ ခြံထဲ ကျော်ဝင်လာမှာတွေးလို့ ချွေးပျံနေတယ်။ သီချင်းသံကတော့ တိုးတိုးကြားနေရတုန်းပဲ။

'အို… ကျော်ဝင်တော့လည်း ပါးချလွှတ်လိုက်မယ်'

ကိုယ့်ဘာသာ အားပေးရင်း အိမ်တံခါးကို ဖွင့်လို့ ခြံဝဆီထွက်သွားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အတောင်ပံခတ်သံ အချက်တိုင်းမှာ ××× ချစ်တယ် ××× ချစ်တယ်ဆိုတဲ့··· ဟင်··· လာပြီဟ'

စိုးသူအောင် သီချင်းတောင် ပြီးအောင် မဆိုနိုင်တော့ဘဲ ဝမ်းသာအားရ ခြံတံခါးပြေးကပ်တယ်။ သက်သက်ဇင်က မလှမ်းမကမ်းမှာ ရပ်နေတယ်။ ညဝတ်အဝတ်အစားနဲ့ အတူ အတော့်ကိုပဲ လှပါတယ်။ ဒါပေမဲ့ အသံက မာမာပဲ···

'ဒီမှာ··· ရှင် သိပ်ဆိုချင်နေရင် အခြားသွား၊ သူများအိပ်ချိန်နားငြီးတယ် ရှင့်'

'ဟာကွာ··· မင်း··· ပြောရက်လိုက်တာ၊ ငါ့မှာတော့ သတိတရနဲ့'

ရည်းစားစကားပြောဖို့ ကြံရွယ်ရှိသေးတာ···

'တိတ်··· ရှင်ထပ်မကလည်းနဲ့၊ ရှင်သတိရတာ သီရိတို့မို့လား။ ကျွန်မနဲ့ အနေသာကြီး ပြန်ပေး၊ ကျွန်မဦးထုပ်လာတောင်းတာ'

'ဒါပဲလား ဟင်··· အခြားရော'

မျက်နှာငယ်နဲ့ မေးတော့ ရုပ်တည်နဲ့···

'ရှင့်အသံက ဆိုးတာ အိပ်မရဘူး၊ အဲဒါ လာပြောရင်းနဲ့ ပြန်ယူဦးထုပ်'

စိုးသူအောင်က မျက်နှာကိုစိုက်ကြည့်တော့ မလုံမလဲနဲ့ တစ်ဖက်လှည့်သွားတယ်။

'မပေးဘူးကွာ၊ မင်းပေးပြီးသားပစ္စည်း ပြန်တောင်းတယ်ပေါ့၊ ဟင်း··· ဟင်း··· ဘယ်ရမလဲ'

'အို··· ရှင့်ကို အပိုင်ပေးတာမှ မဟုတ်တာ'

'မပေးဘူးကွာ၊ မင်းပစ္စည်းက ငါ့ပစ္စည်းပဲ'

'ဘာ··· ရှင်နော်··· မပေးရင်လည်း ပြန်တော့၊ အားအားယားယား နားငြီးတယ်'

စိုးသူအောင် မျက်နှာလေး ငယ်သွားတယ်။ ပြီးမှ ရုပ်ကို ပြန်တည်လိုက်ပြီး···

'မင်းက ငါရှိနေတာကို မလိုဘူးပေါ့'





'နီးပဲ··· ရှင်ရှိနေရင် မျက်စိ၊ နား ရှုပ်တယ်၊ ရှင့်ဘာသာ ဝဝစား ပြီး ဝေးဝေးနေပါ'

ရုပ်တည်နဲ့ပြောတော့ စိုးသူအောင် တင်းသွားတယ်။

'ဩော်··· ငါကတော့ မင်းကို သတိရလို့ လာတာ၊ မင်းက ဒီလိုလား··· ရတယ်ကွ၊ ပြန်မယ်'

'ရှင်ဘာမှ အပိုတွေ ပြောမနေနဲ့၊ မြန်မြန်ပြန် ရှင်မရှိလေ စိတ်ချမ်းသာလေပဲ'

စိုးသူအောင် အတော့်ကို ခံပြင်းသွားတယ်။ သက်သက်ဇင်က အိမ်ဘက်ကို မလုံမလဲ စောင့်ကြည့်တယ်။ သီရိတို့ ဆင်းလာရင် ခက်မယ်လေ။

'ရှင် သွားတော့လေ'

'အေး··· သွားမှာ မင်းကို ပြောပြရဦးမယ်၊ မနက်ဖြန်ကျရင် ငါချစ်တဲ့ ကောင်မလေးကို ဖွင့်ပြောတော့မယ်။ အဲဒါ မင်းကို ပြောပြတာ'

သက်သက်ဇင် မျက်နှာလေး ပျက်သွားတယ်။ ဒါပေမဲ့ ဒါကို ကြိတ်မြိုက်ပြီးသားဆိုတော့···

'ရှင့်ဘာသာပြောတာ ကျွန်မနဲ့ ဘာဆိုင်လဲ၊ စိတ်ကို မဝင်စားဘူး၊ ဒါပေမဲ့ ရှင့်လိုလူမျိုးကို ပြန်ချစ်ရဲတဲ့ မိန်းကလေးကိုတော့ သနားမိတယ်'

'ဘာကွ'

'ဟုတ်တယ်လေ၊ ရှင့်လို မြင်မြင်ရာ လိုက်ကြိုက်နေတဲ့လူကို ယုံမိရင် ဒုက္ခရောက်မှာ မို့လို့လေ'

'မင်း···'

မျက်လုံးပြူးနဲ့ကြည့်တော့ ဟိုဟာမလေးက မသိယောင်ဆောင်လို့ လက်ပိုက်ရပ်နေတယ်။ ရှူးရှူးရှားရှားနဲ့ စိတ်ဆိုးပြီး စက်ဘီးနင်းလို့ ပြန်သွားတော့မှ ခြံဝကို ပြေးကပ်ပြီး အတင်းလိုက်ကြည့်တယ်။ တဖြည်းဖြည်း ဝေးတော့မှ ခြံတိုင်ကိုကိုင်ပြီး မတ်တတ်လေး။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သီရိ၊ သဲသဲစုနဲ့ သဇင်တို့ သုံးယောက် ကန်စောင်းက ပြန်လာပြီး ထုံးစံအတိုင်း ဦးဇော်ဆိုင်မှာ မနက်စာ ဝင်စားနေကြတယ်။ သက်သက်ဇင်ကို မနက်မှ ဆိုဖာပေါ် အိပ်နေတာတွေ့လို့ အခန်းထဲ ပြောင်းသိပ်ခဲ့ရတယ်။ ပြီးတော့ ဒီမနက်မှ စိုးသူအောင်လည်း မတွေ့ပါ။ သဲသဲစုက ဇဝေဇဝါနဲ့…

'ဟဲ့သီရိ… ငါ ညက ဂစ်တာသံ ကြားမိလားလို့'

'အေး… ကြားမိသလိုပဲ ငါလည်း အိပ်ချင်နေတာနဲ့ မထမိဘူး၊ စိုးသူအောင်ကလွဲပြီး ဘယ်သူရှိမလဲ'

သဲသဲစုနဲ့ သီရိကို ကြည့်ပြီး သဇင်က…

'အေး… ငါလည်း အိပ်မက်မက်တာမှတ်လို့၊ မိသက် ညက တစ်ညလုံး အိပ်ထားပုံမရဘူး၊ ပြီးတော့ ဂစ်တာသံလည်း ကြားတယ်ဆိုတော့'

သဇင်က စကားကို ဆုံးအောင်မပြောဘဲ ဟိုနှစ်ယောက်ကို အဓိပ္ပာယ်ပါပါကြည့်တယ်။ ဒီအချိန်မှာပဲ ဦးဇော်က ရှုံ့မဲ့လို့ ဝင်ထိုင်ရင်း…

'ငစိုးသူတို့ မွေချက်ကတော့ ပြောမပြောချင်ပါဘူးကွာ၊ တကယ်ပါပဲ၊ ဩော်… ဒါနဲ့ သမီးတို့ထဲက ဟိုကောင်မလေးလည်း မတွေ့တာကြာပြီနော်'

'ဟုတ်တယ်၊ အခုတလော ပြေးဖို့ ခေါ်မရဘူး၊ ဒါနဲ့ စိုးသူအောင် ဘာဖြစ်လို့လဲ'

သီရိကမေးတော့…





'ပြောမပြောချင်ပါဘူး၊ ညအချိန်မတော်ကြီး ဂစ်တာပိုက်ပြီး ဦးဆီရောက်လာတယ်၊ ဂစ်တာနဲ့ စက်ဘီးကိုအပ်ပြီး ဟိုဘက် ဘီလီယက်ခုံမှာ တစ်ညလုံးပဲ၊ မင်းအိမ်မပြန်ဘူးလားမေးတော့ သူ့အဖေ မသိခင်ဂစ်တာသွားခိုးတီးတာ၊ ပြန်တော့ ခြံတံခါး သော့ခတ်ထားလို့တဲ့'

'သူ့အဖေက မကြိုက်ဘူးပေါ့'

'အင်… သူ့ကို ကြည့်ကို မရတာ၊ အဲဒါ ငါ့မှာ တစ်ညလုံး ကောင်းကောင်းမအိပ်ရဘူး၊ မနက်လေးနာရီလောက်ကျတော့ တစ်ခါလာပြန်နှိုးတယ်၊ ဦးဇော်ထတဲ့ လုပ်စရာရှိတာ အလုပ်သွားလုပ်တော့ဆိုပြီး ငါ့အခန်းထဲ ဝင်အိပ်ပါရစေလား၊ ကျောင်းသွားခါနီးမှ နှိုးပါတဲ့၊ ကဲ… ငါလည်း ဆိုင်ရှင်ပီပီ စားပွဲတွေခင်းပြီး ကောင်တာထိုင်အိပ်ရတာ'

'ဩော်… ဒါဆို သေချာပြီ'

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ အသံပြိုင်ထွက်သွားကြတယ်။ ဦးဇော်က ဆက်ပြောတယ်။

'စောစောကပဲ သူ့အဖေ ဒီဆိုင်ကို လာရှာသေးတယ်၊ စက်ဘီးနဲ့ ဂစ်တာကို ဝှက်ထားလို့ တော်သေးတာ၊ ဒါနဲ့ပဲ ကြိမ်းမောင်းပြီး ပြန်သွားတယ်၊ ဒီကောင်က သူ့အဖေကလွဲပြီး အကုန်နိုင်တာ'

'ဒါဆို သူ မနိုးသေးဘူးပေါ့၊ နေပါဦး ညက ဂစ်တာ ဘယ်မှာသွားတီးတာလဲ'

မေးတော့ တအံ့တသြနဲ့…

'ဟင်… ကူမတို့ဆီ သွားတာတဲ့၊ ဘာလဲ မသိလိုက်ဘူးလား။ ဒါဆို ဒီကောင် ဘယ်သွားလဲ'

'ဩော်… သူလာပါတယ်၊ သမီးတို့က အိပ်ပျော်ခါနီးဆိုတော့ ဇဝေဇဝါဖြစ်နေလို့ပါ၊ ဒါနဲ့ ဘယ်လောက်ကျလဲဟင်'

ကျသင့်ငွေကို ရှင်းလို့ တခြားစကားတွေ ပြောပြီး ဦးဇော် ကောင်တာကို ပြန်သွားတယ်။

'နင် ဘယ်လို သဘောရလဲ၊ ဒီအတိုင်းဆို သေချာပြီ'

သဲသဲစုက ပြောတော့ သဇင်က…

'သူတို့နှစ်ယောက်က မရှင်းမရှင်းနဲ့၊ စိုးသူအောင်က ငါတို့ကို ကြောင်ပြီး မိသက်နဲ့က ဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါမှမဟုတ် မိသက်ကပဲ တစ်ဖက်သက် လိုက်ကြိုက်တာလား။ ဒါဆို ဟိုတစ်ယောက်က ငါတို့အိပ်မှ သူ့ဆီဘာလို့လာလဲ'

သီရိက တွေးတွေးဆဆနဲ့ ပြောတော့ သုံးယောက်သား စဉ်းစားနေတယ်။ သဲသဲက…

'မဖြစ်ဘူး၊ ဒီနေ့ ဒီအကောင်နဲ့ ဒီကိစ္စကို သဲသဲကွဲကွဲရှင်းရမယ်၊ မိသက်ကို အောင်သွယ်ခိုင်းဖို့လား၊ ဒါမှမဟုတ် ဒီကောင် အပျော်ကြံတာလားဆိုတာ၊ ရှင်းမှရမယ်၊ မဟုတ်ရင်… မိသက် ဒုက္ခရောက်မယ်'

အတွေးတွေနဲ့အတူ စကားဝိုင်းက တိတ်သွားပြန်တယ်။

❖ ❖ ❖

'မင်းတကယ်ပြောနေတာလား'

'ငါက နောက်စရာလားကွ၊ ငါတကယ်ချစ်သွားတာက သက်သက်ဇင်ကိုပဲ'

'ဝမ်းသာလိုက်တာကွာ၊ အဟဲ… ဒါဆို ငါတို့ဟာလေးတွေနဲ့ လွတ်တာပေါ့'

မြတ်သူက အားရဝမ်းသာပြောတော့ သက်ထွန်းနဲ့ ရန်နိုင်ကလည်း ပျော်သွားကြတယ်။ စိုးသူအောင်က…

'ဟုတ်တယ်… တကယ်တော့ ငါ… အချစ်ကို လှည့်စားနေခဲ့တာ၊ ဒီနေ့ အားလုံးကို တောင်းပန်ပြီးတာနဲ့ ငါ သက်သက်ဇင်ကို ရည်းစားစကားပြောမယ်'

သက်ထွန်းက ဝမ်းသာပေမယ့် စိတ်ပျက်တဲ့ပုံနဲ့…

'အေးကွာ…၊ မင်းနဲ့ ဒီကောင်မလေး အဆင်ပြေသွားရင် ကောင်းမှာပဲ'

'ဟာ… ပြေကို ပြေရမှာ၊ ငါသူ့ကို ချစ်သလို သူလည်း ငါ့ကို ချစ်တာကွ'

အပိုင်ကြီး ပြောတော့ ရန်နိုင်က ပြုံးတယ်။

'အေးကွာ… မင်းတို့ကျ အဆင်ပြေပြီး ငါတို့က ဘယ်လိုလာဦးမလဲ မသိဘူး'





'မင်းတို့ သူတို့ကို တကယ်ချစ်ကြတာလား'

'ဟ… ချစ်လို့ ဒါလောက် ဖြစ်နေတာပေါ့ဟ၊ မိန်းမတွေ ဒီလောက်ပေါတာ အခြားပြောင်းကြိုက်ရင် ရတာကြာပြီ၊ ငါတို့ကိုယ်တိုင်က သူတို့ကို တကယ်မြတ်နိုးတာ၊ ဟော့ကောင်တွေ ဟုတ်တယ်နော်'

အဖော်လှည့်ဆွယ်တော့ ဟိုနှစ်ကောင်ကလည်း မျက်နှာသေလေးတွေနဲ့ ခေါင်းညိတ်တယ်။

'မင်းတို့အတွက်ပါ ငါ ပြန်လျှော်ပေးမယ်၊ သူတို့လည်း ရည်းစားထပ်မရသေးဘူးကွ၊ ဟော… ပြောရင်း ဟိုဘက်ဆိုင်ထဲ ဝင်သွားကြပြီကွ'

ဒါနဲ့ပဲ လေးယောက်သား ပြူးပြဲကြည့်လိုက်တော့ ဟိုကောင်မလေး လေးယောက်ကို တွေ့ရတယ်။

'ကဲ… ငါ သွားလိုက်ဦးမယ်၊ ဒီကိစ္စ အေးအေးဆေးဆေးပဲ ပြတ်သွားနိုင်ပါရဲ့'

'အောင်မြင်ပါစေကွာ'

ဆုတောင်းသံတွေကို နောက်မှာထားခဲ့ပြီး တစ်ဖက်ဆိုင်ဆီသွားလိုက်တယ်။ ဆိုင်ရှေ့ရောက်တော့ မျက်နှာကို တည်လိုက်တယ်။ တစ်သက်လုံးရှူးလာတဲ့မျက်နှာ ဒီတစ်ခါပဲ တည်သေးတာ၊ သီရိက ရုပ်တည်နဲ့…

'ဪ… ရှင်လာပြီကိုး၊ လာထိုင်ပါ'

ဒါနဲ့ ဝင်ထိုင်လိုက်တော့ သဲသဲနဲ့ သဇင်က ဝေ့ကြည့်တယ်။ သက်သက်ဇင်က ထိုင်ရာကနေထပြီး…

'ငါ… ညက အိပ်ပျက်ထားတာ ပြန်အိပ်လိုက်ဦးမယ်၊ နင်တို့ သင်တန်းသွားကြမှာမို့လား'

သီရိက တားမယ် ကြံပေမယ့် မတားတော့ဘူး။

သက်သက်ဇင်က စိုးသူအောင်ကို တစ်ချက်မသိမသာကြည့်ပြီး ဆိုင်ထဲက ထွက်သွားတယ်။ စိုးသူအောင်က မျက်နှာငယ်နဲ့…

'ငါ မင်းတို့ကို တောင်းပန်စရာရှိတယ်'

ပြောတော့ သဲသဲစုကလည်း…

'ရှင့်ကိုလည်း မေးစရာရှိသေးတယ်'

'ငါဟာ တကယ်တော့ မင်းတို့ကို လှည့်စားသလို ဖြစ်နေလို့ပါ'

ပြောတော့ သီရိက ရုပ်တည်နဲ့…



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ပဲလား၊ မိသက်ရော မပါဘူးလား'

စိုးသူအောင်က သက်ပြင်းကို ချလိုက်တယ်။

'အစကတော့ မင်းတို့ကို လိုက်တာပါပဲ၊ ဒါပေမဲ့ ငါ သက်သက်ဇင်ကို တကယ်ချစ်မိသွားတယ်၊ ဟုတ်တယ်…ငါ မင်းတို့ကိုချစ်တယ် ထင်ပြီး သူ့ကို အောင်သွယ်ခိုင်းဖို့ ချဉ်းကပ်ခဲ့တာ'

သီရိက မဲ့ပြုံးပြုံးလိုက်တယ်။

'ရှင် ကျွန်မတို့ကိုလိုက်လည်း မရဘူး၊ ကျွန်မတို့က ရည်းစားရှိပြီးသား'

'ငါသိပါတယ်၊ မင်းတို့ ရည်းစားတွေက ငါ့သူငယ်ချင်းတွေပဲလေ'

'ရှင်…'

ဒီတစ်ခါတော့ တကယ်အံ့သြသွားကြတယ်။

သဇင်က မျက်လုံးပြူးနဲ့…

'ဒါဆို ရှင် ဘာလို့ ကျွန်မတို့ကို ချဉ်းကပ်ခဲ့တာလဲ'

'အဓိက ပြဿနာက မြတ်သူတို့ပဲ၊ သူတို့က မင်းတို့ကို အရမ်းချစ်တော့ စာမေးပွဲ အကျဖြေတယ်၊ ငါလည်း ရောကျတာပဲ'

'နေပါဦး… သူတို့ကျတာထား၊ ရှင်က ဘာအကြောင်းကြောင့် အကျဖြေရတာလဲ'

သဲသဲစုကမေးပြီး တခြားနှစ်ယောက်ကလည်း အံ့သြနေကြတယ်။ ဒါနဲ့ ရှုမဲ့ရင်း…

'ငါက သူတို့နဲ့ ငယ်ပေါင်းဟ၊ တစ်ယောက်တည်း ခွဲမထွက်ချင်တော့ အကျဖြေလိုက်တာ၊ တကယ်လည်း ကျောင်းတက်ရော မင်းတို့က သူတို့ကို ဇလိုင်းကြီး ဖြတ်သွားတာနဲ့ ငါခံပြင်းပြီး မင်းတို့ကို ကလဲ့စားချေဖို့ အမင်လိုက်တာ'

'ဟွန်း… ရှင်က ဒီလိုလား'

'ဒါကြောင့် ရှင့်ပုံက အူကြောင်ကြောင်နိုင်ပါတယ်လို့ ထင်တာ လတ်စသတ်တော့ အကြံနဲ့ကိုး'

'ဒါပေမဲ့ အခု ငါ့မှာ ဒီစိတ်မရှိတော့ပါဘူး၊ ငါ တောင်းပန် ပါတယ်'





ပြောတော့ ကောင်မလေးတွေက ပြုံးနေကြတယ်။

'ကျွန်မတို့က ကိစ္စမရှိပါဘူး၊ ရှင်တကယ် တောင်းပန်ရမှာ သက်သက်ဇင်ကိုပဲ'

သီရိက ပြောတော့ သဲသဲကလည်း…

'ဟုတ်တယ်၊ ကျွန်မတို့ သုံးယောက်က သူ့ကို တမင်မသိယောင်ဆောင်နေကြတာ၊ ရှင်နဲ့တွေ့ပြီးနောက်ပိုင်း သူပြောင်းလဲသွားခဲ့တယ်၊ ရှင်က သူ့ကို မထီမဲ့မြင်လုပ်တာပဲ'

'သူက အရမ်းရိုးတာ၊ ရည်းစားဆိုတာ ဘာမှန်းတောင်သိတာ မဟုတ်ဘူး၊ ရှင်သူ့ကို တောင်းပန်သင့်တယ်၊ သူတကယ်ခံစားခဲ့ရတာ၊ ညညဆို ကောင်းကောင်းမအိပ်တာ ကြာပြီ'

သဇင့်ရဲ့ စကားအဆုံးမှာ စိုးသူအောင်က ခေါင်းငုံ့သွားတယ်။

'အေးပါကွာ… မင်းတို့ သဘောထားကြီးတာ ကျေးဇူးတင်ပါတယ်၊ ငါတစ်ခု ထပ်တောင်းဆိုချင်သေးတယ်၊ အဲဒါကတော့ ငါ့သူငယ်ချင်းတွေကို ပစ်မထားကြပါနဲ့လို့၊ သူတို့လောက် မင်းတို့အပေါ် ချစ်တာ မရှိပါဘူးကွာ'

'သိပါတယ်၊ တကယ်တော့ ကျွန်မတို့ မကောင်းတာပါ၊ သူတို့နဲ့ ပြန်လက်တွဲဖို့ တိုင်ပင်ထားပြီးသားပါ'

'ဟာ… ဝမ်းသာလိုက်တာကွာ၊ ကဲ… ဒါဆို ငါ ဟိုကောင်မလေးနောက် လိုက်သွားတော့မယ်'

ပြောပြောဆိုဆိုပဲ ဆိုင်ထဲက ပြေးထွက်မယ် ကြံတော့ သီရိက လှမ်းခေါ်တယ်။

'ဒီမှာ… ခဏနေဦး'

'ဟုတ်တယ်၊ ရှင်ဒီလို သွားလို့ ရရောလား'

သဇင်ကလည်း မျက်နှာမာနဲ့ပြောတော့…

'ငါ… ငါ… ဘာ… ဘာဖြစ်လို့လဲဟင်'

မျက်နှာငယ်နဲ့ ညောင်နာနာမေးတော့ သဲသဲစုက…

'ရှင်… ကျွန်မတို့ သူငယ်ချင်းကို အခဲပျော်တော့ မကြွေ အောင်၊ ဒုက္ခရောက်သွားမယ်မှတ်'

စကားဆုံးတော့မှ သက်ပြင်းကိုချပြီး အားရဝမ်းသာ…



www.burmeseclassic.com

www.burmeseclassic.com



'ဒီအတွက်တော့ မင်းတို့စိတ်ချ၊ ငါက မင်းတို့လို ချစ်ချင်တိုင်း ချစ်ပြီး ဖြတ်ချင်တိုင်းဖြတ်တာ မဟုတ်ဘူး၊ ကဲ… လစ်ပြီ'

ပြောပြီး ဆိုင်ထဲက ပြေးထွက်သွားတော့ ကောင်မလေးတွေ မဲ့ကျန်ခဲ့တယ်။ သဲသဲစုက…

'ဒီတစ်ခါတော့ သက်သက်ဇင် သူ့အမေစကားကို မေ့သွား လောက်ပြီထင်တယ်၊ အဟိ'

'အံမယ်လေး… ညည်းဟာမလား၊ သူ့အမေစကားကို အမှတ် တောင်ရရင်ကံကောင်း'

သုံးယောက်သား သဘောကျပြီး ပြုံးလိုက်ကြတယ်။

'တော်ပြီဟာ… ဒီကရှေ့ တခြားဟာပြိုင်၊ ရည်းစားနဲ့ ပတ် သက်ရင် မပြိုင်တော့ဘူး'

'အဲ့ဒါ ကောင်းတာပေါ့၊ ဟော့… ပြောရင်း လာကုန်ပြီ'

စကားအဆုံးမှာပဲ မြတ်သူတို့တတွေ ဆိုင်ထဲကို ဝင်လာပြီး သီရိ တို့ရှေ့မှာ ကုပ်ဖေးဖေး ဝင်ထိုင်လိုက်ကြတယ်။

❖ ❖ ❖

တကယ်တော့ ဒီမြေကြီးနဲ့ ဒီခြေထောက်ရှိလို့သာ ဒီလမ်းကို လျှောက်နေတာ၊ မလျှောက်ချင်ပါ။ ရင်ထဲမှာ ဟင်းလင်းပြင်လိုပဲ။ ဘာမှ ကို မရှိတော့ပါ။ အချစ်ဆိုတဲ့အရာဟာ ဘာမှအလုံးအထည်၊ ပုံသဏ္ဌာန် မရှိပါဘဲ လူတစ်ယောက်ရဲ့ စိတ်ဓာတ်ကို ရိုက်ချိုးတတ်တာလား။ စိတ် ခံစားမှုတစ်ခုနဲ့အတူ လူက လမ်းလျှောက်နေရပေမယ့် အသက်မပါတော့ ပါ။

သက်သက်ဇင်နဲ့တဲ့ နဲ့တဲ့နဲ့ ခြေလှမ်းကို လှမ်းနေတယ်။ အခု အချိန် နောက်က ပက်ကျိုလိုက်လာရင်တောင် ကျော်တက်သွားနိုင်တယ် နေးတာ ပြောပါတယ်။

'ဩော်… အခုလောက်ဆို သူချစ်တဲ့ ကောင်မလေးနဲ့ ပျော်နေ လောက်ပြီ၊ ဟိုကောင်မတွေကလည်း သူ့ကို ငြင်းမှာ မဟုတ်ပါဘူး တကယ်တော့ ငါမကောင်းတာ၊ ငါ့ဘာသာ အလွတ်နေလို့ရတာကို





သင်းကလည်း ငါ့ကို တမင် ကစားခဲ့တယ်၊ ဟင်း… တတ်လည်း တတ်နိုင်ပါပေ့ ရှင်ရယ်'

အတွေးနဲ့အတူ ခြေလှမ်းတွေ လေးလံနေတယ်။ ဒီလမ်းကို သူနဲ့ အတူ လျှောက်ဖူးခဲ့တာပဲ။ ဘေးဘီကို တစ်ချက်ဝေ့ကြည့်ရင်း သတိရစိတ် က ပိုလာတယ်။

'ဟင်… ရေဘူးထောင်ထားပြန်ပြီ'

လမ်းလည်ကောင် ထောင်ထားတဲ့ ရေဘူးကိုကြည့်ပြီး ကန်ထုတ်ဖို့ စိတ်ကူးလိုက်တယ်။ ဒါပေမဲ့ စိတ်ကိုထိန်းလို့ ဘေးကို ဝေ့ရှာတယ်။ ဟိုငနဲလေးများရှိနေမလားပေါ့။ ရှိနေရင် ငိုပြီး ပိုက်ဆံညှစ်နေဦးမယ်မို့လား၊ ကျိုးကန်းတောင်းမှောက်ဝေ့ရှာပေမယ့် မတွေ့တာနဲ့…

'အင်းဟာ'

'ဖုန်း'

ရေဘူးက အတော်ဝေးဝေးမှာ ဖုန်းခနဲကျပြီး ရပ်သွားတယ်။ ခါးထောက်ပြီး ကျေနပ်နေတုန်းရှိသေးတယ်။

'ဝါး… ဝါး… တားတားရေဘူးကို မမ ကန်ထုတ်ပစ်တယ်၊ ပြန်လျော်ပေး၊ လျော်ပေး၊ ကြီးတယ်ဆိုပြီး အနိုင်ကျင့်တယ်၊ ဝါး…'

'ဟင်… ဩော်… သင်းက ဒီလိုကိုး'

လမ်းရေမြောင်းထဲကနေ ကုတ်ကပ်တက်ပြီး သူတောင်းစား လေးက ခွက်ရှေ့ချပြီး ခြေဆောင့်အော်ငိုပါရောလား၊ ဒီခွင်ကို တမင် ရေမြောင်းထဲ ဆင်းပုန်းပြီး ဖန်တာလေ။ သက်သက်ဇင်က တင်းသွား တယ်။ ရေဘူးကို ဘောက်ဘောက်ဘောက်နဲ့ သွားကောက်ပြီး ကလေး ရှေ့ ပစ်ချတယ်။

'ရော့… အဲသမှာ'

'ဟီး… လျော်… လျော်'

'အံမာ… နင်က တမင်စားပေါက်ထွင်တာ၊ ဘာလျော်ရမှာလဲ နီးပဲ… တစ်ပြားမှ မပေးနိုင်ဘူး'

ခါးထောက်ပြီး မျက်နှာမာနဲ့ ရန်တွေ့တော့ ကလေးက ငြိမ်သွားတယ်။ ကြောက်သွားလို့လေ။

'ဟွန်း… ငါ့ကို ဘာမှတ်နေလဲ၊ သေသွားမယ်၊ ဒီမှာ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ယန်းတွေ ပွင့်နေတာ မဟုတ်ဘူးဟဲ့၊ ဟိုတစ်ခါလို ပေးမယ့် နင့်ယောက်ဖလည်း မပါဘူး၊ ကျပ်ကျပ်သတိထား'

ကလေးကို ဟောက်ပြီး ဆောင့်ဆောင့် ဆောင့်ဆောင့်နဲ့ ကားဂိတ်နားသွားတယ်။ ဟိုတစ်ခါ စိုးသူအောင်ကို ထိုင်စောင့်တဲ့နေရာမှာ ဆောင့်ကြောင့်လေး သွားမှိုင်နေပြန်တယ်။

'ဝါး… ဝါး… ဟိုမမ တားကို အနိုင်ကျင့်တယ်'

သူတောင်းစားလေးရဲ့ ငိုသံကို သဲ့သဲ့ကြားရပေမယ့် လှည့်မကြည့်ဘဲ တွေးရင်း ငေးနေတယ်။ သက်သက်ဇင်ကို ကြောက်ပြီး အငိုတိတ်သွားတဲ့ သူတောင်းစားလေးဟာ အနူးယားဖားလျား ပြေးလာတဲ့ လူတစ်ယောက်ကို တွေ့ပြီးထငိုပြန်တယ်။

'ဝါး… ဝါး… ဟိုမမ တားကို အနိုင်ကျင့်တယ်၊ ဝါး… ပိုက်ဆံလည်း ပေးမသွားဘူး'

ပြေးလိုက်လာတာ စိုးသူအောင်လေ။ ကလေးနဲ့ ရန်ဖြစ်နေတာကို အဝေးကတည်းက လှမ်းမြင်တယ်။ ဒါနဲ့ပဲ ငိုနေတဲ့ ကလေးရှေ့ သွားရပ်ပြီး မေးတယ်။

'မင်းကို ငါ တစ်ထောင်ပေးမယ်၊ ဟိုမမက ဘာပြောသွားလဲ'

ပိုက်ဆံကိုကြည့်ပြီး ချက်ချင်း အငိုရပ်သွားတယ်။ အဝေးဝေးမှာ ထိုင်နေတဲ့ သက်သက်ဇင်ကို လက်ညှိုးထိုးတယ်။

'အဲဒီမမက သူ့ရင်ထဲမှာ ပန်းတွေ ပွင့်နေတာ မဟုတ်ဘူးတဲ့ မျက်နှာကြီးကလည်း မာလို့'

'ရော့… မင်းယူလိုက်တော့၊ စိတ်ချ… အဲဒီမမကို ရင်ထဲ ပန်းတွေပွင့်အောင် ငါဖန်ဆင်းပေးလိုက်မယ်၊ မင်းလည်း မြောင်းထဲ ဆင်းမပုန်းနဲ့တော့'

ပြောပြီး သက်သက်ဇင်ဆီ သွားလိုက်တယ်။

'ဩော်… တကယ်တော့ အမေပြောတာ မှန်ပါလား၊ အချစ် ဆိုတာ မီးလိုပဲ၊ သုံးတတ်ရင် မိတ်ဆွေ၊ မသုံးတတ်ရင် ပူလောင်စေတဲ့ မီးပါလားနော်'





ဆောင့်ကြောင့်လေးထိုင် လက်ပေါ်မေးတင်လို့ ငိုင်နေတယ်။ ဘေးက လူတွေက တောင်းစားတယ်ထင်လည်း ထင်ပါစေတွေးနေတုန်း ခေါင်းခေါက်ခံလိုက်ရတယ်။

'မင်းကို ငါ ဒီလို ထိုင်တာ မကြိုက်ဘူးလို့ ဘယ်နှခါ ပြောရမလဲ၊ ကဲ…'

'ဥပ်… ဥပ်'

'သေပါပြီ… ဟင်… ရှင်… ရှင်'

ခေါင်းလေးပွတ်ပြီး စိုးသူအောင်ကို အံ့ဩတကြီး ကြည့်လို့ ထလာတယ်။ ဟိုက ရပ်တည်နဲ့…

'မင်းကွာ… တော်တော်ဆိုးတာပဲ၊ လာ… သွားကြမယ်'

လက်ကို အတင်းဆွဲတော့ သက်သက်ဇင်က ရုန်းပြီး…

'အို… ဘာလုပ်တာလဲ လွှတ်… ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ကိုယ့်ဘာသာ မနေဘူး'

ပြောတော့ မျက်နှာငယ်လေးနဲ့…

'လာပါကွာ၊ လိုက်ခဲ့ပါ၊ ငါ မင်းကို တောင်းပန်ပါတယ်၊ ငါ မင်းကို အရမ်းချစ်လို့ပါ'

'ဘာပြောတယ်… အင်းဟာ'

ရည်းစားစကားပြောတယ်ဆိုရင်ပဲ ပါးမရိုက်ဘဲ လက်သီးနဲ့ စိုးသူအောင်ဗိုက်ကို ထိုးလိုက်တော့တာ။

'ငါ… တကယ်ပြောတာပါကွာ၊ ကျွတ်… နာလိုက်တာ'

ဗိုက်ကို ရှုံ့မဲ့လို့ ပွတ်ရင်း ပြောတော့ ခါးထောက်ရင်း ဒေါသထွက်နေတယ်။

'ဩော်… ရှင်က ဟိုဟာတွေကို ပြောမရတာနဲ့ အညာလွှတ်တယ်ဆိုပြီး ကျွန်မဘက် လှည့်လာတယ်ပေါ့၊ ရှင် လူယုတ်မာ… ထွက်သွား'

နောက်တစ်ချက်ထပ်ထိုးတော့ လက်ကို ဖမ်းပြီး မြန်မြန်စွာ တော့ဘူး။

'လွှတ်… လွှတ် ရှင် လူယုတ်မာ'



www.burmeseclassic.com

www.burmeseclassic.com



'မလွှတ်ဘူး၊ ငါဘာမှ မယုတ်မာဘူး၊ ငါချစ်တာ မင်းကိုမို့လို့ မင်းကို ရည်းစားစကားပြောတာပေါ့'

'မယုံဘူး၊ ရှင်မကလည်နဲ့ ညာပြောတာ ရှင်ချစ်တဲ့ ကောင်မလေးကို ရည်းစားစကားပြောတော့မယ်ဆို အခုတော့ ကျွန်မကို လာပြောရလား'

'ဟာ... ငါ မင်းကို ချစ်တာ၊ မင်းကို မပြောလို့ ဘယ်သူကိုပြောမလဲ၊ ညကတည်းက မင်းကိုတွေ့ရင် ရည်းစားစကားပြောဖို့ပဲ၊ မင်းက ရန်လည်းလုပ်တယ်၊ အချိန်မတော်ကြီး ရည်းစားစကား ပြောတာ ဘာအကြံလဲဆိုပြီး ငါ့ကို ယုံမှာ မဟုတ်ဘူး၊ ဒီနေ့ အားလုံးရှေ့မှာ သံသယရှင်းအောင် ပြောမယ်စဉ်းစားထားတာ၊ မင်းက ထွက်ပြေးတာကိုး'

'ဟုတ်ပဲနဲ့'

မျက်လုံးလေး လှန်ကြည့်ပြီး လေသံပျော့လေးနဲ့ မေးတယ်။ လက်ကိုတော့ မရုန်းတော့ဘူး။

'ငါ ဝန်ခံပါတယ်ကွာ၊ အစတုန်းကတော့ သူတို့ကို ချစ်တယ်ထင်ပြီး မင်းကို အောင်သွယ်ခိုင်းဖို့ပါ၊ ဒါပေမဲ့ ငါက မင်းနဲ့ ပိုအနေနီးတော့ မင်းကို တကယ်ချစ်သွားမိတာ ယုံပါ'

'ဩော်... ရှင် အစတုန်းကတော့ ကျွန်မကို မချစ်ဘူးပေါ့၊ ဒါဆို ခု ဘာလို့ချစ်လဲ'

'မင်း... ငါပြောရင် ယုံမှာလား၊ တကယ်တော့ အချစ်ဆိုတာကို မင်းနဲ့မတွေ့ခင်အထိ ဘာမှန်းမသိခဲ့ဘူး၊ တကယ်ပဲ မင်းနဲ့မှ ချစ်တတ်ခဲ့တာပါ'

ရုပ်တည်နဲ့ လေးလေးနက်နက်ပြောမှပဲ ခေါင်းလေးငုံ့ရင်း...

'ရှင်တကယ်ပြောတာနော်'

'မင်းမယုံရင် မင်းသူငယ်ချင်းတွေဆီသွားကြမယ်၊ ငါ မင်းကို ချစ်တယ်ဆိုတာ သူတို့ကို ပြောခဲ့ပြီးပြီ'

'ဟင်... ဟုတ်လား၊ ဟယ်တော့်... ရှက်စရာကြီး၊ သွားပါပြီ'





ခေါင်းလေးကုတ်ရင်း မျက်ပြူးလေးနဲ့ ပြောတော့ စိုးသူအောင်က နားမလည်ဘဲ...

'ဟင်... ဘာဖြစ်လို့လဲကွ'

'ဘာဖြစ်ရမှာလဲ၊ သူတို့ကို ရည်းစားမထားနဲ့ပြောပြီး ကျွန်မက...'

ရှေ့ဆက်မပြောဘဲ ရပ်ထားပြီး ရှက်နေတယ်။

'ဘာလဲ... မင်းက သူတို့ အပြစ်တင်မယ်ထင်လို့လား၊ အဟဲ... ပြောရဦးမယ်၊ မင်း ငါ့ကိုချစ်တယ်ဆိုတာ သူတို့ရိပ်မိတာ ကြာပေါ့'

'ဟုတ်ပဲနဲ့၊ ရှင်က ဘယ်လိုသိလဲ'

မယုံသလိုနဲ့မေးတော့...

'ဟာ... သူတို့ပြောတာလေ'

'ဟယ်တော်... ရှက်လိုက်တာ'

မျက်နှာလေးရဲပြီး ခေါင်းလေးငုံ့သွားတယ်။ စိုးသူအောင်က တဟဲဟဲနဲ့ ရယ်ရင်း...

'ဟဲ... ဟဲ... ဟဲ... ရှက်မနေပါနဲ့ကွာ၊ မင်း အဝတ်အစားတွေ ပြောင်းဝတ် အလှတွေ စပြင်ကတည်းက မိန်းကလေးချင်း သိတာပေါ့၊ ပြောပါ... ငါ့ကို ချစ်တယ်မဟုတ်လား'

သက်သက်ဇင်က ရှက်ရမ်းရမ်းပြီး ကျန်လက်နဲ့ စိုးသူအောင် ဗိုက်ကို ဖျတ်ခနဲထိုးတယ်။

'သေပါပြီဗျ'

ဗိုက်ပွတ်ရင်းက မဲ့သွားတော့မှ...

'လူလည်ကြီး... ရှင်ကျွန်မကို မထိတထိစပြီး စိတ်ယိုင်အောင် လုပ်မှတော့ ကျွန်မက ချစ်တတ်သွားတာပေါ့၊ ဟုတ်တယ်၊ ရှင့်ကိုချစ်တယ်'

'အိး... မင်း အဖြေပေးတာကလည်း ကဗျာမဆန်လိုက်တာ အောင့်သွားတာပဲ'

'ဟွန်း... ယောကျ်ားတန်မဲ့ နွဲ့လိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ယောက်ျားလည်း အသားပါတာပဲ၊ ကဲ… မင်းငါ့ကို ချစ်တယ်ဆို သွားကြရအောင်… လာ'

'ဘာ… ရှင်နော်'

အမြေရတာနဲ့ လက်ကို အတင်းဆွဲခေါ်တော့ သက်သက်ဇင် မျက်လုံးပြူးသွားတယ်။

'ရှင်နော်… ကျွန်မကို အမြေအလွယ်ရတယ်ဆိုပြီး အညှာလွယ်မယ် မထင်နဲ့၊ မသွားဘူး'

မျက်နှာလေး စူပုပ်ပြီး ခါးခါးသီးသီးငြင်းတော့…

'ဟင်… မင်းက ဘယ်ခေါ်တယ် ထင်လို့လဲ'

'မသိဘူးလေ… ရှင့်ရုပ်က ယုံရတာ မဟုတ်ဘူး၊ မတော်တရော်တွေ ခေါ်သွားရင် ဘယ်လို လုပ်မလဲ၊ ချစ်တာက ချစ်တာ၊ ရှင့်ကို မယုံဘူးနော်၊ လာမခေါ်နဲ့'

'ဟာကွာ… မင်းတို့မျိုးက အကျကောက် အကြေစားတဲ့ ဘာမျိုးပါလိမ့်၊ မင်းပြောဖူးပါတယ်'

'ဘာ… ရှင်ဘာပြောတယ်'

'အံမာ… သူ့အလှည့်ကျတော့ ပြောမှာကြောက်သား၊ ဟဲ… ဟဲ… စိတ်ချ မင်းစိတ်ထဲမပါရင် ဘယ်မှမခေါ်ဘူး'

'ကောင်းတယ်… မခေါ်နဲ့'

ကျေနပ်ပြီး ပြုံးနေတယ်။

'အဟဲ… ဒါပေမဲ့ မင်းစိတ်ပါရင်တော့… လာ'

'ဘာ… မပါဘူး၊ မပါဘူး… ဘယ်တော့မှ မပါဘူး၊ မလိုက်ဘူး… လွှတ်'

ခြေကန်ပြီး ရုန်းတယ်ဆိုရင်ပဲ စိုးသူအောင်က ပြုံးတယ်။ ဒီကောင်မလေး တကယ်ပဲ အရိုးခံလေးပါလားလို့လည်း တွေးတယ်။

'မင်းကွာ… ငါခေါ်တာ ချစ်သူ့နယ်မြေလေ'

ပြောတော့ ငြိမ်ပြီး စဉ်းစားတယ်။

ဘာလဲပေါ့။





'ဒီစားသောက်ဆိုင် နာမည် တစ်ခါမှ မကြားဖူးပါလား၊ နီးရောနီးလား'

'ဟာကွာ…'

စိုးသူအောင် မျက်နှာကြီး မဲ့သွားတယ်။

'မင်းကွာ… သိပ်ဝေးတာပဲ၊ မင်း ကန်ဘောင်ပေါ်မှာ ထိုင်နေတဲ့ အတွဲတွေ မြင်လား'

'အင်း… မြင်သားပဲ၊ အဲဒါနဲ့ ဘာဆိုင်လဲ'

'ဟ… အဲဒါ ချစ်သူ့နယ်မြေပေါ့ကွ'

ပြောမှပဲ မျက်လုံးလေးထောင့်ကပ်စဉ်းစားရင်း မျက်နှာရဲသွားတယ်။

'ရှင်နော်၊ အဲကို ဘာသွားလုပ်ရမှာလဲ'

'အဟဲ… မင်းတွေ့နေတာပဲ'

ပြောတော့ ပိုရှက်သွားတယ်။

'ရှင်နော်…'

'ဘာလဲ… လာပါကွာ၊ အဲဒီကိုတော့ သွားပါကွာ'

ပြောခါမှပဲ ခေါင်းကို မဖော်တော့ဘူး။ ဒါနဲ့ မျက်နှာလေးငယ်ပြီး မေးတယ်။

'မသွားချင်ဘူးလား၊ ဒါဆိုလည်း…'

'မဟုတ်ပါဘူး… ခဏတော့ သွားမယ်၊ ဒါပဲနော်၊ စကားပဲ ပြောရမှာ'

မဝံ့မရဲလေးမော့ကြည့်လို့ ပြောတယ်ဆိုရင်ပဲ ပြုံးလိုက်ကာ…

'သြော်… အချစ်ရာ၊ စကားပဲ ပြောမှာပါ၊ စိတ်ချ… နောက်မှပဲ၊ ဟဲ… ဟဲ… ဟဲ…'

'ဟွန်း… ရုပ်ကြီးက'

စပ်ဖြဲဖြဲမျက်နှာကို ကြည့်ပြီး မျက်စောင်းထိုးတယ်။ ပြီးမှ စိုးသူအောင်ရဲ့ လက်ကိုဆွဲလို့ အနောက်ပြန်လျှောက်တယ်။ စောစောက [illegible] ဘူးနား တစ်ခါရောက်လာပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဇင်က ပျော်နေတယ်။ ဒီလိုပဲ စိုးသူအောင်လည်း ပျော်နေတာပေါ့။ ရေဘူးကို တွေ့တယ်ဆိုရင်ပဲ အပျော်လွန်ပြီး ကန်ထုတ်ပစ်တယ်။

'အင်းဟာ...'

'ဖုန်း'

သက်သက်ဇင်က ကန်ထုတ်ပြီးမှ သတိရသွားတယ်။

နှစ်ယောက်သား မျက်ပြူးလေးတွေနဲ့ လွင့်သွားတဲ့ရေဘူးကို ကြည့်နေတုန်း...

'ဝါး... ဝါး... ဟိုမမ... ဟင်... ပြေးပြီ'

ရေမြောင်းထဲက တက်လာတဲ့ ကလေးက ထွက်ပြေးသွားတဲ့အတွဲကိုကြည့်ပြီး ခဏတော့ ကြောင်သွားပေမယ့် ပြုံးပြီး တီးတိုးပြောတယ်။

'ဟိုမမ ရင်ထဲ ပန်းတွေ ပွင့်သွားပြီထင်တယ်၊ အဟီး...'

ပန်းပွင့်လား မပွင့်လား မသိဘူး၊ ကြည်နူးပြုံးလေးတွေနဲ့အတူ ချစ်သူ့နယ်မြေဆီကို ပြေးသွားကြလေရဲ့။

❖ ❖ ❖

ချစ်မျှားရှင်



www.burmeseclassic.com